
တက္ကသိုလ်
နေလင်းအောင်
လျံယုစိမ်း၏
ညီတိချီယီးချမ်း
အလွမ်းပစ္စုပ္ပန် အချစ်အနာဂတ်
စာစဉ် (၁)
2008
၆ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE


6
1
100
LIGHT-35

## တက္ကသိုလ်နေလင်းအောင်

# အလွမ်းပုံပြင်အချစ်အနာဂတ်

စာစဉ် (၁)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၂၆၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၅၀၅၀၈

၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။



LIGHT 39
39 လမ်း၊ 72×73 ကြား၊

## အခန်း (၁)

## သူရဲနှစ်ကောင်၏ ရန်စွယ်

'ခြွမ်း ...ခြွမ်း'

ဝုစ် ... ဝုစ်'

ဓားခုတ်ပြိုင်ပွဲတစ်ခု ...

တောင်ကမ်းပါးယံလမ်းပေါ်၌ ဓါးခုတ်ပြိုင်ပွဲကျင်းပနေကြသည်။ သူတို့၏ဓါးရေးမှာ နိမ့်ကျသည်တော့ မဟုတ်ပေ။ သံချပ်တိုင်ပြီး ဓါးရေးခင်းနေကြသဖြင့် သူတို့၏စိတ်များမပျံ့လွင့်ဘဲ ဓါးရေး၌သာ စိတ်ရောက်ပြီး ဖွဲနပဲနှင့် တိုက်ခိုက်နေကြလေ၏။

ထို့အပြင် ...

ရယ်လိုက်မောလိုက်ဖြင့် ... တိုက်ခိုက်နေကြသဖြင့် မောသည်ဟုပင် မထင်မိကြတော့ပေ။

'ဟောဒီမှာ ... ခြေထောက်ကို ထိုးလိုက်ပြီ'

'ဝှစ် . .'

'ဟောဒီမှာ ... လေထဲခုန်ရှောင်လိုက်ပြီ'

'ဝှမ်း'

'ဟား ... ဟား ... ဟား

အစ်ကို ချန်စွန်ထိုင်နှင့် ညီမ ချန်စွန်ပိတို့မှာ သံချပ်အတိုးအဖောက်နှင့် ဓားရေးလေ့ကျင့်နေကြသည်။

သူတို့ကား စူပြည်နယ်ရှိ အမတ်စောက်ဆုံး တောင်ကမ္ဘားလမ်းကလေးပေါ်၌ ဓားရေးခင်း လေ့ကျင့်နေကြခြင်း ဖြစ်သည်။

စူပြည်နယ်မှလမ်းတို့မှာ သွားရလာရ ခက်ခဲသည်။ မိုးပေါ်လှေခါးထောင်တက်ရသည့်ကဲ့သို့ ခက်ခဲသည်။

အလွန်မတ်စောက်လွန်းသည်။ နောက်လှန်တက်သလို တက်ကြရသည်။

ချန်ကို့ တောင်ရိုးမှ လမ်းတို့မှာပိုပြီး အန္တရာယ်များကြသည်။ တောင်နံရံကို ဖောက်ထွင်းပြီး ခင်းထားသော လမ်းကလေးများဖြစ်ကြသည်။ လမ်းကျဉ်းသည်။

ထိုမျှသာမက ...

အချို့နေရာမှာ ... သွားလမ်းလာ လမ်းမရှိ၊ ပေတစ်ထောင်ခန့်နက်သော တောင်နံရံကိုဖောက်ထွင်းပြီး မိုးပျံပေါင်းကူးတံတားခင်းထားသည်။



အချို့နေရာတို့မှာ ... လှေကားထစ်ကလေးတို့ကို ပေါက်လုပ်ထားရသည်။ ရှေးအခါ ဆော့နိုင်ငံနှင့် ဟန်နိုင်ငံတို့ ဗိုလ်လုကြစဉ်က ဟန်နိုင်ငံ၏ စစ်သူကြီး ဟန်ရှင်၏အစီအမံနှင့် ဤလမ်းကို ပြုပြင်ခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် ...

မောင်နှမနှစ်ယောက် လမ်းပေါ်မှ ဓားရေးလေ့ကျင့်နေကြသည်သာမက အတိုင်အဖောက် သံချပ်ကိုလည်း တိုင်လိုက်သေးသည်။

သူတို့၏သိုင်းကွက်က ... လျင်မြန်သွက်လက်လှပါ၏။ သူတို့လေ့ကျင့်နေရာမှာ လွန်စွာ အန္တရာယ်ကြီးလှသည်။

ခြေတစ်ချက် ချော်လိုက်ပါက တောင်စောက်အောက်သို့ ကျသွားနိုင်သည်။

ကျသွားသည်နှင့် အသက်ရှင်ရန် လမ်းမမြင်နိုင်ပေ။

ဤကဲ့သို့ ဓားရေးလေ့ကျင့်ခြင်းကို သိုင်းအကျော်အမော်တို့သာ လုပ်ဆောင်နိုင်သည်။

၎င်းတို့မောင်နှမအပြင် မိန်းမပျိုတစ်ယောက်လည်း ရှိသေးသည်။ ကျောက်တုံးကလေးပေါ်တွင် ထိုင်ပြီး ဂီတပေါင်းချုပ်ကျမ်းမှ တေးကဗျာတို့ကို သီဆိုနေလေ၏။

မိန်းမပျိုမှာ ... ဆယ့်လေးငါးနှစ်ခန့် အရွယ်ဖြစ်သည်။ ချောသည်၊ လှသည်၊ ကျော့ရှင်းသည်၊ ဖျတ်လတ်သည်။

မိန်းမပျိုစိတ်ထဲ၌ တွေးနေမိသည်။ တောင်ကမ်းပါးယံလမ်းပေါ်မှ မောင်နှမနှစ်ဦး၏ စားရေးလှေကျင့်ရာတွင် အစ်ကိုဖြစ်သူက ဗို၍ သွက်လက်မြန်ဆန်ပြီး ... ညီမဖြစ်သူက နှေးနေသည်ဟု သူမ တွေးနေသည်။

'သတိထားနော် ညီမလေး ... အဲဒါက သက်တန့်ဖြူနေဝိုက်စားချက်ပဲ၊ ဖြေချက် မကောင်းရင် မသေတာတောင် ဒဏ်ရာအကြီးအကျယ်ရနိုင်တယ်'

အစ်ကို ချန်စွန်ထိုင် (ခေါ်) စွန်ထိုင်ကပြောရင်း စားချက်ကို သွင်းလိုက်သည်။ ညီမက 'မိုးမခပန်း လေဆော့ရမ်း' စားကွက်နှင့် ဖြေပြီး၊ ဆံချည်တစ်မျှင်မျှ လွတ်ရုံကလေး ရှောင်တိမ်းလိုက်သည်။

ထို့နောက် ညီမ ချန်စွန်ပိက ...

'ဟေ့ ဝမ်းအေ ... မမကို လာမကူရင်တော့ ... ဒီကနေ့ အစ်ကိုထိုင်ကို ဒူးထောက်ပြီး အရှုံးပေးပေးရတော့မယ် .... အရှုံးမပေးချင်ဘူး၊ လာကူစမ်းပါ'

ထိုအခါ ...

ကဗျာကျူးရင့်နေသော မိန်းမပျိုက လှမ်းကြည့်လိုက်သည်။ သို့သော် ... သူမက မလှုပ်ချေ၊ ထမကူသော်လည်း မျက်နှာကမူ ပြုံးစေ့စေ့ဖြစ်နေ၏။

'ဟင် .. မမက တကယ်လည်တာပဲ၊ မမရဲ့အလိုမှ်မခံတော့ဘူး၊ မမအလိုမှ်ခံရင် ညီမပဲ နာမှာ'



တေးကဗျာသီဆိုနေသော ... ကောင်မလေး၏နာမည်မှာ ဝမ်းအေ ဖြစ်လေသည်။

ယခင်ကဆိုလျှင် ... ဤနည်းနှင့် လိုမ်လိုက်ပါက ဝမ်းအေ လာကူတတ်သည်။ ကူညီပြီး တိုက်ခိုက်ပေးသည်။

မိန်းမပျို၏ မျိုးနွယ်မှာ ... ရှန်ကွမ်ဖြစ်၍ အမည်မှာ ဝမ်းအေ ဖြစ်၏။

'ညီမက သီချင်းဆိုနေရတော့ ...မမကို လာပြီးမကူညီနိုင်တာ ခွင့်လွှတ်ပါနော်'

အမှန်မှာ ချန်စွန်ပိ (ခေါ်) စွန်ပိ၏ အတွင်းစိတ်ဓာတ်ကို မိန်းမပျိုသိနေသည်။ ရှုံးသယောင်ဆောင်နေခြင်းကို မိန်းမပျိုသိ၏။ သူမကို စားရေးလေ့ကျင့်ခြင်း၌ ပါဝင်စေရန် အကွက်ဆင်ခြင်းကို ဝမ်းအေ သိလိုက်သည်။ သူမ၏ မိုးမခပန်း လေဆော့ရမ်း စားချက်ကလေးမှာ အစ်ကိုထက် မညံ့ကြောင်း သိမြင်လိုက်ရသည်။

မောင်နှမနှစ်ယောက် လေ့ကျင့်ခြင်းကို ရပ်လိုက်သည်။

တောင်ကမ်းပါး မိုးပျံပေါင်းကူးတံတားပေါ်မှ ခုန်ဆင်းလာကြသည်။ မိုးပျံပေါင်းကူးတံတားသည် မြင့်မားလှ၏။

'ညီမလေးက တစ်နေကုန် တစ်နေခမ်း တေးကဗျာရေးဖို့ကိုသာ စိတ်စွဲနေတယ်၊ နောက်သုံးလေးနှစ်လောက် ကြာရင်တော့ 'ဝမ်းရန်လူ'လို ကဗျာကျော်သူကလေးတစ်ဦး ဖြစ်မှာသေချာတယ်၊ ဘယ်နှဲ့ဗျာ ... တစ်နေကုန် တစ်နေခမ်း ကဗျာရွတ်ရတယ်လို့'

ဝမ်းအေက ပြုံးလိုက်သည်။ သူမ၏အပြုံးက အဓိပ္ပါယ်ပါသည်။ အမြင်ချင်းကွာခြားကြောင်းကို ပြသလိုက်ခြင်း ဖြစ်သည်။

စွန်ပိက ပခုံးကလေးကို တွန့်လိုက်၏။ ထို့နောက် ပြုံးပြသည်။

'လက်ရှိဘုရင်မကြီးဟာ အမျိုးသမီးအမှုတော်ထမ်းတွေ ခန့်အပ်ဖို့ စိစစ်ခန့် ထားရေးဌာန ဖွင့်မလို့တဲ့၊ ရှေးအစဉ်အလာမရှိခဲ့တဲ့ ပထမဆုံး နန်းရင်းဝန်ရာထူးကို ညီမဆွတ်ခူးဖို့ သေချာပါတယ်'

ဝမ်းအေက ထပ်မံပြီး ... တစ်ချက် ပြုံးလိုက်ပြန်သည်။ ဟန်အမူအရာလေးမှာ ပိုပြီးချစ်စရာကောင်း၏။ လူကလည်း ချစ်စရာကောင်းပါသည်။

စွန်ထိုင်က ပြုံးနေလိုက်သည်။

'ညီမလေး စွန်ပိ ဘာတွေလျှောက်ပြောနေတာလဲ၊ တော်ကြာ ဝမ်းအေ ... စိတ်ဆိုးနေဦးမယ်'

စွန်ပိက ဆက်ပြောလေ၏။

'အကယ်၍ အမျိုးသမီးရာထူး စိစစ်ရေးဌာန ဖွင့်မယ်ဆိုရင် ဝမ်းအေဟာ စိစစ်ရေးမှူး ဖြစ်ထိုက်တယ်'

'နောက်မနေကြပါနဲ့ကွယ်၊ ညီမဟာ လောကမှာရှိတဲ့လူသားအားလုံးရဲ့ ပညာအရည်အချင်းကို စိစစ်ပေးရမဲ့ လူဖြစ်နေရင်လည်း ဝူကျောထန် ဘုရင်မကြီးရဲ့ ရာထူးစိစစ်ရေးဌာနမှူးရာထူးကိုတော့ လက်မခံနိုင်သေးဘူး သိလား . . '

ဝမ်းအေက နှုတ်ခမ်းစူ၍ ပြောလိုက်၏။



ချန်စွန်ထိုင်က ဝင်၍ ....

'ဟုတ်တယ်၊ ဟုတ်တယ် .... ညီမလေး ဝမ်းအေ ပြောတာမှန်တယ်၊ ဝူကျောထန်ဟာ တကယ့်ဘုန်းနဲ့ ကံနဲ့ဖြစ်လာတဲ့ဘုရင်မ မဟုတ်ဘဲ၊ မတရားလုယူထားတဲ့ လူဆိုးမကြီးပဲ၊ အေးပါကွယ် ... သူ့ အကြောင်းကို မပြောပါနဲ့တော့၊ ဝမ်းအေရေ ညီမလေး စောစောက စီကုံးထားတဲ့ ကဗျာလေးကို ရွတ်မပြနိုင်ဘူးလား ... '

ဝမ်းအေသည် လက်ထဲမှ ဂီတပေါင်းချုပ် စာအုပ်ကို ချလိုက်သည်။ မည်သူမဆို ကိုယ်စိတ်ဝင်စားသော အရာကို မေးမြန်းလျှင် သဘောကျ ကျေနပ်ကြသည် မဟုတ်ပါလား'

ဦးခေါင်းကလေးကို ... ကောင်းကင်သို့ မော့ထားလိုက်သည်။ ထို့နောက် ဖြည်းဖြည်းနှင့် မှန်မှန် တစ်လုံးချင်း ရွတ်ဆိုပြလိုက်သည်။ သူမ၏အသံမှာ သာယာသည်၊ စီးစီးပိုင်ပိုင် ရှိသည်။

သူမ၏ တေးကဗျာစာသားက ... ဝေးကမ္ဘာရောက်နေသူကို တမ်းတနေဟန် ရှိသည်။ စွန်ထိုင်မှာ အံ့အားသင့်သွားတော့သည်။ သူစိတ်ထဲက အတွေးနယ်ချဲ့လိုက်မိလေ၏။

'ကောင်မလေး ... ငါတို့ဆီရောက်လာတုန်းက ခုနစ်နှစ်သမီးအရွယ်ပဲ ရှိသေးတယ်၊ ဒီလိုကဗျာမျိုးကို ဘယ်နားလည်ဦးမှာလဲ၊ အခုမှ ဆယ်လေးနှစ်အရွယ်ပဲ ထားပါဦးတော့၊ ချစ်ရေးကြိုက်ရေး ဆိုတာလည်း မရှိနိုင်ဘူး၊ သူစီကုံးထားတာတော့ မဖြစ်နိုင်ဘူး၊ ရှေးကဗျာပဲ ဖြစ်လိမ့်မယ်'

စွန်ထိုင်က ဝမ်းအေ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ပြီး ... အထူးအဆန်းဖြစ်နေသည်။

စွန်ပိကမူ ... ဝမ်းအေ သီကုံးထားသော တေးကဗျာကို ချီးမွမ်းနေသည်။

ဝမ်းအေမှာ သူမ ရေးသားထားသော ကဗျာအကြောင်းကို ရှင်းပြနေသည်။

'ညီမက ... ရှန်ဘုရင်နှင့် မိဖုရားတို့ရဲ့ သမိုင်းကြောင်းကို ခံပြီး ရှေးဘုရင်မင်းမြတ်ကို တမ်းတတဲ့သဘောကို ရေးတာပါမမရဲ့..'

'ဒီမယ် ဝမ်းအေရေ ... မမကတော့ ကဗျာလင်္ကာအကြောင်းကို သိပ်မနားလည်ဘူး၊ ကဗျာရဲ့အဓိပ္ပါယ်မှာ ခက်ခဲနက်နဲလှတယ်၊ ဖေဖေ သင်ကြားပို့ချပေးတဲ့ ဓားရေးထက် ပိုခက်တယ်၊ မမကတော့ ဉာဏ်မမီလို့ ကဗျာအကြောင်း ဆွေးနွေးလို့မဖြစ်ဘူး ကိုင်း .. လာ ..လာ၊ ညီမနဲ့မမ ဓားရေး မလေ့ကျင့်ရသေးဘူး၊ လေ့ကျင့်ကြပါစို့၊ မမတို့က ဓားသမားဆိုတော့ ဓါးရေးလေ့ကျင့်တာ အကောင်းဆုံးပဲ ညီမရဲ့ .... '

စွန်ထိုင်မှာ ... ဝမ်းအေ၏ တေးကဗျာအတွက် အထူးအဆန်း ဖြစ်နေသည်။

ထို့အတူ ...

ဝမ်းအေ့ကလည်း ... သူမကို အတင်းအဓမ္မ ဓားရေး လေ့ကျင့်ခိုင်းနေသည့်အတွက် အံ့ဩနေသည်။



သူမ စိတ်ထဲတွင် ...

'ငါက စာပေသမား၊ ဘာဖြစ်လို့ သူတို့က ဓားရေးလေ့ကျင့်ဖို့ကို အတင်းအဓမ္မ တိုက်တွန်းနေရတာလည်း မသိဘူး'

သူမ၏ စိတ်ထဲတွင် သင်္ကာမကင်း ဖြစ်လာသည်။

ထိုအခါ ...

လွန်ခဲ့သည့် ခုနစ်နှစ်လောက်က မကျေမလည်ဖြစ်ခဲ့ရသော အကြောင်းကို ပို၍တွေးတောလာမိတော့သည်။

❖❖❖❖❖

ဝမ်းအေး၏ အဘိုးနှင့်အဖေတို့မှာ ထန်မင်းဆက် နန်းတွင်းမှ မော်ကွန်းထိန်း အမတ်ကြီးများ ဖြစ်ကြသည်။ သူမ ခုနစ်နှစ်သမီး အရွယ်ရောက်သောနှစ်က ... တစ်နေ့သောအခါတွင် အိမ်စေကြီး ဝမ်းအန်နှင့် သူမ၏နို့ထိန်းသည်တို့သည် သူမကိုခေါ်ဆောင်၍ နေပြည်တော်မှ ထွက်ခွာခဲ့ကြပြီး ဘဘကြီးချန်စွန်တို့အိမ်သို့ ပို့ဆောင်ခဲ့ကြသည်။

ဘဘကြီးချန်စွန်တို့အိမ် ရောက်တော့မှ မိမိ၏မိဘများနှင့် အစ်ဘိုးဖြစ်သူတို့မှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သိခဲ့ရသည်။ မိမိကိုလည်း ဘကြီးချန်စွန်၏ အဆုံးအမများကိုနာခံ၍ သူတို့အိမ်တွင် ခေတ္တရှောင်တိမ်းနေထိုင်ရန် ပြောကြားခဲ့သည်။

ထိုအခါ ...

ဝမ်းအေးမှာ အလွန်အမင်း အံ့သြထိတ်လန့်သွားပြီး ဝမ်းနည်းကြေကွဲခဲ့ရသည်။



သူမ၏အဘိုး ရှန့်ကွမ်အိမှာ အိမ်ရှေ့မင်းသားကလေး၏ ဆရာ ဖြစ်သည်။

သူမ၏ဖခင် ရှန့်ကွမ်တင်ကျန့်မှာ ... စာပေကျမ်းဂန် ရာထူးဖြင့် နန်းတော်တွင်း၌ အနေများသည်။

၎င်းတို့ဘယ်နည်း ဘယ်ပုံ သေဆုံးရသည့်အကြောင်းကို ဝမ်းအေး မသိရသော်လည်း သူမအိမ်မှ ထွက်ခွာလာသည့် နံနက်တွင် သူမ၏မိခင်မှာ ကျန်းကျန်း မာမာ ရှိသည်။ နန်းတော်တွင်းသို့ဝင်ပြီး သူမ၏ဖခင်ထံ သွားခဲ့သည်ကို သေသေချာချာ မှတ်မိသည်။

သူမ၏ ဖခင် အိမ်အပြန်ကို မစောင့်ဘဲ ဘာကြောင့် သူမကို ခေါ်လာရသနည်း ... သူမ၏မိဘများမှာ မည်သည့်အကြောင်းများ ကြောင့် ချက်ချင်းသေဆုံးရသည်ကို ဝမ်းအေး မကျေမနပ်ဖြစ်နေ သည်။ သူမ ဘာကိုမျှ မသိရဘဲ ဖြစ်နေသည်။

အစေခံကြီး ဝမ်းအန်မှာ ... ဝမ်းအေးတို့အိမ်တွင် နှစ်ပေါင်း သုံးလေးဆယ် အိမ်စေအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ ရိုးသားသည်။

သူမ မှတ်မိသေးသည်မှာ သူတို့နေပြည်တော်မှ ထွက်ခွာ လာစဉ် ဝမ်းအန်နှင့် နို့ထိန်းသည်မှာ အထိတ်တလန့်ဖြစ်နေသည်၊ ပစ္စည်းများကိုပင် ... မသိမ်းဆည်းနိုင်ဘဲ ထွက်ပြေးလာခဲ့ရသည်။

ဘဘကြီး ချန်စွန်သည် ... သူမ၏ဖခင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေ ဖြစ်သည်။

သို့သော် ...

ဘဘကြီး ချန်စွန်သည် … သူ့အိမ်သို့ သူမ ရောက်ရှိနေထိုင်စဉ် ခုနစ်နှစ်အတွင်း သူမ မိဘများ၏ မြေပုံကိုဖြစ်စေ … သွားရောက်ကန်တော့ရန် … ခေါ်မသွားခဲ့ကြပါ၊

သူမ သိတတ်သောအရွယ်သို့ ရောက်သောအခါ၌လည်း … ဝမ်းအန်နှင့် နို့ထိန်းသည်တို့မှာ သေဆုံးနေပြန်သောကြောင့် ဝမ်းအေ မကျေမနပ် ဖြစ်နေသည့် အကြောင်းကိစ္စများကို မျိုသိပ်ခဲ့ရသည်။

ထို့အပြင် …

ဝမ်းအေ … နောက်ထပ် သိလိုသော အကြောင်းအချက်တစ်ခု ကျန်နေသေးသည်။

၎င်းမှာ …

ဘဘကြီး ချန်စွန်၏ အမည်ရင်းမှာ ကျွမ်လျန်ဖြစ်သည်။ စာပေကျမ်းဂန်နှင့် ကိုယ်ကာယလေ့ကျင့်မှု ပညာနှစ်ရပ်စလုံးကို ကောင်းစွာတတ်ကျွမ်းသည်။

ထန်မင်းဆက် ဘကြီးတော်ဘုရား လီရှိမင်း လက်ထက်ကနန်းတော်ရှေ့တံခါးမှူးအဖြစ် အမှုထမ်းရွက်ခဲ့ဖူး၏။

နောက်ပိုင်းတွင် …

တန်ကောင်ကျုံမင်း နန်းတက်ပြီး … ဝူကျောထန် မိဖုရားတို့ ကြီးစိုးလာသောအခါမှ ရာထူးမှနုတ်ထွက်ခဲ့ပြီး ချန်ကိုဒေသတွင် အနားယူနေခဲ့သူ ဖြစ်လေ၏။

အနားယူပြီးနောက် ထန်မင်းဆက်ကို သစ္စာရှိခဲ့သူ ဖြစ်သည်။



ဝမ်းအေ အသက်ခုနစ်နှစ်အရွယ် ရောက်လာသည့်အချိန်၌ ချန်စွန်၏အိမ်သို့ ရောက်ရှိခဲ့ရသည်။ ယခု အသက်တစ်ဆယ့်လေးနှစ်အရွယ်ရောက်လာသည့် ခုနစ်နှစ်အတောအတွင်း သူမကို သားသမီးအရင်းကဲ့သို့ ချစ်ခင်သည်၊ ကြင်နာသည်။

နေ့အခါတွင် သိုင်းပညာကို လေ့ကျင့်စေပြီး၊ ညအခါတွင် နီတိစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချ ပေးသည်။

အထူးသဖြင့် …

သူပိုင်၍ ကျွမ်းကျင်သောသိုင်းပညာကို သင်ကြားပို့ချပေးသောအခါ သူ၏ သားရင်းသမီးရင်းထက်ပင် ပို၍ ဂရုတစိုက် သင်ကြားပို့ချပေးသည်။

သို့သော် …

ဝမ်းအေမှာ စာပေကိုသာ ဝါသနာပါသည်။ သိုင်းပညာရပ်ကို စိတ်မဝင်စားသောကြောင့် ချန်စွန်သည် စိတ်ပျက်ခဲ့သည်။

ဝမ်းအေ မှတ်မိသေးသည့် တစ်ညသောအခါက သူမ ရေးသားစပ်ဆိုထားသော ကဗျာသုံးပုဒ်ကို ဘဘချန်စွန်အား ဖတ်ရှုတည်းဖြတ်သွန်သင်ပေးရန် ပြသခဲ့သည်။

ထိုအခါ …

ဘဘချန်စွန်သည် စားပွဲကိုလက်ဖြင့်ထုရင်း … ဒေါသတကြီး ထအော်မိတော့သည်။

ပြီးမှ …

စိတ်မကောင်းကြီးစွာဖြင့် သက်ပြင်းတစ်ချက်ချရင်း ပြောခဲ့မှုသည်ကို ဝမ်းအေး မှတ်မိနေသည်။

'သမီးကလေး .. စာပေကို လေ့လာလိုက်စားရင် အထူးချွန်ဆုံး မိန်းကလေးဖြစ်မှာ သေချာတယ်၊ အင်း ... ဒါပေမယ့် သမီးက စာပေဘက်မှာ ထူးချွန်တာကို ဘဘ မလိုလားဘူး၊ သမီးမိဘတွေအတွက် သိုင်းပညာကိုသာ လေ့ကျင့်လိုက်စားသင့်တယ်၊ အခု ... သမီး သီကုံးထားတဲ့ကဗျာက ကောင်းတော့ ဘဘ ဝမ်းသာတယ်၊ နောက်ပြီး ဝမ်းလဲနည်းတယ်ကွယ်'

ထိုအချိန်က ... ဝမ်းအေးမှာ သဘောမပေါက်ခဲ့သောကြောင့် စွန်ထိုင်နှင့် စွန်ပီအား ...

'အစ်ကို စွန်ထိုင်နဲ့ မမ စွန်ပီက ဘဘရဲ့သိုင်းပညာအမွေအနှစ်ကို ဆက်ခံယူ၊ ညီမက ဘဘရဲ့စာပေပညာအမွေအနှစ်ကို ဆက်ခံပေါ့၊ ဒီတော့ ဘဘရဲ့အမွေအနှစ်အားလုံး ကျန်ရစ်ခဲ့တော့ မကောင်းဘူးလား ....'

ထိုအခါ ... စွန်ထိုင်နှင့် စွန်ပီကမူ ပြုံး၍နေသည်။

ဘဘချန်စွန်ကမူ ... ကြားဝင်၍ ပြောခဲ့သည်။

'သမီးရဲ့ ပညာအရည်အချင်းဟာ ... ဘဘထက် သာနေလို့ ဘဘရဲ့ အမွေအနှစ်ကို ခံယူတဲ့လူလို့ မဆိုနိုင်ဘူးကွဲ့၊ ကဗျာလက်ာမှာ သမီးဟာ ထိပ်တန်း ရောက်နေပေမဲ့ သမီးအတွက် အသုံးဝင်မှာ မဟုတ်ဘူး၊ သိုင်းပညာမှာ သမီးဟာ ထိပ်တန်း မရောက်ပေမယ့်



ကောင်းကောင်းအသုံးချရလိမ့်မယ်၊ ဒါကြောင့် ... မနက်ဖြန်ကစပြီး လျှို့ဝှက်လက်နက်တွေ အသုံးပြုနည်းကိုပါ စပြီး သင်ပေးမယ်၊ ဒါကို သမီးက လေ့ကျင့်ရမယ် .... ကြားလား'

ပြောသမျှစကားအားလုံးမှာ သူမကို သိုင်းပညာသင်ယူဖို့ သာဖြစ်နေသည်။ သူမ မျက်ရည်များ လည်လာမိသည်။

ဝမ်းအေးသည် ထွေရာလေးပါးကို စဉ်းစားရင်း တွေးတောနေမိ၏။

'ငါဟာ မိန်းကလေးတစ်ယောက်ဖြစ်တယ်၊ ဘာကြောင့် သိုင်းပညာ ဒါလောက်တတ်ကျွမ်းဖို့ လိုမှာလဲ'

ဝမ်းအေးမှာ ... စာရေးကို စွန်ထိုင်တို့ မောင်နှမနှင့်အတူ လေ့ကျင့်ရသည်၊ တေးကဗျာတို့ကိုလည်း လေ့လာသည်။ စွန်ထိုင်တို့ မောင်နှမကလည်း သူမကို စာရေး မပျက်မကွက် လေ့ကျင့်အောင် အမျိုးမျိုးတိုက်တွန်းသည်။ မလေ့ကျင့်လျှင်လေ့ကျင့်အောင် ဖျောင်းဖျ သွေးဆောင်သည်။

တစ်နေ့တွင် ... သူမကို ရန်သူနှိမ်နင်းသည့် စားကွက်ဆန်းကို သင်ယူရန် တိုက်တွန်းသည်။ ထိုအခါ ဝမ်းအေးက ဦးခေါင်းကလေးကို ခါယမ်းလိုက်ရင်း ...

'ညီမက ကျန်းမာရေးအတွက် သိုင်းပညာကို လေ့ကျင့်တာပါ၊ လူသတ်ဖို့ အတတ်ကိုတော့ လေ့ကျင့်ဖို့ စိတ်မကူးဘူး . . .'

ဟု ပြောလိုက်မိသည်။

ထိုအခါ စွန်ပီက ...

'ဒီနေ့ဟာ တစ်နှစ်တစ်ကြိမ် ဖေဖေက သိုင်းပညာကို ဆန်းစစ်တဲ့နေ့ဆိုတာ ညီမလေးမေ့နေပြီလား၊ လာ . . လာ . .လာ အနည်းဆုံး အာရုံကြောထောက်တဲ့ ဓားကြောသိုင်းကွက်ကိုတော့ လေ့ကျင့်မှ ဖြစ်မယ်၊ ညီမလေး မလေ့ကျင့်တာက များနေပြီ'

ဝမ်းအေမှာ ချက်ချင်း ထိတ်လန့်သွား၏၊ ထိုနေ့သည် ဘဘကြီး ချန်စွန် ဓားသိုင်းစစ်ဆေးမည့်နေ့ ဖြစ်သည်။ ထို့ပြင် မိဘနှစ်ပါး ကွယ်လွန်အနိစ္စရောက်သည့် နေ့လည်း ဖြစ်သည်။ ဘဘကြီးချန်စွန်သည် ဤနေ့တွင် ဓားရေးစစ်ဆေးခြင်းမှာ အခြားသောအကြောင်း ရှိမည်ကို တွေးမိလိုက်လေ၏။

❖❖❖❖❖

ကောင်းကင်ထက်တွင် လင်းယုန်ငှက်ကြီးနှစ်ကောင်သည် အတောင်နှစ်ဘက်ကိုဖြန့်ပြီး အောက်သို့ ထိုးဆင်းလာ၏။ မြေပြင်မှ ပေသုံးဆယ်ခန့်ဝေးနေသည်ကို ဝမ်းအေ မြင်လိုက်သည်။ လင်းယုန်ငှက်ကြီးနှစ်ကောင်တို့မှာ တောင်ကြားရှိ ယုန်ကလေးကိုသုတ်ဖို့ ဆင်းလာခြင်း ဖြစ်သည်။

ဝမ်းအေက ပြုံးလိုက်သည်။

'ဟဲ . . ဟဲ အလျှဉ်းသင့်လိုက်လေ၊ လျှို့ဝှက်လက်နက်ပညာ စွမ်းကလေးနဲ့ ယုန်ကလေးရဲ့အသက်ကို ကယ်တင်လိုက်ဦးမှပဲ'

ဝမ်းအေသည် ဓားမြှောင်ကလေးကို ဆွဲထုတ်လိုက်ပြီးနောက် ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက် ...

စွန်ထိုင်က လှမ်းပြောသည်။

'ညီမလေးရေ ... ဘယ်ဘက်မျက်စိကို ထိအောင်ပစ်နော်'

'ဝိုး . . '

'ဘုန်း . . '

လေတိုးသံနှင့်အတူ လင်းယုန်ငှက်ကြီးသည် ဘုန်းကနဲကျလာလေ၏။ စွန်ဝိသည် ပြေးပြီး လင်းယုန်ငှက်ကြီးကို ကြည့်သည်။ တကယ်ပင် ဘယ်ဘက်မျက်စိကို ထိမှန်လေ၏။

'ဖျောင်း . . ဖျောင်း . .ဖျောင်း'

လက်ခုပ်တီးသံနှင့်အတူ ချီးကျူးသံ ထွက်ပေါ်လာသည်။

'တကယ်တော်တဲ့ လက်ပဲ .... ရွှေချပေးရဦးမယ်၊ နောက်တစ်ကောင်ကို ညာဘက်မျက်စိနော်'

စွန်ထိုင်က ချီးမွမ်းပြီး ... နောက်တစ်ကောင် ပစ်ခိုင်းသည်။

လင်းယုန်ငှက်တို့မှာ အလွန်ပါးနပ်သည်။ ရန်သူရှိကြောင်းကို သိသည်နှင့် နိမ့်နိမ့်ကလေး ပျံဝဲသည်။ ထို့နောက် ... ယုန်ကလေးကို သုတ်၍ တစ်ရှိန်ထိုးပျံတက်သွားသည်။ ထိုစဉ် ဝမ်းအေက ဓားမြှောင်ကို ပစ်လွှတ်လိုက်လေ၏။

'ဝိုး . . '

ထိုအခိုက် ... မည်းမည်းအရိပ်တစ်ခုသည် မြင့်မားသောတောင်စောင်းပေါ်မှ ခုန်ဆင်းလာကာ ဝမ်းအေ ပစ်လိုက်သောဓားမြှောင်ကို ဖမ်းယူလိုက်သည်။ ထို့ကြောင့် လင်းယုန်ငှက်ကြီးသည် တောင်ကြားသို့ ထိုးဆင်းသွားလေတော့သည်။ မရှေးမနှောင်းပင် လူတစ်ယောက်သည် ဝမ်းအေတို့ ရှေ့မှောက်သို့ ရောက်လာလေ၏။



ထိုလူ၏ဓားမြှောင်ကို ဖမ်းဆီးသောအစွမ်းမှာ အံ့အားသင့်လောက်အောင် အစွမ်းထက်မြက်သည်ကို တွေ့မြင်လိုက်ရသည်။

ဝို၍ အံ့အားသင့်စေသည်မှာ ခန့်ညားစွာ ဝတ်ဆင်ထားသော အဖိုးအိုတစ်ယောက်ကို ကျောပေါ်တွင် ပိုးထားပြီး မြင့်မားလှသော တောင်စောင်းမှ ခုန်ဆင်းလာခြင်း ဖြစ်၏။ ဆင်းလာစဉ် လမ်းခုလတ်တွင် ... ဓားကိုလည်း ဖမ်းယူလိုက်ခြင်း ဖြစ်၏။

ထိုလူက ကျယ်လောင်စွာ မေးလိုက်သည်။

'သခင်ကြီး ချန်စွန်တို့ ဒီမှာနေကြတယ် မဟုတ်လား'

စွန်ထိုင်သည် ရှေ့သို့တစ်လှမ်းတိုးသွားပြီး အထိတ်တလန့်ဖြင့် ပြောလိုက်မိသည်။

'အမလေးဗျာ . . ခင်ဗျားကျောပေါ်ပိုးထားတဲ့ လူဟာ ဘဘကြီး ကျင်ဝင် မဟုတ်လား'

ကျင်ဝင်သည် နန်းတွင်းသမိုင်းမှတ်တမ်းဝင် အမတ်ကြီးတစ်ဦးဖြစ်သည်။ ဝမ်းအေအဘိုးနှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်၏။ ဝမ်းအေက လှမ်းကြည့်လိုက်သည်။ ထိုအဖိုးအိုမှာ မျက်စိနှစ်ဘက်စလုံး ပိတ်ထားသည်။ မျက်နှာမှာလည်း သွေးရောင်ပျောက်၍ ဖြူရော်နေသည်။ ဝမ်းအေအဘိုးနှင့် မကြာခဏလာအိပ်ပြီး စာပေဆွေးနွေးလေ့ရှိသဖြင့် ဘဘကျင်ဝင် ဖြစ်ကြောင်း မှတ်မိလိုက်သည်။

စွန်ထိုင်၏ စကားသံမဆုံးမီ အဖိုးအိုတစ်ဦး၏ အသံကိုကြားရပြန်သည်။

'ဘာလဲကွ ... နောင်ကြီးကျင်ဝင် လာလို့လား . .'

လူရောက်မလာမီ အသံမှာ နားသို့ရောက်လာသည်။ ဓားဖမ်းသူက ကျောပေါ်မှ အဖိုးအိုကို သာယာဖြေးညှင်းစွာ အောက်သို့ချလိုက်၏။ သူသည်မြေကြီးပေါ်တွင် ဒူးထောက်လိုက်၏။

'ကျွန်တော် ထုန်ကျူမြို့မှ လီယွမ်ပါ၊ သခင်ကျင်ရဲ့အသက်ကို ကယ်ဆယ်ပေးပါလို့ သခင်ကြီးချန်စွန်ကို ပန်ကြားပါတယ်ခင်ဗျား'

လီယွမ်သည် ချန်စွန်ကို တွေ့ဖူးသူ မဟုတ်သော်လည်း သူ၏အသံကို ကြားရရုံနှင့် ချန်စွန်သည် အတွင်းအားအလွန်တရာ ထက်မြက်သူ ဖြစ်ကြောင်းကို ခန့်မှန်းမိသည်။

ချန်စွန်မှာ အသက်ခြောက်ဆယ်ကျော် အရွယ်ရှိသည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့မှာ ဆွတ်ဆွတ်ဖြူနေသည်၊ အလွန်သန်မာသည်။ ချန်စွန်က လီယွမ်ကို အကဲခတ်ကြည့်လိုက်သည်။

'လီယွမ် ဒူးတုပ်စရာ မလိုပါဘူး၊ သခင်ကြီးကျင်နဲ့ ကျုပ်ဟာ နှစ်ပေါင်း သုံးလေးဆယ် ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းပါ၊ မကယ်ဆယ်ဘဲ ဘယ်နေပါ့မလဲ၊ စစ်ဆေးကြည့်ရှုပါရစေ . .'

ချန်စွန်သည် တစ်မုဟုတ်ချင်း တုန်လှုပ်ချောက်ချားသွားသည်။ သူများ မထင်မှတ်သည့်အလုပ်ကို လျှပ်တစ်ပြက် လုပ်လိုက်၏။ လီယွမ်၏ ရင်ဘတ်ပေါ်မှအင်္ကျီကို လက်နှစ်ချောင်းဖြင့် ဆွဲဖြဲလိုက်သည်။

'ဗြဲ . .'



လီယွမ်၏အင်္ကျီမှာ စုတ်ပြဲသွားသည်။ ရုတ်တရက်ဖြစ်သောကြောင့် စွန်ထိုင်တို့မောင်နှမမှာ အံ့အားသင့်သွားသည်။ လီယွမ်လည်း အံ့အားသင့်မိသည်။

'ကျွန်တော်ဟာ သခင်ကြီးကျင်ကို စောင့်ရှောက်လာတဲ့ ချောပို့သမားပါ၊ အထင်မလွဲပါနဲ့ခင်ဗျာ'

လီယွမ်က တောင်းပန်လိုက်လေ၏။

ချန်စွန်သည် သက်ပြင်းရှည်တစ်ချက် ချရင်း . . .

'မင်းကို သံသယဖြစ်လို့ မဟုတ်ဘူး၊ ဟိုသရဲ့နှစ်ကောင်ကို သံသယ ဖြစ်လို့ကွ၊ သခင်ကြီးကျင်ဟာ နန်းတွင်းမှူးမတ် ဖြစ်တယ်၊ ဒင်းတို့နဲ့ ရန်ငြိုးရှိဖို့ အကြောင်းမမြင်ဘူး၊ ဘာဖြစ်လို့ ... သူတို့က ဒါလောက်တောင် ရက်ရက်စက်စက် လုပ်လွှတ်လိုက်ရတာလဲ၊ ငါ .. ဒါကို မကျေနပ်တာပါ . .'

ကျင်ဝင်၏ နားသယ်စပ်မှ ဆံပင်ကို လှန်ကြည့်လိုက်ရာ အပ်ပေါက်ရာနှစ်ခုကိုသာ တွေ့ရသည်။ ထို့နောက် လီယွမ်အား ပြောလိုက်၏။

'မင်းရဲ့ရင်ဘတ်ကို သေသေချာချာ ကြည့်စမ်းပါအုံး'

ထိုအခါ လီယွမ်သည် ခေါင်းကိုငုံ့ပြီး ရင်ဘတ်ကို ကြည့်လိုက်သည်။ ရင်ညွန့်အောက်နား၌ ကြေးပြားရာနှစ်ခု နီရဲနေသည်ကို တွေ့ရသည်။ တစ်ခဏချင်း မျက်နှာမှာ သွေးရောင်ပျောက်သွားသည်။ ဒူးတုပ်ပြီး လက်အုပ်ချီလိုက်သည်။

စွန်ထိုင်တို့ မောင်နှမနှင့် ဝမ်းအေတို့မှာ အကြီးအကျယ်ထိတ်လန့် တုန်လှုပ်သွားသည်။ သူတို့ရှေ့၌ ရောက်ရှိလာသူနှစ်ဦးမှာ အကြီးအကျယ် ဒဏ်ရာရသူများ မဟုတ်ပါလား၊

လီယွမ်မှာ အသံတုန်တုန်ယင်ယင်နှင့် . . .

'ကျွန်တော်ရတဲ့ ဒဏ်ရာဟာ ကွမ်ရင်နှင့် ရှင်ကျေတို့ရဲ့ လက်နက်ဖြစ်တဲ့ သည်းပေါက်ဒေဝါအပ်နဲ့ ရိုးကြေကြေးပြားဒဏ်ရာ မဟုတ်လားခင်ဗျား'

'မင်းသိနေသားပဲ၊ ငါအမှန်ကို ပြောရတော့မှာပဲ၊ သခင်ကြီးကျင်ရတဲ့ ဒဏ်ရာကတော့ သည်းပေါက်ဒေဝါ အပ်ဒဏ်ရာပဲ၊ မင်းရတဲ့ ဒဏ်ရာကတော့ ရိုးကျေကြေးပြားဒဏ်ရာပဲ၊ ကုသလို့ရမယ်၊ မရဘူး ဆိုတာကတော့ အသေအချာ မပြောနိုင်ဘူး၊ တတ်နိုင်သလောက်တော့ ကြိုးစားကုသပေးပါ့မယ်'

လီယွမ်သည် မချိပြုံး ပြုံးလိုက်ပြီး မတ်တပ်ရပ်လိုက်သည်။

'ကွမ်ရင်က လိပ်ပြာနတ်တယ်၊ ရှင်ကျေက အသက်ဖြတ်တယ်၊ ဒီသရဲနှစ်ကောင်ရဲ့ လျှို့ဝှက်လက်နက်ထိရင် ကုသလို့မရဘူးဆိုတာကိုတော့ ကျွန်တော်သိပါတယ်၊ ကျွန်တော့်ကို ဆရာကြီးနှစ်သိမ့်မနေပါနဲ့တော့၊ သခင်ကြီးကျင်ကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့တာဝန်ဟာ မကျေသေးတဲ့အတွက် သေသွားသည့်တိုင်အောင် အသေဖြောင့်မှာ မဟုတ်ပါဘူး၊ သခင်ကြီးကျင်ရဲ့မျက်နှာကို ထောက်ထားပြီး အကူအညီ ပေးစေချင်ပါတယ်'



လီယွမ်ပြောသော ကွမ်ရင်နှင့် ရှင်ကျေ၏ ဇာတ်ကြောင်းမှာ ကြောက်မက်ဖွယ်လီလီပင်။

ဘဘကြီးချန်စွန်ကလည်း ဝမ်းအေကို ပြောပြထားဖူးသည်။

လွန်ခဲ့သော နှစ်ပေါင်းဆယ်နှစ်ကျော်က သရဲထီးနှင့် သရဲမဟူ၍ ပေါ်ပေါက်လာခဲ့သည်။

သရဲထီးက ဓားစွမ်းထက်သည့်အပြင် လျှို့ဝှက်လက်နက်ဖြစ်သော ရိုးကျေကြေးပြားကိုလည်း ပစ်ခတ်ရာတွင် ကျွမ်းကျင်သည်။ သာမန်ရိုးရိုးကြေးပြားကလေး ဖြစ်သော်လည်း အဆိပ်စိမ်၍ အထူးစီမံပြုလုပ်ထားသည်။

ထိမှန်သည့်နေရာမှာ အရိုးကျေပြီး အကြောပြတ်နိုင်သည်၊ လက်နက်၏ ဆန်းကြယ်သည့်ဂုဏ်သတ္တိမှာ လက်နက်ထိမှန်စအချိန်တွင် မနာမကျင်ဘဲ နောက်မှ တဖြည်းဖြည်း အဆိပ်ပြန့်လာပြီးလျှင် တစ်ကိုယ်လုံး၌ရှိသော အရိုးအကြောများမှာ ခြကောင်ကိုက်စားသကဲ့သို့ ကျေမွကုန်သည်။

ကွမ်ရင်က ပို၍ထက်မြက်သည်၊ ဓားရေးတွင်လည်း ပြိုင်ဘက်ရှားသည်၊ သူမ၏ သည်းပေါက်ဒေဝါအပ်ကို ဆေးစီရင်ထားသည်။ ၎င်းအပ်ထိမှန်သည်နှင့် အဆိပ်မှာ ... နှလုံးထဲသို့ ရောက်သောအခါ ကုသ၍ မရတော့ချေ။

၎င်းတို့နှစ်ဦး၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် သရဲဆိုသောဘွဲ့ကို ရရှိခဲ့ခြင်း ဖြစ်တော့သည်။

လွှန်ခဲ့သော ဆယ်နှစ်ကျော်လောက်က အမှန်တရားကို စောင့်ထိန်းကြသော အဖြူရောင်သိုင်းပညာရှင် သုံးလေးဆယ်တို့က ၎င်းတို့ကို စုပေါင်းပြီး ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သူရဲနှစ်ကောင် ရှုံးသွားကြသည်။ တရုတ်ပြည်သိုင်းလောကၡ မနေနိုင်ကြတော့ပေ။

ထို့နောက် ၎င်းတို့အား မြောက်ပိုင်း သဲကန္တာရဆီသို့ နှင်ထုတ်လိုက်ကြသည်။

ဆယ်နှစ်ခန့်လောက်ပျောက်ကွယ်သွားပြီး မမျှော်လင့်ဘဲ ယနေ့ ပြန်ပေါ်လာကာ လက်စွမ်းပြလိုက်ခြင်းကို ခံခဲ့ရသည်။

လွှန်ခဲ့သောဆယ်နှစ်က ၎င်းတို့ကို ဝိုင်းဝန်းတိုက်ခိုက်ကြသော သိုင်းပညာရှင်များထဲတွင် ချန်စွန်တစ်ယောက် ပါဝင်ခဲ့သည်။ ချန်စွန်မှာ အတိတ်ကို စဉ်းစားလိုက်မိ၏။ ထို့နောက် ဒဏ်ရာကို ကြည့်လိုက်ပြန်သည်။

'မင်းရဲ့ဒဏ်ရာကတော့ မပြင်းထန်လှဘူး၊ ကုသလို့ ရနိုင်ပါသေးတယ်၊ ဒါပေမယ့် ... စဉ်းစားစရာဖြစ်နေတယ်၊ ဒီသရဲနှစ်ကောင်နဲ့ မင်းတို့ဘယ်လိုလုပ်ပြီး ... တွေ့ကြတာလဲ၊ သူတို့ပျောက်နေတာကြာပြီ'

ချန်စွန်က မေးလိုက်သည်။

လီယွမ်က ...

'အဖြစ်ကတော့ ဒီလိုပါ ... သခင်ကြီးကျင်ရဲ့ အမိန့်အရ ပါကျူးပြည်နယ်မှာရှိတဲ့ သားတော်ကလေးဆီကို သတင်းလာမေးတာပါ'



'ဘာပြောတယ် ... သားတော်ကလေးက ပါကျူးပြည်နယ်မှာ ရောက်နေတယ်တဲ့လား ... ဘယ်လိုဖြစ်တာလဲ ...'

ချန်စွန်က အရေးတကြီး မေးလေ၏။

လီယွမ်က ...

'အိမ်ရှေ့မင်းသားကလေးကို ထီးရိပ်က ဖယ်ရှားလိုက်ပြီး ပါကျူးပြည်နယ်ကို ပို့ထားတာဟာ နှစ်ဝက်လောက် ရှိသွားပါပြီ'

ချန်စွန်မှာ အတော်ဒေါသထွက်လာသည်။

ခံစားချက်အပြည့်နှင့် ပြောသည်။

'ဟိုမင်းသားကလေးကိုတော့ အဆိပ်ခပ်ပြီး သတ်လိုက်တယ်၊ ဒီအိမ်ရှေ့မင်းသားလေးကျတော့ ထီးရိပ်နန်းလျာက ဖယ်ရှားလိုက်တယ်၊ ဟင်း ... ကျားရဲတိရစ္ဆာန်တောင်မှ ကိုယ့်သားသမီး ကိုယ်ပြန်မစားဘူး၊ မိဖုရားကြီးဂူကျေထန်ရဲ့စိတ်ထားကတော့ မကောင်းတဲ့ဘက်မှာ စံတင်လောက်တယ်၊ တိရစ္ဆာန်တွေတောင် ကိုယ့်သားသမီးကိုယ် သိတတ်ကြသေးတယ်၊ သူကတော့ ကိုယ့်သားသမီးတွေကို ရက်စက်တယ်'

ပထမအိမ်ရှေ့မင်းသားကလေးမှာ ဂူကျေထန်၏သားကြီး လီဟုန် ဖြစ်၏။

တစ်နေ့သောအခါတွင် လီဟုန်သည် လေသာခန်းမဆောင်၌ အကြောင်းမဲ့ သေဆုံးနေသည်။ သေပုံသေနည်းမှာ ဒွါရ ခုနစ်ပေါက်မှ သွေးများယိုစီးထွက်ကျ သေဆုံးနေခြင်း ဖြစ်သည်။ အသေဆိုးနှင့်

သေပုံရသည်။ နန်းတော်တွင်း၌ မိဖုရားငှက်ကျေးထန်က အဆိပ်ခတ်သည်ဟု ကောလာဟလ သတင်း ဖြစ်နေကြသည်။

ပါကျူပြည်နယ်သို့ အပို့ခံရသော အိမ်ရှေ့စံမင်းသားကလေးမှာ လီရှင် ဖြစ်သည်။

လီရှင်က ငှက်ကျေးထန် ဘုရင်မကြီး၏ အုပ်ချုပ်မှုကို ဆန့်ကျင်သောကြောင့် အိမ်ရှေ့စံရာထူး ရုပ်သိမ်းလိုက်ကြောင်းကို တိုင်းပြည်သို့ ကြေညာသည်။ သိသည့်အတိုင်းပင် တိုင်းသူပြည်သား ဆိုသည်မှာလည်း ... အရုပ်ပင်။

ဘေးနားမှနားထောင်နေသော ဝမ်းအေမှာ ကြက်သီးထသွားမိသည်။

စိတ်ထဲတွင် ...

'ဘဘကြီး ချန်စွန်က ... ဒီငှက်ကျေးထန်ဘုရင်မကြီးဟာ သရဲမကွမ်ရင်နှင့် သရဲထီး ရှင်ကျေးတို့ထက် ကြောက်စရာကောင်းကြောင်းပြောတာ ... ပြောလည်း ပြောစရာပဲ'

လီယွမ်က စကားကို ဆက်ပြောလိုက်သည်။

'ကျွန်တော်တို့ ရန်ကုယ်မြို့မှာ အာမခံဌာနတစ်ခု ဖွင့်ထားတယ်၊ သခင်ကြီးကျင်က ရိက္ခာပို့ဆက်ဝန်အဖြစ် အမှုထမ်းခဲ့တယ်၊ ကျွန်တော်တို့ကိုငှားပြီး ပစ္စည်းပို့နိုင်းရင်းနဲ့ အတော်ရင်းနှီးလာတယ်၊ ဒီအကြိမ်မှာ ဘုရင်မကြီးရဲ့အမိန့်နဲ့ ပါကျူမြို့ကိုသွားပြီး မင်းသားလေးရဲ့ သတင်းကို စုံစမ်းဖို့ ဖြစ်တယ်၊ စူပြည်နယ်မှာ သူခိုးဓားပြ ထကြွတယ်လို့ ကြားသိရပါတယ်၊ သခင်ကြီးကျင်ကို ... ပါကျူမြို့အထိစောင့်ကြပ်ပို့ပေးဖို့ တာဝန်ယူလိုက်တယ်'



ဆရာကြီးချန်သည် လီယွမ်၏စကားကို နားစွင့်နေသည်။

'တစ်လမ်းလုံး ဘာမှမဖြစ်ခဲ့တဲ့အတွက် ဝမ်းသာသွားတယ်၊ မနေ့ကပဲ ကွမ်ယွမ်မြို့နယ်ဒေသကို ရောက်ခဲ့ပါတယ်၊ ချန်မင်မြို့နဲ့ မိုင်သုံးလေးဆယ် ကွာဝေးတဲ့နေရာမှာ တောင်ရိုးတောင်စွယ်တို့ကလည်း မတ်စောက်တယ်၊ တောင်ပေါ်လမ်းတွေကလည်း မပြေမပြစ် ဖြစ်နေပါတယ်၊ ကျွန်တော် အရှေ့က လမ်းဖောက်နေတုန်း တောင်ပေါ်က ဆန်းပြားတဲ့ အသံတစ်သံကို ကြားရတယ်၊ လှည့်ကြည့်လိုက်တဲ့အခါမှာ သခင်ကြီးကျင်ဟာ မြင်းပေါ်ကကျသွားတာကို တွေ့ရတယ်၊ ကျွန်တော်လန့်သွားပြီး မြင်းဇက်ကြိုးကို ဆွဲလှည့်ကြည့်တဲ့အခါမှာ ကျွန်တော့်မြင်းကလည်း တစ်ချက်ဟီပြီး ကျွန်တော့်ကို ခါချလိုက်ပါတယ်၊ တစ်ချိန်တည်းမှာပဲ ပေါင်းပင်တွေအကြားက ကြေးပြား လေးငါးခြောက်ပြား လွင့်ထွက်လာတာကို တွေ့ရပါတယ်၊ ကျွန်တော်လည်း မြင်းပေါ်ကအကျမှာ ကျွမ်းပစ်လိုက်တော့ လေထုထဲမှာ ရှိနေတုန်း ကြေးပြားတွေ ဆက်တိုက်ထွက်လာတာကြောင့် မရှောင်သာ မတိမ်းသာ ဖြစ်သွားပါတယ် . .'

လီယွမ်၏စကားသံသည် ပတ်ဝန်းကျင်ကို လွှမ်းမိုးနေသည်။

'ကျွန်တော်က သံမဏိကိုယ်ကြပ်အကျီကို အားကိုးပြီး ခံလိုက်တယ်၊ အဲဒီနောက် သခင်ကြီးကျင်ကို လှည့်ကြည့်လိုက်တဲ့အခါမှာ

သခင်ကြီးဟာ သတိလစ်လဲကျနေပါတယ်၊ စီးမြင်းနှစ်ကောင်စလုံးလည်း မြေကြီးပေါ်မှာ လဲကျနေတဲ့အပြင် ကျွန်တော်တို့အဖွဲ့သားတွေအားလုံးလည်း အတုန်းအရုန်းလဲကျနေတာကို တွေ့ရပါတယ်'

လီယွမ် အမှန်တကယ် စိတ်ထိခိုက်နေပါသည်။ သူတို့၏ အဖွဲ့သားအားလုံး အတိုက်ခိုက်ခံခဲ့ရသည် မဟုတ်ပါလား။

'သခင်ကြီးကျင်ဟာ တစုံတစ်ယောက်သောသူက လက်အားကောင်းကောင်းနဲ့ အရိုက်ခံထားရတယ်လို့ ထင်မိတယ်၊ ကျွန်တော်လည်း အသေခံပြီး ခုခံတိုက်ခိုက်ဖို့ ပြင်ထားပေမဲ့ ရန်သူက ထွက်မလာဘူး၊ နောက်တော့ ရယ်မောပြီး ... တဖြည်းဖြည်းကွယ်ပျောက်သွားတယ်၊ တစ်ခဏချင်းမှာပဲ လေးငါးမိုင်ရောက်သွားတယ်လို့ထင်ရတယ်၊ သူတို့နောက်ကို ... ကျွန်တော် ဘယ်လိုက်ဝံ့ပါ့မလဲ၊ သေသေချာချာ စစ်ဆေးကြည့်ရှုတဲ့အခါမှာ သခင်ကြီးကျင်ရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာရှာမတွေ့ဘူး၊ သွေးကြောကို စမ်းကြည့်တော့ ပြင်းထန်တဲ့ဒဏ်ရာ ရထားသလိုပဲ၊ တောကြီးမျက်မည်းထဲမှာ ကုသဖို့နေရာရှာမရဘူး၊ က်ကောင်းထောက်မတာက လမ်းမှာ သခင်ကြီးချန်စွန်ဟာ ချန်ကိုဒေသမှာ ရှိတယ်လို့ သခင်ကြီးကျင် ပြောဖူးတာကို သတိရလိုက်ပါတယ်၊ မတတ်သာတဲ့နောက်ဆုံးမှာ သခင်ကြီးရဲ့ အကူအညီကို တောင်းခံရတာပါဘဲ၊ ကွမ်ရင်နဲ့ ရှင်ကျေတို့ ဖြစ်လိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့ဘူး၊ ရိုးကျေကြေးပြား ထိမှန်လိမ့်မယ်လို့လည်း မထင်ခဲ့ဘူး၊ ကိုယ့်ဟာကိုယ် ဘာတစ်ခုမှ မသိလိုက်ဘူး'



ဝမ်းအေသည် အကြောင်းစုံကို ကြားသိလိုက်ရသည်။ ဆန်းကြယ်သည်။ သရဲနှစ်ကောင်သည် ပစ္စည်းကို တိုက်ခိုက်လုယက်ခြင်းလည်းမဟုတ်၊ ရန်ငြိုးရန်စလည်း မရှိ၊ အကြောင်းမဲ့သက်သက်နန်းတော်မှ အရာရှိ၏ အသက်ကို အဘယ်ကြောင့် ရန်ရှာရပါလိမ့်မှဟု တွေးနေမိသည်။

အတန်ကြာမှ လီယွမ်သည် သက်ပြင်းကို ချလိုက်သည်။

'ကျွန်တော်လည်း အသက်ရှင်ဖို့ မမျှော်မှန်းတော့ပါဘူး ... သခင်ကြီးကျင် ဆောင်ရွက်မပြီးသေးတဲ့ကိစ္စကို ဆောင်ရွက်ပေးပါလို့ အကူအညီတောင်းပါရစေ'

ဆရာကြီး ချန်စွန်က မေးလိုက်သည်။

'ဆောင်ရွက်မပြီးသေးတဲ့ ကိစ္စက ဘယ်လိုကိစ္စမျိုးလဲ'

'ဘုရင်မကြီးက အိမ်ရှေ့စံအဖြစ်ဖယ်ထားတဲ့ သားတော်ကလေးဆီကို သခင်ကြီးကျင်ကို စာပို့ခိုင်းပါတယ်၊ စာဟာ သားတော်ကလေးလက်ထဲကို မရောက်သေးဘူး၊ သခင်ကြီးကျင် ပြောပြချက်အရဆိုရင် ဘုရင်မကြီးဟာ သားတော်လေးကို အလွန်အောက်မေ့တယ်ဆိုပဲ၊ သားတော်လေးကို ပါကျူမြို့ကို မတတ်သာလွန်းလို့ ပို့ထားရတာတဲ့၊ သားတော်ကလေး စိတ်ချမ်းသာစေဖို့ ဒီစာကိုပို့လိုက်ပါတယ်တဲ့'

လီယွမ်က ရှင်းပြလိုက်သည်။

ဆရာကြီးချန်စွန်ထံမှ ဟင်းခနဲ သက်ပြင်းချသံ ကြားရသည်။

'ကြွက်သေလို့ကြောင်ငိုတာ' သနားစရာတဲ့လား၊ ဝူကျောထန်ဟာ ထန်မင်းရဲ့ ... ဆွေစဉ်မျိုးဆက်အားလုံးကို သတ်ပစ်လို့မရတဲ့အတွက် မချင့်မရဲ ဖြစ်နေတယ်၊ သူ့ရဲ့သားအရင်းကိုတောင် ချမ်းသာမပေးဘူး၊ မင်းသားလေးအပေါ် မိဘမေတ္တာ ရှိသေးတယ် ဆိုတာ ကျုပ်က ဘယ်လိုယုံနိုင်မှာလဲ'

လီယွမ်မှာ အသံမထွက်ဝံ့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။

ထို့နောက် ...

ချန်စွန်က ကောက်ကာငင်ကာ မေးလိုက်သည်။

'သခင်ကြီးကျင်ကို သားဟော်ကလေးဆီ လွှတ်လိုက်တာဟာ ဝူကျောထန်ရဲ့ ကိုယ်ပိုင်သဘောနဲ့လား၊ ဒါမှမဟုတ်ရင် သခင်ကြီးကျင်သဘောနဲ့ ခွင့်တောင်းလို့ ဝူကျောထန်က စေလွှတ်လိုက်တာလား'

'ဒါတော့ ... ကျွန်တော် မသိပါဘူးခင်ဗျာ'

'ငါ့အထင်တော့ သခင်ကြီးကျင်ဟာ မင်းသားကလေးထံ သွားပါရစေလို့ ခွင့်တောင်းတာနဲ့ တူတယ်'

ဆရာကြီးချန်စွန်က ကောက်ကာငင်ကာ ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ဒီလိုပဲဖြစ်မှာပါ၊ ဟိုသရဲနှစ်ကောင်ဟာ သခင်ကြီးကျင်ကို သတ်ဖို့ ဝူကျောထန် ဘုရင်မကြီး စေလွှတ်လိုက်တာ ဖြစ်ရမယ်၊ ဒါဟာဘုရင်မကြီးရဲ့ အစီအစဉ်ပဲ ဖြစ်ရမယ်'

ထိုအခါ ချန်စွန် မျက်နှာထားမှာ သိသိသာသာကြီး ပြောင်းလဲသွားသည်။



'သားတို့ သမီးတို့ အိမ်ကိုမြန်မြန်ပြန်ကြ၊ ဒီသရဲနှစ်ကောင် ရောက်လာမှာစိုးရိမ်ရတယ်'

စွန်ထိုင်က . .

'ဖေဖေက ဘာပြုလို့ သိရတာလဲ'

ချန်စွန်သည် လီယွမ်ကို လှမ်းကြည့်လိုက်သည်၊ တစ်စုံတစ်ခု ပြောတော့မလိုလိုနှင့် နှုတ်ပိတ်နေလိုက်သည်။

ထိုအခါ လီယွမ်က အံကိုကျိတ်ရင်း . . .

'ဒီအခြေအနေ ရောက်မှတော့ မထူးပါဘူး၊ ဒီသရဲနှစ်ကောင်ဟာ သခင်ကြီးကျင်နဲ့ ကျွန်တော်တို့ အသက်ကိုရန်ရှာချင်ရင် လွယ်လွယ်ကလေးပါ၊ ဒါပေမဲ့ ကျွန်တော်တို့ကို အသေမသတ်ဘဲ လွှတ်လိုက်တာဟာ ဘာဖြစ်လို့လဲ'

စွန်ပိကလည်း ... ပံ့တင်ထပ်သံယောင်လိုက်သည်။

'ဒီဟာ ... ဘာသဘောလဲ'

'ဒါဟာ ဘာသဘောရမှာလဲ၊ နောင်ကြီးလီကို ငါတို့အိမ်ရောက်လာအောင် တမင်သက်သက် လုပ်လိုက်တာပေါ့'

ဆရာကြီးချန်စွန်က ကြားမှဝင်ထောက်လိုက်သည်။

လီယွမ်က သက်ပြင်းချလိုက်ရင်း . . .

'ဒီသရဲနှစ်ကောင်ဟာ အတော်စိတ်ထားယုတ်ညံ့တာဘဲ၊ ဟိုတုန်းက သူတို့ရယ်လို့ မထင်မိဘူး၊ သူတို့မှန်းသိလို့ရှိရင် သခင်ကြီးကိုလည်း ဒုက္ခလာမပေးပါဘူး'

ဆရာကြီးချန်စွန်က နှစ်သိမ့်စကားပြောသည်။

'လီယွမ် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒီသရဲနှစ်ကောင်နဲ့ တစ်ရှိုတစ်မောင်းထပ်ပြီး တိုက်ခိုက်ဖို့ ဆန္ဒထားပါတယ်၊ အခြေအနေကို သုံးသပ်ကြည့်ရတာတော့ ဒီသရဲနှစ်ကောင်ကို ဝူကျေထန်စေလွှတ်လိုက်တာ သေချာပါတယ်'

ဝမ်းအေက ဝင်မေးသည်။

'ဘာဖြစ်လို့လဲ ဘဘကြီး ...'

ချန်စွန်က ...

'ဝူကျေထန်ဘုရင်မကြီးဟာ ထန်မင်းရဲ့အရိုက်အရာကို ယူလိုက်တယ်၊ သမိုင်းတစ်လျှောက်မှာ မိန်းမဘုရင် လုပ်ခဲ့တာ မရှိဘူး၊ ဒါဟာ ဂြိုဟ်ဆိုးဝင်တာပဲ၊ ဘုရင်ကြီးရဲ့သားတော် မြေးတော်တွေ ရှေးမင်းတို့ရဲ့ မှူးကြီးမတ်ကြီး သေနာပတိတို့ဟာ ဆယ်ယောက်မှာ ကိုးယောက်ဆိုသလို ထန်မင်းတို့အပေါ် သစ္စာရှိခဲ့ကြတယ်၊ ဝူကျေထန်လက်ထက်မှာတော့ သူ့ကို မလေးစားကြဘူး၊ သူကလဲ ဒီလူတွေဟာ သူ့ကိုတိတ်တိတ်ပုန်း တော်လှန်နေတာကိုသိတယ်။ ဒါကြောင့်မို့ ရန်ဘက်တွေကို တတ်နိုင်သလောက် သုတ်သင် ရှင်းလင်းပစ်တာဘဲ၊ သားရင်းကိုတောင် အဆိပ်ခပ်သတ်တယ် ဆိုတော့ စဉ်းစားကြည့်ပေါ့လေ ... သခင်ကြီးကျင်က မင်းသားကဲလေးထံသွားဖို့ ခွင့်တောင်းတာကို သခင်ကြီးကျင်ဟာ ထန်မင်းတို့အပေါ် သစ္စာရှိတာကို သူသိလို့ လျှို့ဝှက်ပြီး လုပ်ကြံတာ ဖြစ်ရမယ်'



ချန်စွန်က သူ့ထင်မြင်ယူဆချက်များကို ပြောလိုက်သည်။

ဝမ်းအေကမူ သူမ စဉ်းစားမိသည့်အချက်ကို ဝင်မေးသည်။

'သခင်ကြီးကျင်ကို သတ်ချင်တဲ့ဆန္ဒရှိရင် ဘာဖြစ်လို့ဒါလောက်ဒုက္ခရှာနေရတာလဲ၊ နောက်ပြီးတော့ ဘာဖြစ်လို့ သခင်ကြီးကျင်ကို သူ့သားဆီ စာပို့ခိုင်းရတာလဲ၊ မြို့တော်မှာ လုပ်ကြံလို့ ရနေတာပဲ'

ချန်စွန်က ....

'အဲဒါက သူ့ရဲ့ပညာသားပါတဲ့ အစီအမံပဲ၊ စိတ်ကောင်းရှိဟန်ဆောင်ပြီး၊ လူထုစိတ်ကို ဆွဲဆောင်တာပဲ၊ ငါဟာ ရှေးမင်းလက်ထက်က အမတ်ကြီးပါ၊ သူ အာဏာရတာနဲ့ပဲ အမှုမထမ်းပဲ အနားယူလိုက်တာ၊ ငါ့ကိုလည်း အရိုးစွဲအောင် နာကျည်းနေမှာပဲ၊ ဒါကြောင့် ဟိုသရဲနှစ်ကောင်ကို သူစေလွှတ်လိုက်တာ ဖြစ်ရမယ်လို့ ပြောတာ'

ဤသည်မှာ ချန်စွန်၏ ကောက်ချက်ပင်။

ဝမ်းအေက ... ပြန်လှန်စဉ်းစားလိုက်သည်။

ခုနစ်နှစ် အတောအတွင်း ချန်စွန်သည် ဝူကျေထန် မကောင်းကြောင်းကို ဝမ်းအေအား နေ့စဉ်လိုပဲ ပြောပြသည်။ ဘုရင်မကြီးကို မလိုမုန်းတီးဖို့ကိုသာ သားသမီးတို့နှင့် ဝမ်းအေကို သင်ကြားပေးသည်။

ဝမ်းအေကတော့ စွန်ထိုင်နှင့် စွန်ပိတို့နှင့် မတူချေ၊ ဆရာကြီးချန်စွန် ပြောတိုင်းမယုံချေ၊ သူက တွေးတောစဉ်းစားသည်။ သူ့စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသည်။

'မိန်းမနှင့် ယောက်ျားဟာ လူချင်းအတူတူပဲ၊ ဘာဖြစ်လို့ .. ယောက်ျားတွေ မင်းလုပ်တော့ တရားတယ်လို့ ထင်ပြီး မိန်းမဘုရင် လုပ်တော့ ဘာဖြစ်လို့ ပြုဟ်ကောင်းမလို့ ထင်ကြတာလဲ၊ ဘဘကြီး ချန်စွန်ပြောတာ မဟုတ်သေးပါဘူး . .'

သို့သော် ... သူမ၏ထင်မြင်ချက်ကို စိတ်ထဲမှာပင် ထားသည်။ ဝမ်းအေ စဉ်းစားနေစဉ် ...

ချန်စွန်က သူ၏သားနှင့်သမီးဘက်သို့ လှည့်၍ပြောလိုက်၏။

'သား ... စွန်ထိုင် ... သမီးစွန်ပိ'

စွန်ထိုင်နှင့် စွန်ပိတို့က ပြန်ထူးလိုက်ကြသည်။

'ဖေဖေ ... ဘာပြောမလို့လဲဖေဖေ . . ပြောပါ'

'မင်းတို့အဖေရဲ့အသက်ဟာ မနက်ဖြန်တောင် မကူးတော့ ဘူးကွယ်'

'ဗျာ ...'

'ရှင် ...'

သူတို့ အံ့သြထိတ်လန့်သွားသည်။ သို့သော် ... သူရဲဘော ကြောင်သူများ မဟုတ်ကြသဖြင့် ချက်ချင်းဣန္ဒြေဆည်နိုင်ကြသည်။ ဝမ်းအေပင်လျှင် ... စိုးရိမ်ပူပန်သွားပြီး ကျန်လူများ၏မျက်နှာများကို လိုက်ကြည့်မိသည်။

'ပြောပါ ဖေဖေ'

စွန်ထိုင်က ပြောလိုက်သည်။



ဆရာကြီး ချန်စွန်က ....

'မင်းတို့အခြေအနေအားလုံး အဖြစ်အပျက်အားလုံး တစ်ထိုင် တည်းနဲ့ သိသွားအောင် လီယွမ်နဲ့ငါ ပြောလိုက်တာပဲ၊ အခုအခြေ အနေအားလုံးကို မင်းသိသွားပြီ မဟုတ်လား'

'သိပါပြီ ဖေဖေ'

'မင်းတို့အဖေဟာ ဘယ်လိုလူစားမျိုးဆိုတာ သားတို့သမီးတို့ သိပြီးဖြစ်လို့ .... ဖေဖေဘာမှ မပြောလိုတော့ဘူး၊ အခု .... မင်းတို့ သုံးယောက် အိမ်ကို အမြန်ဆုံး ပြန်ကြပေတော့၊ တစ်ယောက်နဲ့ တစ်ယောက် ကိစ္စအားလုံးကို အသိပေးကြ၊ တိုင်ပင်ကြ၊ ကိုယ်သိ ထားတဲ့ ကိစ္စတစ်ခုကို ထိန်ချန်မထားကြနဲ့'

'ဟုတ်ကဲ့ပါဖေဖေ၊ ဖေဖေပြောတဲ့အတိုင်း ကျွန်တော်တို့လုပ် မယ်လို့ ကတိပြုပါတယ်'

'အေး . . . ကောင်းတယ်၊ ဝမ်းအေကတော့ ပညာနဲ့ပတ်သက် ပြီး နည်းနည်းပါးပါး အကူအညီရနိုင်တယ်၊ သခင်ကြီးကျင်ကို မင်းတို့ သုံးယောက် အိမ်ကိုတွဲခေါ်သွားကြ၊ အဆိပ်ဖြေဆေး သူ့ဒဏ်ရာထဲ ထည့်ပေးလိုက်၊ ဒဏ်ကြေဆေးလုံးကို ရေနွေးနဲ့ဖျော်ပြီး တိုက်လိုက်၊ ကြားကြရဲ့လား၊ လီယွမ်ကတော့ . . .'

ဆရာကြီးချန်စွန်သည် ကိစ္စအားလုံးကို စီမံခန့်ခွဲလိုက်သည်။ လီယွမ်ကိစ္စ ပြောမည်ကြံလိုက်သောအခါ ... လီယွမ်က ဝင်ရောက် တောင်းပန်လေ၏။

'ဆရာကြီးခင်ဗျား ... ကျွန်တော်လည်း အရိုးကြေကြေးပြား ထိထားလို့ သေရပါတော့မယ်၊ ကျွန်တော်သုံးရက်ထက် ပိုမနေရ တော့ပါဘူး၊ ကျွန်တော်ဟာသေလူပါ၊ သေရမဲ့အတူတူ မထူးတော့ ပါဘူးခင်ဗျာ .... ဆရာကြီးနဲ့ လက်တွဲပြီး အတူတူတိုက်ပွဲဝင်ပါမယ်၊ သရဲနှစ်ကောင်ကို ဆရာကြီးနဲ့ အတူတူ ရင်ဆိုင်တိုက်ခိုက်ပါမယ် ခင်ဗျာ ....'

ဤကား လီယွမ်၏ တောင်းပန်စကားတည်း။

ဆရာကြီးချန်စွန်သည် အံကြိတ်ပြီး ခေါင်းညိတ်လိုက်သည်။

❖❖❖❖❖



## အခန်း(၂)
## အဆိပ်အပ်ဒဏ်

စွန်ထိုင်တို့မောင်နှမနှင့် ဝမ်းအေတို့သည် ဘာဘကြီးကျင်ဝင် အား နေအိမ်သို့ခေါ်ဆောင်သွားကြသည်။ အိမ်သို့ရောက်လျှင် ကျင်ဝင်အား ဒဏ်ကြေဆေး တိုက်ကျွေးသည်။

ထိုစဉ် ... လေချွန်သံများ ကြားလိုက်ရသည်။

စွန်ထိုင်က ...

'လာပြီ . . လာပြီ . . ဟိုသရဲနှစ်ကောင်ရောက်လာကြပြီ'

ဝမ်းအေသည် တံခါးပေါက်အကြားမှ ချောင်းကြည့်လိုက် သည်။ လေချွန်သံများ ဆက်တိုက် ကြားနေရ၏။ လေချွန်သံ တစ်သံမှာ အလွန်ကျယ်ပြီး ကျန်လေချွန်သံတစ်သံမှာ အလွန် စူးရှသဖြင့် စိတ်ချောက်ချားစရာကောင်းသည်။ သေသေချာချာ ကြည့်လိုက်သောအခါ ... တောင်စောင်းပေါ်တွင် ဆင်းလာနေသော

မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်ကို မြင်ရသည်၊ ထိုယောကျ်ားမှာ အလွန်အရုပ်ဆိုးလှသည်၊ ထိပ်ပြောင်ပြောင်နှင့် နှုတ်ခမ်းမွေးဖွားဖွား သရဲသဘက်နှင့် အလွန်တူသည်။ မိန်းမဖြစ်သူမှာ ပဝါကို ဦးခေါင်းတွင် စည်းထားပြီး လိပ်ပြာပုံဆံပင်ကို ထုံးဖွဲ့ထားသည်၊ မျက်နှာမှာ စင်ရော်တောင်ကလေးကဲ့သို့ ရှိသည်။ ချောမောပြေပြစ်လှသည်။ သူတို့နှစ်ယောက် မှာ အဖြူနှင့်အမည်း စုံတွဲကဲ့သို့ ဖြစ်နေသည်။ ထိုသူများမှာ သူရဲနှစ်ကောင်ဟု ကျော်ကြားနေသော တုကွမ်ရင်နှင့် အိုရှင်ကျေတို့ပင်တည်း။

အိုရှင်ကျေခေါ် ရှင်ကျေသည် မိုးခြိမ်းသလို ဟိန်းဟောက်နေသည်။ လှုရိပ်ပေါ်ထွက်လာသည်နှင့် ချန်စွန်ကို ကြိမ်းသည်။

'ဟေ့ အဖိုးကြီး ... ... ခင်ဗျား မသေသေးပဲကိုး၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အကြွေးကို အခုလာပြီး တောင်းတာဗျ၊ စာရင်းရှင်းမယ်'

တုကွမ်ရင်ခေါ် ကွမ်ရင်ကတော့ အသံကလေး တစာစာနှင့် အော်သည်။

'ဆရာကြီး ချန်စွန် ... ရှင့်ကိုမတွေ့ရတာ ဆယ်နှစ်လောက်ရှိပေမယ့် ... အရင်လိုပဲ ကျန်းကျန်းမာမာပဲနော်၊ ဝမ်းသာပါတယ်ရှင်၊ ရှင်သာ သေသွားမယ်ဆိုရင် ကျမတော့ ဝမ်းနည်းလို့မဆုံး ဖြစ်မှာပဲ၊ ဟိုတုန်းကအကြောင်းကို ပြန်စဉ်းစားလိုက်ရင် ရှင်ဟာ လူပေါင်းသုံးလေးဆယ်ကို ဦးဆောင်ပြီး၊ ကျမတို့ကို ဝိုင်းတိုက်ကြတယ်မဟုတ်



လား၊ အများကြားမှာ ရောပြီး တိုက်ရခိုက်ရတယ်ဆိုတော့ ရှုဝေပင်မ သိုင်းရဲ့ဓားချက်ဓားကွက်တွေကို ကောင်းကောင်းမတွေ့လိုက်ရတော့ ယူကြုံးမရ ဖြစ်ခဲ့ရတယ်၊ ဒီကနေ့ မိတ်ဆွေဟောင်းကြီးနဲ့ ပြန်တွေ့ရတာ ဝမ်းသာစရာပဲနော် . .'

ချန်စွန်က ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

'ယှဉ်ပြိုင်ချင်ရင်လည်း တက်လာခဲ့ပါ၊ စကားကြောရှည်စရာ မလိုပါဘူး၊ မင်းတို့အလာကို စောင့်လိုက်ရတာ ဆယ်နှစ်တောင်ရှိနေပြီကွယ့်'

'ဩော် ... ဟုတ်လား၊ ဒီလိုဆို ဆရာကြီးကို သတိပေးချင်တယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ရှင်တို့လူအများကြီးနဲ့ ကျွန်မတို့ကိုဝိုင်းတိုက်တယ် မဟုတ်လား၊ ကျွန်မတို့ မသေဘဲ ဒီကနေ့ထိ ရှင်နေသေးတဲ့ အချက်ကလေးကို စဉ်းစားပါဦး၊ ဒီကနေ့ရှင်ဟာ တစ်ယောက်ထဲပါ၊ ဟိုတုန်းကလို ... ကျွန်မတို့ ထွက်ပြေးလိမ့်မယ် မထင်နဲ့၊ သားသမီးတို့ကို မှာစရာရှိတာ ... မှာထားပြီးပြီလား၊ ဆောင်ရွက်မပြီးသေးတဲ့ကိစ္စများ ရှိရင် ကျမတို့အကူအညီ ပေးရဦးမှာလား'

သူမသည် ရင်းနှီးသည့် မိတ်ဟောင်းဆွေဟောင်းကြီးကို ဂရုတစိုက် မေးနေသကဲ့သို့ ပြောနေသည်။ ချန်စွန်မှာ သူမ၏ ထေ့လုံးကြောင့် ဒေါသထွက်လာလေသည်။

သူ့ညာလက်သည် ဓားရိုးကို ဆုတ်ကိုင်မိပြီးနောက် ...

'ရှမ်း ....'

ဓါးကိုဓားအိမ်မှ ဆွဲထုတ်လိုက်သည်။

ကွမ်ရင်က မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး ရယ်လိုက်လေ၏။

'ဒိ . . ဒိ . . ဒိ'

ဆရာကြီးချန်စွန်က အော်မေးလိုက်၏။

'မင်း ... ဘာရယ်တာလဲ'

'ဩော် .. တစ်ယောက်ထဲမှ မဟုတ်ဘဲ၊ မိတ်ဆွေတစ်ယောက်လည်း ဒီမှာရှိနေသေးတာကိုး၊ လက်စသတ်တော့ ချောပို့ဆရာကြီး လီယွမ် ဖြစ်နေတာကိုး၊ ရှင့်မှာ ကျမအစ်ကိုတော်ရဲ့ အရိုးကျေကြေးပြားလက်နက် ထိထားတယ်၊ ရှင်သိရဲ့လား၊ ကိုယ်လက်လှုပ်ရှားလို့ မဖြစ်ဘူး၊ ငြိမ်ငြိမ်ကလေးနေရင် သဘက်ခါအထိ ရှင်နေနိုင်သေးတယ်၊ ကျွန်မ စကားကိုနားထောင်ပြီး ခုတင်ပေါ်မှာ သေဖို့စောင့်နေတာ ကောင်းလိမ့်မယ်ထင်တယ်'

လီယွမ်မှာ ... ဒေါသအမျက် ချောင်းချောင်းထွက်နေသည်။ သူက စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

'အတော်လည်း ယုတ်မာတဲ့သရဲမ ... သခင်ကြီးကျင်နဲ့ နင်ဟာ ဘယ်လိုရန်ငြိုးရှိလို့ ဒါလောက်တောင် ရက်စက်ရတာလဲ၊ အရိုးကြေကြေးပြားဒဏ်ရာ ရထားပေမယ့်၊ နင်နဲ့ တစ်ချီတစ်မောင်းတော့ တိုက်နိုင်ပါသေးတယ် ... သိရဲ့လား'



ကွမ်ရင်က ရယ်လေ၏။

'ကျွန်မ ဘဝတစ်လျှောက်လုံး လူသတ်လာခဲ့တဲ့အတိတ်မှာ ဘာကြောင့်သတ်ရတယ်ဆိုတာ တစ်ခါမှ ရှင်းမပြခဲ့ဘူး၊ ဒီတစ်ခါတော့ ရှင်းပြဦးမယ်'

လီယွမ်က ဒေါသဖြင့် အော်လိုက်၏။

'ရှင်းပြစမ်းပါဦးဗျာ၊ ကျုပ်တို့ နားဆင်ပါရစေဦး'

'ဒီလိုရှင့် . . ဘုရင်မကြီးဝူကျေထန်နှင့် ကျွန်မတို့ဟာ ...'

ဆရာကြီးချန်စွန်က . .

'ဘုရင်မကြီး ဝူကျေထန်နဲ့ မင်းတို့ဟာ တစ်ပေါင်းတည်း တစ်စည်းတည်းဆိုပါတော့'

'ပြောဖို့ လိုသေးသလားရှင်၊ ထားပါ .... သခင်ကြီးကျင်ဟာ မိုင်ပေါင်းများစွာဝေးတဲ့ ပြည်နယ်ကို သွားခဲ့ရတယ် မဟုတ်လား၊ သခင်ကြီးကျင် ပင်ပန်းတာပေါ့ရှင်၊ သခင်ကြီးကျင် ခရီးဆုံးသွားနေရင် ပင်ပန်းမယ်၊ ဒီတော့ ကျွန်မတို့က သည်းပေါက်ဒေဝါအပ်နှစ်ချောင်း လက်ဆောင်ပေးလိုက်တာပါ၊ ဘုရင်မကြီးဝူကျေထန်နဲ့ ကျွန်မတို့ရဲ့ စေတနာပါရှင်၊ သခင်ကြီးကျင် ... နောက်ထပ်ခရီးဆက်စရာ မလိုအောင် ကျွန်မတို့က လက်ဆောင်ပေးလိုက်တာပါ'

ကွမ်ရင်က ပြောရင်း ရယ်မောလိုက်သည်။

ဝမ်းအေသည် ထိုစကားကို ကြားလိုက်ရသဖြင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားသည်။ တစ်ယောက်တည်း ရေရွတ်မိ၏။

'ဘာဘကြီးချန်စွန် ထင်တာ မလွဲဘူး၊ ဒီသရဲနှစ်ကောင်ကို ဘုရင်မကြီး ဂူကျေထန်က စေလွှတ်လိုက်တယ်ဆိုတာ တကယ်ပဲဖြစ်နေတာကိုး'

သို့သော် ... သူမ၏ စိတ်ထဲမှာ သံသယ နည်းနည်းရှိနေသေးသည်။

'ကွမ်ရင်ရဲ့ အမှုအရာဟာ ဘာဘချန်စွန်ကို တမင်သက်သက် လုပ်ကြံပြောနေတာနဲ့တူတယ်၊ ဂူကျေထန်ဟာ မှူးကြီးမတ်ကြီးတွေကို လုပ်ကြံသတ်ဖြတ်တဲ့ကိစ္စမှာ အလွန်လျှို့ဝှက်တဲ့ကိစ္စ ဖြစ်တယ်၊ ဘာဖြစ်လို့ သူတစ်ပါးသိမှာ မစိုးရိမ်ဘဲ ကြိုတင်ပြောကြားထားရသလဲ ဆိုတဲ့ အချက်ဟာ စဉ်းစားစရာပဲ ...'

ချန်စွန်မှာ မူလကပင် ဂူကျေထန်ကို တရားခံဟုသတ်မှတ်ထားသည်။ ၎င်း၏စကားကို ကြားရသောအခါ ဒေါသူပုန်ထတော့သည်။ သူက စိတ်ဆိုးမာန်ဆိုးဖြင့် ...

'ဂူကျေထန်က သရဲမကြီး၊ မင်းတို့နှစ်ယောက်က သရဲကလေး၊ သူ့ရဲမကြီးကိုတော့ ငါမသတ်နိုင်ဘူး၊ မင်းတို့နှစ်ယောက်နဲ့ပဲ ချရမှာပဲ၊ ဟေ့ ရှင်ကျေ ... ကွမ်ရင် ... မင်းတို့တစ်ပြိုင်တည်းတက်ပြီး တိုက်မှာလား၊ တစ်ယောက်စီ တက်မှာလား'

ဟု စိန်ခေါ်လိုက်လေ၏။

သူ့ရဲ့နှစ်ကောင်မှာ သူ့ကိုကြည့်ရင်း တဟီးဟီး တဟားဟား ဖြင့် ရယ်မောနေကြ၏။



ထို့နောက် ကွမ်ရင်က . . .

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက သိုင်းလောကမှာ ထားတဲ့ စည်းမျဉ်းကို ဖောက်ပြီး အများနဲ့ပိုင်းတိုက်ကြတယ်၊ ဒါပေမဲ့ ရှင့်ရဲ့ အသက်အရွယ်ကို ထောက်ထားတဲ့အနေနဲ့ ကျွန်မအစ်ကိုတော်နဲ့ အရင်တိုက်ကြပါ၊ အတိုက်ရ သက်သာမယ်မဟုတ်လား၊ ရှင်မောတဲ့ အခါကျမှ ကျွန်မက နည်းလမ်းကောင်းကလေးကို ရှာကြံပြီး ဒုက္ခအခံ ရသက်သာအောင် သေရွာကို ပို့ပေးပါ့မယ် . . .'

ရှင်ကျေသည် ဓားကိုဆွဲပြီး ဝှေ့ရမ်းကာ ရှေ့တက်လာ၏။

'ဒီအဖိုးကြီးကို ဘာပြုလို့ သနားနေရတာလဲ၊ သူ့ကို ဘာမှ ညှာစရာမလိုဘူး၊ အစ်ကိုက ဓားတစ်ချက်တည်းနဲ့ သူ့ကို သေရွာပို့ပစ်လိုက်မယ် . .'

'ကျား . .'

သူသည် ဓားကို လျင်မြန်စွာမြှောက်လိုက်၍ ဦးခေါင်းကို မှန်းပြီး ခုတ်ပိုင်းလိုက်သည်။

ချန်စွန်သည် နဂါးမင်းကွေ့လျှော ခြေသိုင်းကွက်နင်း၍ ပြန်ခံလိုက်သည်။

'ချွမ် ...'

ရန်သူ၏ ဓါးချက်ကို တိမ်းရှောင်ရင်း၊ ထိုးချက်ဓါးချက်ကို ပြန်သွင်းလိုက်သည်။ ခြေကွက်နှင့် ကိုယ်အနေအထားမှာ တိကျလွန်းသည်။ ချန်စွန်၏ အပြောင်မြောက်ဆုံး ဓါးကွက် ဖြစ်သည်။ ချန်စွန်၏

သိုင်းကွက်မှာ ရှင်ကျော်၏ ဓါးချက်ကို လွတ်သွားစေသည်။ ရှင်ကျော်သည် သူ၏လက်ကို ဆန့်ထုတ်လိုက်ပြီး ဓါးဦးကိုလှည့်တာ ဝိုင်းချလိုက်သည်။ ဓါးဦးမှာ ချန်စွန်၏ရင်ဘတ်ဆီသို့ ရောက်လာသည်။

သို့သော် ချန်စွန်သည် ရှင်ကျော်၏ဓါးချက်ကို ဖယ်ပစ်လိုက်၏။

'ချလွမ်း'

မီးပွားကလေးများ ဖြာထွက်လာသည်။ ချန်စွန်၏ လက်ခွကြားမှာ နာကျင်သွားသည်။ ရှင်ကျော်မှာလည်း လျင်မြန်စွာ နောက်ကို သုံးလေးလှမ်းဆုတ်လိုက်ရသည်။

ကွမ်ရင်က အော်ဟစ်သတိပေးသည်။

'အစ်ကိုရေ .. ရန်သူကိုအထင်သေးလို့ မရဘူးနော်၊ ဆရာကြီးချန်စွန်ဟာ ဘကြီးတော်ဘုရားကိုယ်တိုင် ရွေးခန့်ထားတဲ့ လက်ရွေးစင်ရှင့်၊ ကိုယ်ခံပညာမကောင်းရင် တံခါးမှူးအဖြစ် ဘယ်အမှုထမ်းလို့ ဖြစ်ပါ့မလဲ'

ရှင်ကျော်သည် ထပ်မံတက်လာပြန်သည်။ ဓါးကိုတဝိုးဝိုးဝှေ့ရမ်းလာသည်။ အားပြင်းသည်၊ အကွက်စေ့သည်၊ ချန်စွန်ကိုဓါးရိပ်ဖြင့် ဝိုင်းထားလိုက်သည်။

ရှင်ကျော်၏ဓားသည် .... ရေပက်မဝင်အောင် ကောင်းဒွန်လှသဖြင့် မြင်သူတိုင်း ထိတ်လန့်လောက်ပေသည်။

ထိုတိုက်ပွဲကို စွန်ထိုင်တို့မောင်နှမနှင့် ဝမ်းအေတို့သည် တံခါးကြားမှ ချောင်းကြည့်နေကြ၏။



ဝမ်းအေသည် ရှင်ကျော်၏ တိုက်ကွက်ကို မြင်ရသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ်သွား၏။

သူမသည် စွန်ထိုင်တို့ မောင်နှမလည်း သူကဲ့သို့ ထိတ်လန့်မည်ဟု ယူဆသဖြင့် လှည့်ကြည့်မိသည်။ သို့သော် .. စွန်ထိုင်တို့မောင်နှမသည် လုံးဝ မတုန်လှုပ်ကြချေ။ သူတို့ အေးဆေးနေကြသည်။

ထိုစဉ် ...

စွန်ဝိက လေသံဖြင့် ပြောလေ၏။

" ဖေဖေရဲ့အစွမ်းကို ရှင်ကျော် မသိသေးဘူး၊ ဖေဖေရဲ့ ဓါးကွက်ဟာ လှုပ်ရှားနေတဲ့ ဓါးချက်ကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်စွမ်းရှိတယ် ....'

ခဏကြာသောအခါ ... ရှင်ကျော်၏ ဓါးချက်မှာ တစ်ချက်ပြီးတစ်ချက် ပိုမြန်လာသည်။ သို့သော် ချန်စွန်သည် ဓါးရိပ်အောက်မှာ ကြောက်ရွံ့ရုန်ကန်ရှင့် တုန်လှုပ်ခြင်းမရှိဘဲ ရန်သူ၏ဓါးချက်ကို ဖောက်ပြီး ဓါးဦးနှင့် ထောက်ပေးလိုက်၏။

ထို့နောက် ချန်စွန်၏ ဓားမှာ လျှပ်ပြက်သကဲ့သို့ ဝင်းခနဲ လက်သွားပြီး ရှင်ကျော်၏ ကြောက်စရာ အော်လိုက်သောအသံကို ကြားလိုက်ရသည်။

'ဝိုး . . ဝှစ် . . ဝှစ် . .ဝှစ်'

လေတိုးသံနှင့်အတူ ရိုးကြေကြေးပြား လျှို့ဝှက်လက်နက် ပစ်လွင့်လာသံကို ကြားလိုက်ရလေ၏။

ချန်စွန်သည် ကိုယ်ကိုလှည့်ပြီး ... ခြေဖျားကို ထောက်ကာ စုန်လိုက်သည်။ ရိုးကျေကြေးပြားအားလုံးတို့ကို ရှောင်လိုက်ရလေ၏။ အိမ်တွင်းမှ ချောင်းကြည့်နေသော စွန်ထိုင်မောင်နှမတို့မှာ စိုးရိမ်သွားကြလေ၏။

ကွမ်ရင်က သြဘာပေးရင်း . . .

'ဆရာကြီးချန်စွန်ရဲ့ ... လျို့ဝှက်လက်နက်ပုန်း ရှောင်ကွက်ကလေးဟာ သိုင်းလောကမှာ မှတ်တမ်းတင်လောက်ပါပေတယ်၊ ဆရာ ကြီးကို ကျွန်မတို့ အထင်မသေးတာ အမှန်ပဲပေါ့'

ချန်စွန်မှာ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်၍ ပထမကြေးပြားကို ရှောင်လိုက်သည်။ ဓါးနှောင့်ကိုလှည့်ပြီး ဒုတိယကြေးပြားကို ရိုက်ထုတ်လိုက်သည်။

တတိယကြေးပြားသည် ... ဒုတိယကြေးပြားနှင့် ထိမိသည်နှင့် ....

'ချွမ်း . . . '

ချန်စွန်သည် ကြေးပြားကို ခါထုတ်လိုက်သော ဓားချက်ဖြင့်ကာပြီး ခေါင်းကို ငုံ့လိုက်သည်။ ကြေးပြားမှာ ဦးခေါင်းကို ကျော်ဖြတ်သွား၏။

'အလာရှိရင် အသွားရှိမှ တာဝန်ကျေတယ်ကွ'

ချန်စွန်က ပြောပြောဆိုဆို လျို့ဝှက်လက်နက်အိတ်အတွင်းမှ ဓားမြှောင်သုံးချောင်း ဆွဲထုတ်လိုက်သည်။



တစ်ချိန်တည်းမှာပင် ဓားမြှောင်များနှင့်လည်း ပစ်ပေါက်တိုက်ခိုက်လိုက်သည်။ သူ၏လှုပ်ရှားမှုမှာ လွန်စွာလျင်မြန်လှ၏။ ရှင်ကျေသည် ချန်စွန်၏တိုက်ခိုက်မှုမှာ ဤမျှမြန်ဆန်လိမ့်မည်ဟု မတွေးမိသောကြောင့် ဓားမြှောင်သုံး ချောင်းကိုသာ ရိုက်ချနိုင်သည်။ သို့သော် ချန်စွန်၏ ဓားဦးမှာ ရင်ဘတ်ဆီသို့ တိုးဝင်လာပြန်လေ၏။

'အား ...'

ဓားချက်ကို ကာရန် အချိန်မမီတော့ပေ။ ဓါးချက်သည် သေကွက်ဆီသို့ တန်းတန်းမတ်မတ် တိုးဝင်လာသည်။

သို့သော် ... ရှင်ကျေမှာ တစ်ချက်သာအော်ပြီး ပေသုံးလေးဆယ်ခန့် လိမ့်ထွက်သွား၏။ ကင်းမြီးကောက်ထောင်ပြီး ထလိုက်သည်နှင့် ရိုးကြေကြေးပြား တစ်ဆုပ်ခန့်တို့သည် ပျံထွက်လာပြန်သည်။

'ဝှစ် . . ဝှစ် . .ဝှစ်'

အမှန်စင်စစ် ရှင်ကျေနှင့် ကွမ်ရင်တို့၌ ထူးဆန်းသော အတတ်ပညာများ ရှိသည်။ ချက်ကောင်းကို ထိုးမိ ခုတ်မိသော်လည်း ကွက်ပြောင်းအတတ်ဖြင့် ပြောင်းလဲလိုက်သောကြောင့် ပေါက်ပြဲရုံသာရှိသဖြင့် ပြန်လည်ထိုးသတ်နိုင်စွမ်းရှိသည်။

ချန်စွန်သည် လျှပ်တစ်ပြက် အတွင်းစွမ်းအားနှင့် သိုင်းကွက်က လျင်မြန်ခြင်းကြောင့် ရိုးကြေကြေးပြားတို့ကို တစ်ပြားမကျန်ရိုက်ချနိုင်ခဲ့သည်။

သို့သော် ... အသက်ထောက်လာ၍ ပင်ပန်းမောဟိုက်နေ၏။ ရေရှည်တိုက်လျှင်တော့ သူ့အတွက် မလွယ်လှချေ။

ထိုအခါ ကွမ်ရင်သည် ရယ်မောကာ ရှေ့သို့ တိုးလာ၏။

'ဆရာကြီး ချန်စွန်ဟာ ပညာသိပ်ကောင်းတာပဲ၊ ဒါပေမယ့် ကျုမရဲ့သည်းပေါက်ဒေဝါအပ်က ရိုးကျေကြေးပြားနဲ့တော့ မတူဘူး ရှင့် ... နွားရဲ့ အမွေးအမျှင်လောက် သေးငယ်တယ်၊ ပစ်လိုက်ရင် အသံမမြည်ဘူး၊ ခံတို့ ကာဖို့ မလွယ်ဘူး၊ ဆရာကြီးချန်စွန်က သတိကလေးနည်းနည်း ပိုထားဖို့ ... လိုလိမ့်မယ်၊ ဒါကတော့ ကျွန်မရဲ့ စေတနာစကားပါ . . .'

ဝမ်းအေမှာ ပြောသံဆိုသံကို ကြားရသည်နှင့် ကြက်သီးများ ထလာမိ၏။ ဤဆယ်နှစ်အတွင်း သူတို့၏ ပညာများမှာ ကြောက်ခမန်းလိလိ တိုးတက်လာပေလိမ့်မည်။

ကွမ်ရင်သည် ရုတ်ခြည်း ဓားကိုဆွဲထုတ်ပြီးသည်နှင့် ချန်စွန်၏ ပခုံးဆီသို့ ဓားဦးက ချက်ချင်းရောက်လာသည်။

သို့သော် ... ချန်စွန်မှာ ဓားကွက်ကျွမ်းပြီး သိုင်းကွက် လျင်မြန်မှုကြောင့် ကိုယ်ကိုစောင်းကာ ဦးခေါင်းကိုတိမ်းလိုက်သောကြောင့် ကွမ်ရင်၏ ဓားချက်မှာ လွတ်ထွက်သွားလေ၏

တစ်ဖန် ကွမ်ရင်က . . .

'ဆရာကြီး ချန်စွန်၊ ဒီတခါ သတိထားပေတော့'

ကွမ်ရင်သည် ရယ်လိုက်ပြီး ဓားဦးကို ဝှေ့ရမ်းလိုက်သည်။



'သေဖို့သာ ပြင်ထားပေတော့'

အောသံနှင့်အတူ သည်းပေါက်ဒေဝါအပ်တို့ကို တစ်ချိန်တည်း ပစ်လွှတ်လိုက်လေ၏။

သို့သော် ...

ချန်စွန်သည် ကွမ်ရင်၏ ဓားချက်နှင့်အတူ လျှို့ဝှက်လက်နက် ပစ်မည်ကို ခန့်မှန်းထားသောကြောင့် သည်းပေါက်ဒေဝါ အပ် အားလုံးကို ရိုက်ချပစ်နိုင်လိုက်သည်။ ထို့ကြောင့် လက်နက်ပုန်း အားလုံး ပျောက်ကွယ်သွားလေ၏။

'ဟဲ . . ဟဲ . . ဟဲ ... သည်းပေါက်ဒေဝါအပ်ရဲ့ အစွမ်းဟာ ဒါလောက်ပဲလား၊ မင်းတို့ အပြောကြီးကြတယ်ဆိုတာ ခုမှပဲ သိရတော့တယ်'

ကွမ်ရင်မှာ မျက်နှာတစ်ချက် ပျက်သွားသည်။

သူမသည် ရှက်ရှက်နှင့်ဓားချက်ကို မြန်နိုင်သမျှမြန်အောင် ထိုးခုတ်လာပြီး သည်းပေါက်ဒေဝါအပ်တို့ကို အဆက်မပြတ်လွှတ်လိုက်ပြန်သည်။

ချန်စွန်သည် ရှောင်တိမ်းကာကွယ်သော်လည်း သည်းပေါက်ဒေဝါအပ်တို့ လာရာလမ်းကို အတိအကျ ခန့်မှန်းမရသောကြောင့် အာရုံ ရှုပ်ထွေးသွားလေသည်။

အပ်များမှာ အလွန်သေးငယ်လှ၏။ ထို့အပြင် အာရုံရှုပ်ထွေးလျှင် ရှောင်ရန် ပို၍ ခက်ခဲပေသည်။

ထိုမှသာမက ...

ချန်ဗွန်သည် ရှင်ကျေးနှင့် တိုက်ခိုက်စဉ်က အားအတော်ကုန်ခဲ့သည်။ သည်းပေါက်ဒေဝါအပ်တို့ကို ရှောင်ရ တိမ်းရသည်မှာလည်း အတွင်းအားကို အသုံးပြုရသဖြင့် ရှေ့ရှည်၌ လက်ရည်တဖြည်းဖြည်းကျလာသည်။

ကွမ်ရင်၏ သည်းပေါက်ဒေဝါအပ်က အစွမ်းထက်သည့်အပြင် ဓားကွက်ကလည်း ရှင်ကျေးထက် ပိုကောင်းနေသည်။ ထိုစဉ် ... ရှင်ကျေးကလည်း ဝင်၍တိုက်ပြန်သည်။ သိုင်းကွက် လေးငါးဆယ်ကွက်ခန့် ထိုးခုတ်ပြီးသောအခါ သူ့ရဲ့နှစ်ကောင်ဘက်မှ အသာစီးရလာသည်။

'အဖိုးကြီး .... ရှင်ဒီကနေ့ သေနေ့စေ့ပြီ .... သိရဲ့လား'

ပြောပြောဆိုဆိုနှင့် ကွမ်ရင်က သည်းပေါက်ဒေဝါအပ်တို့ကို ပစ်လွှတ်လိုက်ရာ ... ချန်ဗွန်မှာ သရဲနှစ်ကောင်တို့၏ ရှေ့နောက်ညှပ်တိုက်ခြင်းကို ခံနေရသောကြောင့် ရှောင်တိမ်းရန်အချိန်မရတော့ဘဲ အသက်အန္တရာယ်နှင့် ကြုံတွေ့ကာ ဘေးကြပ်နံကြပ် ဖြစ်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် ..

လူရိပ်တစ်ခုသည် ချန်ဗွန်၏ကိုယ်ပေါ်သို့ ကျရောက်လာသည်။ သည်းပေါက်ဒေဝါအပ်တို့ကို ဝင်ခံလိုက်သည်။ တစ်ဆက်တည်း ခြေထောက်ဖြင့် ရှင်ကျေးအား လှမ်းကန်လိုက်သည်။



ရှင်ကျေးမှာ အငိုက်မိသွားသဖြင့် ကန်ချက်ကို မရှောင်တိမ်းနိုင်တော့ဘဲ အဝေးသို့လွင့်စဉ်၍ လဲကျသွားသည်။

ချန်ဗွန်က မိမိအားကူညီသူကို ကြည့်လိုက်သည်။

လျှပ်တစ်ပြက် ဝင်ရောက်ကူညီသူမှာ လီယွမ်ပင်တည်း။

သူသည် အသက်စွန့်ကာ ချန်ဗွန်ကို ကယ်တင်လိုက်ပြီး ရန်သူနှစ်ယောက်ကို တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ ကွမ်ရင်မှာ ကံကောင်းသဖြင့် ရှောင်တိမ်းရန် အခွင့်အရေးရသွားသည်။ သို့သော် အသာစီးရနေသည့် အခွင့်အရေးကို လက်လွှတ်လိုက်ရသဖြင့် မျက်နှာပျက်သွားလေတော့သည်။

ထိုအခါ တံခါးကြားမှ ချောင်းကြည့်နေသော စွန်ထိုင်မောင်နှမနှင့် ဝမ်းအေတို့မှာ ထိတ်လန့်သွားကြသည်။ စွန်ထိုင်သည် တံခါးကို လက်ဝါးနှင့် ရိုက်ဖွင့်လိုက်သည်။

'ဗြိန်း .. '

တံခါးမှာ ပွင့်ထွက်သွား၏။ ဖခင်၏ အမိန့်ကိုမစောင့်ဘဲ ဓားဆွဲထွက်လာသည်။ သို့သော် ... ကွမ်ရင်သည် ရယ်သံတစ်ချက် ပြုလိုက်ပြီး ရှင်ကျေးကို ဆွဲယူတွဲခေါ်ကာ တောင်အောက်သို့ ဆင်းပြေးသွားလေတော့၏။ တစ်ခဏချင်းမှာပင် လူရိပ်ပျောက်သွားလေတော့သည်။

လီယွမ်မှာ ... မြေကြီးပေါ်တွင် လဲနေပြီး တစ်ကိုယ်လုံးမှာ သည်းပေါက်ဒေဝါအပ်များစိုက်က သေဆုံးနေချေပြီ။

ချန်စွန်သည် ... သားနှင့်သမီးတို့ကို လက်ယပ်ခေါ်ယူလိုက်သည်။

'မင်းတို့ ဒီကျေးရူးရှင်ကို မြေမြှုပ်လိုက်ကြ၊ နှစ်စဉ် နှစ်တိုင်း ဒီနေ့ရက်မှာ သူ့ကို လာကန်တော့ရမယ်'

ဆရာကြီးချန်စွန်သည် သူ့အားအသက်စွန့်ကယ်တင်သော လီယွမ်အတွက် လွန်စွာစိတ်ထိခိုက်သွား၏။ လီယွမ် မကယ်လျှင် သူ့ဘဝသည် ယခုလီယွမ်၏အဖြစ်ဆိုးမျိုး ကြုံရပေမည်၊ ထို့နောက် လီယွမ်လည်း အသက်ဆုံးရှုံးရပေလိမ့်မည်။

ကွမ်ရင်နှင့် ရှင်ကျေသည် ... အားလုံးကိုသတ်ပစ်ကြမည်မှာ သံသယ ဖြစ်စရာမရှိပေ။

စွန်ထိုင်တို့မောင်နှမနှစ်ယောက်သည် လီယွမ်ကိုသင်္ဂြိုဟ်ရန် ပြင်ဆင်ကြလေတော့၏။

❖❖❖❖❖



## အခန်း (၃)
## အဆိုးအကောင်း ဒွိဟ

ဆရာကြီး ချန်စွန်သည် ကုတင်ပေါ်တွင် လဲလျောင်းနေသော ကျင်ဝင်ကို ကြည့်လိုက်၏။ ကျင်ဝင်ကား အသက်ငွေ့ငွေ့ကလေး သာရှိတော့သည်။ အသက်မျှင်မျှင်ကလေးသာ ရှူရှိုက်နေသည်။

ဆရာကြီးချန်စွန်သည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောလိုက်လေ၏။

'သူငယ်ချင်းရေ ... ငါ့ကိုတမလွန်ဘဝက ခွင့်လွှတ်ပေတော့၊ မင်းအခြေအနေက တကယ်ပဲ စိုးရိမ်စရာအခြေအနေဖြစ်နေပြီ၊ မင်းကို ငါ .... မစောင့်ရှောက်နိုင်တော့ဘူး'

လီယွမ်၏အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပြီးသော စွန်ထိုင်တို့ မောင်နှမတို့သည်လည်း ဖခင်ကြီး ချန်စွန်၏ နောက်ပါးသို့ ရောက်ရှိလာကြလေ၏။

ချန်စွန်က . . .

'တံခါးပိတ်လိုက်ပေ့ .... ပြောစရာရှိတယ်'

စွန်ထိုင်က တံခါးပိတ်လိုက်သည်။

ဆရာကြီးချန်စွန်က ဝမ်းအေဘက်လှည့်ကာ ပြောလိုက်သည်။

'ဝမ်းအေ ဒီကိစ္စနဲ့ပတ်သက်ပြီး ... နောက်နှစ်နှစ်ကြာ အရွယ်ရောက်မှ ပြောမလို့ဘဲ ၊ ဒါပေမယ့် .... အခြေအနေအရ အချိန်ကို စောင့်နေလို့ မဖြစ်တော့ဘူးကွယ့်'

ဝမ်းအေ ... အံ့ဩသွားသည်။

'ဘာဖြစ်လို့လဲ ဘဘကြီးရယ်'

'ဘဘမှာ ... သည်းပေါက်ဒေဝါ အပ်နှစ်ချောင်း ထိမှန်ထားပြီကွယ့် ... အသက်မသေရင်တောင်မှ လူစဉ်မီမှာ မဟုတ်ဘူး၊ နောက်ဆယ်နှစ်လောက် ကြိုးစားတာတောင် ကာယစွမ်းအား ပြန်ရဖို့ ခဲယဉ်းတယ်ကွယ့်၊ ဒါလောက်ပဲ ဒဏ်ရာရတာဟာ လီယွမ် ကျေးဇူးရှင်ကြီးကို ကျေးဇူးတင်ရဦးမယ်၊ သူက ငါ့ကိုယ်စား ခံစားသွားလို့ အသက်ဘေးက လွတ်မြောက်ခဲ့ရတယ်'

'ဩော် .... စိတ်မကောင်းလိုက်တာ ဘဘကြီးရယ်'

ဝမ်းအေမှာ အထိတ်တလန့် ဖြစ်သွားရတော့သည်။

ချန်စွန်က စကားကို ဆက်ပြောပြန်သည်။

'ဟိုသရဲမ ထပ်လာမှာကို စိုးရိမ်ရတယ်၊ ဒါကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ မနက်ဖြန် အိမ်ပြောင်းမယ်၊ သမီးဝမ်းအေနဲ့



ဘဘ ဒီကနေ့ပဲ အတူနေနိုင်ဖို့ အခွင့်အလမ်းရှိတော့တယ်'

'ဘဘကြီးတို့က ဘယ်ကိုပြောင်းရွှေ့သွားမှာလဲ၊ ကျမလိုက်ပြီး ပြုစုပါ့မယ်'

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘဘကြီးက သမီးလေးကို မလိုလားလို့ မဟုတ်ဘူး၊ သမီးလေးမှာ အလွန်ကြီးမားတဲ့ကိစ္စ ဆောင်ရွက်ဖို့ရှိသေးတယ်ကွယ့်၊ တာဝန်တွေ ရှိသေးတယ် . . .'

ဝမ်းအေမှာ နှလုံးတုန်ပြီး ရင်ခုန်လာသည်။

ဆရာကြီးချန်စွန်က ဆက်၍ပြောသည်။

'သမီးလေး ဝမ်းအေ၊ သမီးရဲ့ အဖေနဲ့ အဘိုး ဘယ်လိုသေရတယ်ဆိုတာ သိရဲ့လား၊ အမှန်တော့ ဝူကျေထန်ဘုရင်မကြီးဟာ မင်းမျိုး မင်းနွယ်နဲ့ သစ္စာရှိတဲ့ မှူးကြီးမတ်ရာ သေနာပတိတို့ကို သတ်ခဲ့တယ်၊ သမီးလေးရဲ့ အဘိုးနဲ့ အဖေကိုလည်း ဝူကျေထန်က သတ်ပစ်တာကွယ့် ... သိရဲ့လား'

ဆရာကြီးချန်စွန်သည် ခုနစ်နှစ်တိုင်တိုင် မပြေမလည် ဖြစ်ခဲ့ရသော အကြောင်းအရာကို ဖော်ထုတ်ပေးလိုက်သည်။ ဝမ်းအေမှာ သတိလစ်မတတ် ကြက်သေသေသွားပြီး ချန်စွန်အား စိုက်ကြည့်နေသည်။ စကားလည်း တစ်လုံးမျှ မပြောနိုင်တော့ပေ။

ခုနစ်နှစ် အတောအတွင်း ... ချန်စွန်းသည် ဝူကျေထန်ဘုရင်မကြီး၏ မကောင်းကြောင်းကို ဝမ်းအေအား ထပ်တလဲလဲ ပြောလာခဲ့သည်။

ထိုအခါ ဝမ်းအေးသည် ဝူကျောထန်ဘုရင်မကြီးအပေါ် မေတ္တာမရှိသော်လည်း ယောကျ်ားများထက် အရည်အချင်းသာသော အမျိုးသမီးတစ်ယောက်ဖြစ်သည်ဟု .... အထင်ကြီးခဲ့သည်။ ထို့ကြောင့် ယောကျ်ားတို့အပေါ် အုပ်ချုပ်နိုင်ပြီး ဘုရင်မ လုပ်နိုင်ခဲ့သည်။ ဒီအချက်ကို လေးစားခဲ့၏။ သို့သော် ...ယခုတော့ မိမိမုန်းတီးနေသူမှာ မမျှော်လင့်ဘဲ မိမိအထင်ကြီးခဲ့သော ဝူကျောထန် ဖြစ်နေလေ၏။

ဆရာကြီး ချန်စွန်သည် .... ဝမ်းအေး၏ ဆံပင်ကလေးကို ပွတ်သပ်ရင်း ...

'လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က သမီးလေးရဲ့အဘိုး ရှန်ကွမ်အိဟာ ဝူကျောထန်ဘုရင်မကြီးရဲ့ သားတော်လီဟုန်ရဲ့ ဆရာပဲ၊ သမီးလေးရဲ့အဖေဟာလည်း ... ရှန်ကွမ်အိ ဆီမှာပဲ ပညာသင်ရတော့ မင်းသား လီဟုန်နဲ့ သမီးအဖေဟာ ပညာသင်ဖက်တွေပေါ့'

ဆရာကြီး ချန်စွန်သည် အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။ ပြီးမှ ...

'မိဖုရားကြီးဟာ တော်တော်ဆိုးတယ်၊ သူ့ခင်ပွန်းဖြစ်တဲ့ ဘုရင်ကြီးတောင် စိတ်ချမ်းသာလက်ချမ်းသာနဲ့ မအုပ်ချုပ်ရဘူး၊ ဘုရင်ကြီးကို တော်တော်ဒုက္ခပေးခဲ့တယ် ... '

ဆရာကြီးချန်စွန်က ဆက်၍ . . .

'နောက်တော့ ဝူကျောထန်ဟာ ဘုရင်ကြီးရဲ့ အာဏာကို လုယူမဲ့အန္တရာယ်ကို မြင်လာတယ်၊ အဲဒီအခါမှာ ... ဘုရင်ကြီးဟာ ယုံကြည်စိတ်ချရတဲ့ မှူးမတ်တွေနဲ့တိုင်ပင်ပြီး ဝူကျောထန်ရဲ့ဘက်တော်သားတွေကို သုတ်သင်ဖို့ စီမံခဲ့တယ်၊ ဘုရင်ကြီးဟာ သမီးလေးရဲ့ အဖိုး ရှန်ကွမ်အိကို ထုတ်ပြန်မဲ့သတင်းတစ်ပုဒ် ရေးခိုင်းခဲ့တယ်၊ အဲဒါကတော့ ... ဝူကျောထန်ကို မိဖုရားအရာက ဖယ်ရှားပစ်မဲ့သတင်းပဲ၊ အဲ့ဒီသတင်းဟာ မိဖုရားဝူကျောထန်ရဲ့ နားကို ပေါက်ကြားသွားခဲ့တယ်'



ဝမ်းအေးမှာ ရှေ့ဆက်သိချင်လာမိသည်။

'ဘဘကြီးရယ် . . ရှေ့ဆက်ဘယ်လိုဖြစ်သွားသလဲဟင်'

ဆရာကြီးချန်စွန်က ခေါင်းညိတ်လိုက်သည်။

'သိရမှာပေါ့သမီးရယ်၊ သမီးသိစေချင်လို့ ... သိကိုသိရမှဖြစ်မှာမို့ ဘဘပြောပြနေတာပဲ၊ ဝူကျောထန်ဟာ ညတွင်းချင်းပဲ နန်းတော်ထဲမှာ ရှာဖွေစစ်ဆေးရေးတွေ လုပ်တော့တာပဲ၊ ဘုရင်ကြီးရဲ့ရှေ့မှောက်မှာပဲ သမီးလေးရဲ့အဖိုးဆီက ကြေညာချက်ကို တွေ့သွားခဲ့တယ်၊ နောက်တစ်နေ့လည်းကျရော ... သမီးရဲ့အဘိုးနဲ့ အဖေကို ကွပ်မျက်ပစ်တာပဲ၊ သမီးလေးရဲ့အမေကိုလည်း နန်းတော်ထဲမှာ ကျွန်လုပ်ခိုင်းတာပဲ၊ သမီးလေးတောင် ဝမ်းအန်ကောင်းပေလို့ လွတ်မြောက်ခဲ့တာကွ .... သိရဲ့လား'

ဝမ်းအေးမှာ အမြဲမျှမျှတတ တွေးတတ်သူကလေး ဖြစ်သည်။ ယခုတော့ .... သူမ မျှမျှတတ မတွေးနိုင်တော့ပါ၊ အဘိုးနှင့်အဖေ အသတ်ခံရပြီး ... မိခင်အား ကျွန်လုပ်ခိုင်းသည့်အဖြစ်ကို သိရသော

အခါ အလွန်တရာ နာကျည်းမိသည်။

သူမသည် ကျမည့်မျက်ရည်ကို မကျအောင် ထိန်းသိမ်းလိုက်သည်။ လွန်စွာ ကြိတ်မနိုင်ခဲမရ လေသံဖြင့် အံကြိတ်ပြီးပြောလေသည်။

သူမ၏လေသံသည် ထူးဆန်းလှသဖြင့် အားလုံးအံ့အားသင့်ကြရသည်။

'ဘဘကြီးရဲ့ ကျေးဇူးကိုတော့ ဒီဘဝမှာ ဆပ်နိုင်ဖို့ နည်းလမ်းမရှိတော့ပါဘူး'

လူအများ အံ့သြနေခိုက်တွင် သူမသည် ဆရာကြီးချန်စွန်အား ဒူးတုပ်ပြီး ဦးသုံးကြိမ်ချ ကန်တော့သည်။

ထို့နောက် . . .

'ဒီလိုတိုင်းသူပြည်သား လူအများကို ဒုက္ခရောက်စေတဲ့ ဂူကျေထန်ဘုရင်မကြီးကို . . ကျွန်မရဲ့ အဘိုး၊ အဖေနဲ့ အမေကို သေစေ၊ ကွေကွင်းစေခဲ့တဲ့ ဂူကျေထန်ဘုရင်မကြီးကို ဓါးနဲ့ တရားသဖြင့်စီရင်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်'

ထိုစကားကို ကြားလိုက်ရသောအခါ ... ချန်စွန်သည် မချိပြုံးပြုံးလေသည်။

'ဒီလိုလုပ်နိုင်မယ်ဆိုရင် ငါနဲ့အတူ သစ္စာရှိကြတဲ့မှူးမတ်တို့က သမီးလေးကို ကျေးဇူးတင်ကြလိမ့်မယ်၊ ဘဘကြီးလည်း သမီးလေးကို ကျေးမွေးပြုစုရတဲ့ အကျိုးလည်း နပ်ပါလိမ့်မယ်'



ဝမ်းအေက အံကြိတ်ပြီး နောင်တစကားဆိုသည်။

'ကျွန်မမှာ အခုမှ ဘဘကြီးရဲ့ တပင်တပန်း သွန်သင်ခဲ့တဲ့ အကြောင်းကို သိရတယ်၊ ဒါပေမယ့် ကျွန်မဟာ ဘဘကြီးရဲ့ သင်ကြားပို့ချမှုကို မခံယူနိုင်ခဲ့တာကြောင့် ဘဘကြီးရဲ့သိုင်းပညာအမွေအနှစ်ကို မရတာ နစ်နာလိုက်တာ'

ဆရာကြီး ချန်စွန်က ...

'ဒီလို ကြီးကျယ်တဲ့ကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ စိတ်ဓာတ်ကြံ့ခိုင်ဖို့ အဓိကလိုတယ်၊ သိုင်းပညာစွမ်းအား သက်သက်လည်း မဖြစ်ဘူးသမီးလေး၊ သားရဲ့ဓားရေးဟာ သမီးလေးထက် သာပါတယ်၊ ဒါပေမယ့် ... ဘုရင်မကို လုပ်ကြံသတ်ဖြတ်ရမဲ့ တာဝန်ကို သူ မထမ်းဆောင်နိုင်ခဲ့ဘူး၊ သူ့ဆီမှာ နှလုံးရည်မရှိဘူး၊ ကဲ သမီးလေး ဝမ်းအေ၊ ဒီနေ့ကစပြီး ... သမီးလေး သွားပေတော့၊ ဘဘကြီးရဲ့ လက်သုံးတော်ဓားကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်မယ်၊ ရော့ ယူသွားပေတော့'

ချန်စွန်သည် သူ၏ လက်သုံးတော် ဓားကို ဖြုတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် စာတစ်စောင်သည် အောက်သို့ကျလာသည်။ ထိုစာမှာ ဂူကျေထန်က အိမ်ရှေ့မင်းသားကလေးထံသို့ ကျင်ဝင်နှင့်ပေးလိုက်သောစာဖြစ်သည်။ လီယွမ်မှတစ်ဆင့် ချန်စွန်ကိုပေးထားခဲ့သည့်စာဖြစ်သည်။ ချန်စွန်မှာ ဒေါသထွက်သောကြောင့် ထိုစာကို ကောက်ယူပြီး ဝမ်းအေအား . . .

'စာထဲမှာ ဘာတွေရေးသားထားတယ်ဆိုတာကို ဖတ်ကြည့်ရရင် မကောင်းဘူးလား၊ အို ... ကောင်းသားဘဲ၊ သရဲမကြီးရဲ့ လက်ရေးကို မှတ်မိထားတော့ တစ်နေ့ကျရင် အသုံးဝင်ချင်ဝင်မှာ'

ဆရာကြီး ချန်စွန်၏ ခွင့်ပြုသောစကားကို ကြားရသော ဝမ်းအေသည် စာကိုယူပြီး ဖောက်ဖတ်လိုက်သည်။

'ချစ်လှစွာသော သားတော် ရှန်၊ ငယ်ရွယ်စဉ် စာပေကျမ်းဂန်တို့ကို ကြိုးစား အားထုတ်လာသည်ကို ချီးမွမ်းပါသည်။ သို့ပေမဲ့ ရှေးပညာရှင်တို့၏ သွန်သင်ဆုံးမမှုကို သဘောပေါက်အောင် မတတ်သည့်အတွက် မကျေညက်သည့် ဒဏ်ပိနေတာကို တွေ့ရသည်။ ရှေးမင်းတို့၏ လမ်းစဉ်သည် ဤခေတ်တွင် အသုံးချလို့ ရချင်မှရမည်ဆိုသည့် အကြောင်းကို နားလည်ထိုက်သည်။ အကယ်၍ ... ထီးနန်းရှင် ဘုရင်ဖြစ်လာသည့်တိုင်အောင် ထိုသဘောကို သဘောမပေါက်ဘဲ လှေနံဓားထစ် ကျင့်သုံးခဲ့လျှင် ပြည်သူလူထုတို့အပေါ် ကျရောက်မည့် အန္တရာယ်မှာ စာပေကျမ်းဂန် မတတ်မြောက်တဲ့လူထက် ပိုပြီး ကြီးလေးကြောင်းကို သတိပြုပါ'

ဝမ်းအေက ပထမဆုံး ကောက်ချက်ချလိုက်၏။

'သူကိုယ်တိုင်က တိုင်းသူပြည်သားတွေအပေါ် မတရားပြုကျင့်နေပြီး သူ့သားကို သူက ဆုံးမနေရသေးတယ်၊ ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရား လုပ်နေတယ်၊ တကယ်ရွံ့စရာကောင်းတယ်'



တစ်ဖန် ... စာကို ဆက်လက်ဖတ်လိုက်သည်။

'သားတော်သည် နန်းတွင်းမှာ ကြီးပြင်းလာရသောကြောင့် ထွန်ယက်စိုက်ပျိုးမှု၏ အခက်အခဲ၊ ပြည်သူလူထုတို့အကြားမှ ဒုက္ခတို့ကို မသိခဲ့ဘူး။ လူနည်းစုတို့၏ အခြေအရုံကိုခံရပြီး တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်လိုသည့် အာဏာသာ မက်မောခဲ့သည်။ စည်းစိမ်ခံစားဖို့လောက်သာ တွေးခဲ့သည်။ မယ်တော်သည် တိုင်းရေးပြည်ရာတို့ကို လုံးပမ်းနေရသည့်အတွက် သွန်သင်ပြသဖို့ အချိန်မရခဲ့ပါ၊ သားတော်ကလေးအတွက် ရှက်လည်းရှက်ပြီး စိတ်လည်း ထိခိုက်ခဲ့ပါသည်။

'ပါကျူစုပြည်နယ်တို့မှ ဓလေ့တို့မှာ အလွန်ရိုးသားပြီး အလုပ်အကိုင် ကြိုးစားကြသည်။ တောတောင် ရေမြေမှာလည်း သာယာသည်။ သားတော်ကလေးကို ပါကျူစုပြည်နယ် အဝေးသို့ပို့ထားတဲ့ ရည်ရွယ်ချက်ကို နားလည်စေလိုသည်။ ကြိုးစားအားထုတ် ရိုးသားကြသည့် လူထု၏သဘာဝတို့ဖြင့် .... သားတော်၏ အမြင်ကျဉ်းမှုကို ဖျောက်ဖျက်လွှင့်ပါးချင်သည်။ မိဘတို့က ... သားသမီးကို ချစ်ခင်သည်ကို သိစေချင်သည်။ အိပ်ရာဝင်မှာ နဖူးပေါ်လက်တင်ပြီး ဆင်ခြင်သုံးသပ်ပါ။ မိမိကိုယ်ကို မိမိ ဆုံးမနေပါ။

'မယ်တော်သည်လည်း အသက်အရွယ်ကြီးရင့်ပြီး သားတော်ကလေးမှာလည်း ရပ်ဝေးသို့ရောက်နေပြန်သဖြင့် အဘယ်မှာလျှင် စိတ်မထိခိုက်ဘဲ နေပါ့မလဲ သားတော် . .'

'သားတော်ကလေး အရည်အချင်းပြည့်ဝလာရန် မယ်မယ် မျှော်လင့်ပါသည်။ မတတ်သာလို့ ဤကဲ့သို့ ထားရခြင်း ဖြစ်သည်။ မယ်တော်၏သဘောကို နားလည်စေချင်ပါသည်။ အရည်အချင်း ဖြန့်ဖြန့်ပြည့်ဝမှ မယ်တော့်လက်ငုတ်ကို အပ်နှံရန် လှူရမည်၊ ထို အချိန်အခါမှ .... သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေကြမည်၊ သားတော်ကလေး၏ မျက်စိနာရောဂါ .... မည်သို့ဖြစ်နေသည်ကို မယ်တော် သိချင်သည်'

ချစ်သော မယ်တော် ...

သားနှင့်အမိတို့အကြားမှ မေတ္တာသည် စာရွက်ပေါ်ကွင်းကွင်း ကွက်ကွက် ပေါ်နေသည်။

အကယ်၍ ဝမ်းအေသည်သာ ဂူကျောထန်၏ သားအရင်း သတ်သည့်အကြောင်းကို ကြားမထားမိလျှင် ဤစာကို ဖတ်လိုက်ရ သည်နှင့် ဂူကျောထန်ကို တကယ်ရှားပါးသည့် မိခင်မြတ်ဟု ထင်မှတ် ပေတော့မည်၊ ထို့အပြင် ရှေးပညာရှင်တို့၏ ဆုံးမချက်ကိုလည်း ထောက်ပြရေးသားထားသေးသည်။

စာကိုဖတ်နေစဉ် ...

ခုတင်ပေါ်မှ အမတ်ကြီးကျင်ဝင်သည် ကိုယ်ကိုလိမ့်လိုက် သောအသံနှင့် လည်ချောင်းထဲမှ ချွဲသံများကို ကြား ရသည်။

ချန်စွန်မှာ စိုးရိမ်တကြီးဖြစ်သွားသည်။ ကျင်ဝင် အသက်ငင် နေပြီဖြစ်ကြောင်းကို သိလိုက်လေပြီ။



ဝမ်းအေသည် စာကိုအိတ်ထဲထည့်ပြီး ကျင်ဝင်ကို ထူပေး လိုက်၏။ ထိုအခါကျင်ဝင်မှာ မျက်လုံးအနည်းငယ်ဖွင့်လာသည်ကို တွေ့ရသည်။ လေသံကလေးဖြင့် သက်ပြင်းချလိုက်သည်။

'ဘုန်းတော်ကြီးလှသော .. ဘုရင်မဘုရား၊ ကျွန်တော်မျိုး ... ကျွန်တော်မျိုးကြီးမှာ ခိုင်းစေတဲ့တာဝန်ကို ထမ်းဆောင်လျက် ... ဟင် ... ဘယ်နေရာရောက်နေပါလိမ့်'

'နောင်ကြီးကျင် ... ကျွန်တော့်ဆီ ရောက်နေပါတယ်'

ချန်စွန်ပြောလိုက်သည်၊ ကျင်ဝင်သည် မျက်စိကို တဖြည်း ဖြည်း ဖွင့်ကြည့်လိုက်ပြီး၊ ချန်စွန်ကိုကြည့်ပြီးနောက် ချန်စွန်၏လက် နှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။

ထို့နောက် .... အားယူ၍ပြောသည်။

'နောင်တော်ချန်စွန်ရေ ... ကျွန်တော်တို့တော့ မှားကုန်ပြီ'

ကျင်ဝင်သည် သတိပြန်လည်ရလာသည်။ ချန်စွန်သည် ထို စကားကိုကြားမိသောအခါ အံ့အားသင့်သွားမိလေ၏။

'ဘာတွေမှားကုန်ကြတာလဲ'

'ကျွန်တော်တို့ ဘုရင်မကြီးကို မဆန့်ကျင်ထိုက်ဘူး၊ ဒီကနေ့ ကျမှ ကျွန်တော်နားလည်ခဲ့တယ်၊ တိုင်းပြည်ကိုအုပ်ချုပ်တဲ့တာဝန် ကြီးဟာ ဂူကျောထန်ဘုရင်မကြီးမှ ထမ်းဆောင်နိုင်မှာ'

ချန်စွန်မှာ မျက်လုံးပြူးသွားသည်။ သူ၏နားကိုပင်သူ မယုံ ကြည်နိုင်လောက်အောင်ဖြစ်သွားသည်။

ကျင်ဝင်သည်အားယူပြီး ဆက်လက်ပြောပြန်လေ၏။

'နောင်ကြီး ချန်စွန် ... ကျွန်တော်သေရမယ့်အချိန်ဟာ သိပ်နီးကပ်နေပြီဆိုတာကို ကျွန်တော်သိပါတယ်၊ ကျွန်တော်နောင်ကြီးကို ကတိတစ်ခု တောင်းချင်ပါတယ်'

'ပြောပါနောင်ကြီးကျင် . . ကျွန်တော် ကတိပေးပါတယ်'

ကျင်ဝင်၏ မျက်နှာမှာ ပြုံးလာသည်။

'ဒါဖြင့် နောင်ကြီးကတိခံပြီပေါ့၊ နောင်ကြီး ချန်စွန် နန်းတော်ကိုပြန်ပြီး အမှုတော်ကို ထမ်းစေချင်တယ်၊ ဘုရင်မကြီးကလည်း နောင်ကြီးကို အမြဲသတိရနေတယ်၊ သူက ... နောင်ကြီးကို လူတော်တစ်ယောက်တဲ့၊ အမြင်ကျဉ်းတာကလေးတစ်ခုပဲ ဆိုစရာရှိတယ်တဲ့၊ ဒါပေမယ့် ... ဒါကလည်း အရေးမကြီးပါဘူး၊ ဘုရင်မကြီး အနီးအပါးမှာ ခစားနေရင် သူ့သဘောတားကို တဖြည်းဖြည်း သဘောပေါက်လာမှာဘဲ . . .'

ချန်စွန်သည် ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။ အကယ်၍ ... ကျင်ဝင်သည် မိတ်ဆွေဟောင်း မဟုတ်ခဲ့လျှင် အသေသတ်မိမှာအမှန်ပင်။

'နောင်ကြီးကျင်၊ ရန်သူကို နောင်ကြီးကိုယ်စား ကလဲ့စားချေပေးပါလို့ တောင်းဆိုမယ် အောက်မေ့နေတာ၊ နောင်ကြီးကျင်ကို ဘယ်သူလုပ်ကြံသတ်ဖြတ်တယ်ဆိုတာတော့ သိရဲ့လား၊ နောင်ကြီး အထင်ကြီးနေတဲ့ ဘုရင်မကြီးဗျ'



ကျင်ဝင်သည် လေသံကလေးဖြင့် . . .

'မဟုတ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး၊ နောင်ကြီးချန်စွန်၊ နောင်ကြီးမှာ အစွဲရှိနေသေးတာကိုး၊ ကျွန်တော်ရဲ့ တောင်းဆိုချက်ကို လက်မခံဘူးပေါ့ အဲဒီ ... ကျွန်တော်သေတာတောင် စိတ်ချမ်းသာမှာ မဟုတ်တော့ဘူး'

ကျင်ဝင်မှာ အားကုန်ပြီး အသံပြာလာသည်။ စကားသံလည်း ပျောက်သွားသည်။

ဝမ်းအေကြည့်လိုက်တော့ ... ကျင်ဝင်မှာ အသက်ရှုရပ်သွားပြီဟု သိလိုက်ရသည်။

ချန်စွန်သည် သက်ပြင်းချလိုက်သည်။

ခေါင်းကိုလည်း ဖြည်းလေးစွာ ခါယမ်းရင်း ...

'နောင်ကြီးကျင် . .နောင်ကြီးကျင် သေသည့်တိုင်အောင် နောင်ကြီးကျင်ကို ရန်ရှာနေတဲ့လူဟာ ဘယ်သူမှန်းတောင် သိမသွားရှာဘူး၊ နောင်ကြီးကျင်ဟာ သေခါနီးမှာတောင် ဂယောင်ဂတန်း ပြောသွားတာပဲ'

ကျင်ဝင်သေခါနီးတွင် ပြောသောစကားမှာ ဂယောင်ဂတမ်း မဟုတ်သည်ကို ဝမ်းအေ သေသေချာချာ သိလိုက်သည်၊ သူမမှာ ခုနစ်နှစ်တိုင်တိုင် မဖြေရှင်းနိုင်သော ပဟေဋ္ဌိကြီး ရှင်းသွားပြီးရုံမျှသာရှိသေးသည်၊ ပို၍ အတွေးခက်လှသော ပြဿနာ ဝင်လာရပြန်သည်။ ပိုပြီး အတွေးရခက်လှသည်။

ထိုအတွေးရောက်သော ပြဿနာမှာ ...

ဂူကျောထန် ဘုရင်မကြီးသည် လူကောင်းလား၊ လူဆိုးလားဆိုသော ပြဿနာပင် ဖြစ်သည်။

ဝမ်းအေ စဉ်းစားမရတော့ ...

ဘဘကြီးချန်စွန်ဘက်သို့ လှည့်ကြည့်မိသည်။

ချန်စွန်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဘကြီးတော်ဘုရားဟာ ... အရပ်လေးမျက်နှာမှာ သူ့ကို တိုက်ခိုက်တော်လှန်တဲ့ စစ်ကြောင်း တစ်ဆယ့်ရှစ်ကြောင်းကို နှိမ်နင်းခဲ့ရတယ်၊ နောက်ဆုံး နိုင်ငံတော်ကို လွယ်လွယ်နဲ့ ဂူကျောထန်လက်ကို အပ်နှင်းလိုက်ရတယ်၊ ငါဟာ ဘကြီးတော်ဘုရားရဲ့ မှူးမတ်ဖြစ်တော့ ကြိုဟ်ကောင်မကို ဘယ်လိုလုပ်ပြီး ဒူးထောက်အညံ့ခံရမှာလဲ၊ ဘကြီးတော်ဘုရားအတွက် မချင့်မရဲဖြစ်မိတာကတော့ ဘကြီးတော်ဘုရားဟာ အမြော်အမြင်ကြီးပါလျက် အသက်ကြီးမှ ဂူကျောထန်ရဲ့ အလှည့်စားခံလိုက်ရတာပဲ . .'

ချန်စွန်မှာ ဒေါသရှိန်နားလိုက်သည်။ သားသမီးများနှင့် ဝမ်းအေတို့က ငြိမ်သက်စွာနားထောင်နေသဖြင့် တစ်ဖန်ဆက်ပြောပြန်သည်။

'ဂူကျောထန်ဟာ ... သူ့အစ်မကို အဆိပ်ခပ် သတ်ပစ်တယ်၊ သူ့သားက သူ့ကို ဆန့်ကျင်တဲ့အခါ ... သားကိုလည်း အဆိပ်ခတ် သတ်တယ်၊ အဆိပ်ခတ်ခံရတဲ့သားက သူ့ သားတော်ကြီး လီဟုန်



ဖြစ်တယ်၊ နောက် .. အခုအိမ်ရှေ့မင်းသားကလေးဖြစ်တဲ့ သူ့ရဲ့ဒုတိယသားတော် လီရှင်ကို ထီးနန်းစိုင်ရာမှ ပယ်ဖျက်ပြီး ပါကျူဒေသကို ပို့ထားခဲ့တယ် ...

'သူ့ရဲ့တတိယသားတော် လီကျိုလဲ လေးငါးရက်သာ ဘုရင်လုပ်လိုက်ရတယ်၊ ထီးနန်းအချခံရပြီး ... လုကျူပြည်နယ်ကို အပိုင်စားပေးပြီး နယ်နှင်ထားတယ်၊ အခု သူ့အနားမှာရှိတဲ့ သားတော်ဟာ စတုတ္ထသားတော် လီထန် ဖြစ်တယ်၊ သူ့ကို အိမ်ရှေ့မင်းသားအဖြစ် သတ်မှတ်ထားတယ်လို့ ကြားရတယ်၊ သူ့ကိုလည်း ဂူတီမျိုးနွယ်အဖြစ် ပြောင်းလဲထားတယ်၊ ဒီလို မျိုးနွယ်ဆက်ခံမှ ထီးနန်းရိုက်ရာကို အမွေဆက်ခံခွင့်ရမှာကိုး၊ သူဟာ အာဏာကို လက်ကိုင်ရတာနဲ့ ချက်ချင်း မင်းမျိုးမင်းနွယ်နဲ့ မှူးမတ်တို့ကို သုတ်သင်ကွပ်မျက်ပစ်ခဲ့တယ်၊ ငါ့ရဲ့အစ်ကိုရင်း ချန်စွန်ဂူချီကိုလည်း သူပဲ သတ်တယ်၊ သမီးလေးရဲ့ အဘိုးနဲ့ အဖေတို့ကို သတ်တာလည်း သူပဲ'

ဤကိစ္စနှင့်ပတ်သက်၍ ဝမ်းအေမှာ အတော်များများကြားသိရသည့်အတွက် ထိတ်လန့်သွားသည်။

ထို့နောက် ...

ဝမ်းအေက ဆုံးဖြတ်ချက်ချလိုက်မိပေတော့သည်။

ဝမ်းအေသည် ဦးခေါင်းကိုမော့ကာ . . .

'ဘဘကြီး စကားကို နားထောင်ပါတော့မယ်၊ ဒီဘုရင်မကို ဓားနဲ့ သုတ်သင်ပြီး မိဘတို့ကိုယ်စား ဂလဲ့စားချေပါ့မယ်'

ချန်ဇွန်မှာ ပြုံးလိုက်သည်။

'ဒါမှ … ငါ့သမီးအလိမ်မာကလေးကွဲ့၊ ကိုင်းသမီးလေး သွားပေတော့'

ဝမ်းအေသည် ဦးသုံးကြိမ်ချပြီး ကန်တော့ခဲ့သည်။

သည့်နောက် …

နေအိမ်မှထွက်ပြီး တောင်အောက်သို့ ဆင်းသွားတော့သည်၊ မလှမ်းမကမ်းတွင် … ဦးခေါင်းကို သမင်လည်ပြန် လှည့်ပြီး ပြန်ကြည့်မိ၏။ ခုနစ်နှစ်တာ ကာလပတ်လုံး သူမကို သမီးရင်းနှင့်မခြား ချစ်ခင်ကြင်နာစွာ ကျွေးမွေးစောင့်ရှောက်ခဲ့သော ဘဘကြီး ချန်ဇွန်နှင့် ညီမအရင်းသဖွယ် ချစ်ခင်အလိုလိုက်ခဲ့ကြသော မွေးစားအစ်ကိုနှင့် အစ်မတို့နှစ်ဦးအပေါ် သူမကလည်း သံယောဇဉ်ရှိခဲ့သည်ဖြစ်ရာ …

သူမနှလုံးသား၌ နာကျင်မှုအပြည့်နှင့်ပင်။

❖❖❖❖❖

## အခန်း (၄)
## ခရီးသည်

နွေဦးပေါက်ရာသီ ဖြစ်သည်။ ငှက်တော်များပျံဝဲပြီး လယ်ကွင်းထဲတွင်လည်း စိမ်းစို၍နေသည်။

ခရီးတစ်လျှောက် လမ်းလျှောက်သွားခဲ့သူ ဝမ်းအေသည် လမ်းဘေးတွင် လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ကို မြင်လိုက်ရ၏။ ဝမ်းအေမှာ ခရီးညောင်းပြီး ရေငတ်လာသည်။ ထို့ကြောင့် အနားယူရင်း လက်ဖက်ရည် သောက်ရန်ဆိုင်ကလေးထဲသို့ ဝင်လိုက်မိလေ၏။

လက်ဖက်ရည်ရောင်းသော အဖိုးအိုမှာ ခေါင်းတစ်ခေါင်းလုံး ဖြူဖွေးနေသော်လည်း … အလွန်ကြံ့ခိုင်သည်။ သူက ဝမ်းအေကို နှုတ်ဆက်လေ၏။

'ကလေးမ ဘယ်ရွာကလဲ၊ ဘယ်များသွားမလို့လဲကွယ်'

'ကျွန်မ ကွမ်းယွမ်က လာတာပါ၊ ပါကျူးမှာရှိတဲ့ ဆွေမျိုးတွေ ဆီသွားမလို့ပါ'

အဖိုးအိုသည် ပြုံးလိုက်လေ၏။

'ကလေးမဟာ တခြားရပ်ရွာကလာလို့ မျက်နှာစိမ်းနေတာကိုး၊ ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ အေးချမ်းသာယာပါတယ်၊ အရင်ကဆိုရင် ခရီးဝေးဝေး ဘယ်သွားရဲပါ့မလဲ . .'

ဝမ်းအေ၏စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

ထို့နောက် ပြုံးရယ်ကာ . . .

'ဘဘကြီးပြောသလိုဆိုရင် စားဝတ်နေရေး၊ အဝတ်အဆင် ပြေတာပေါ့နော် . .'

'သိပ်အဆင်ပြေတယ်လို့တော့ မဆိုနိုင်ဘူး၊ ထမင်းကို မပူပင်ရဘဲ မှန်မှန်စားနိုင်တာပါပဲ၊ အမှန်ဆိုရရင် ရှေးအခါနဲ့နှိုင်းယှဉ်ရင် အများကြီးကောင်းတယ်လို့ ဆိုရမယ် . . .'

ဝမ်းအေသည် ရယ်လိုက်သည်။

'ဘဘကြီးပြောသလိုဆိုရင် လက်ရှိဘုရင်မ အုပ်ချုပ်တာက ဘုရင်မင်းမြတ် အုပ်ချုပ်တာထက် ကောင်းတယ်လား'

'ဘာပြုလို့ မဟုတ်ရမှာလဲ၊ ငါတို့ရွာက စာတတ်ပေတတ်တွေကတော့ လက်ရှိဘုရင်မကို ကျိန်ဆဲကြတယ်၊ ငါတို့ တောင်သူလယ်သမားတွေကတော့ သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးကြတယ်'



'ဘာဖြစ်လို့လဲ ဘဘကြီးရဲ့'

'ငါတို့ တိုင်းသူပြည်သားတွေဟာ ဘယ်သူ ရှင်ဘုရင်လုပ်လုပ် အကြောင်းမဟုတ်ဘူး၊ ယောကျ်ားဘုရင်ပဲလုပ်လုပ်၊ မိန်းမဘုရင်ပဲလုပ်လုပ်၊ အရေးကြီးတာက ထမင်းနပ်မှန်အောင်စားရပြီး ခါးလှလှဝတ်ရရင် ကျေနပ်တာပဲ၊ အရင်က စပါးသုံးတင်းကို သုံးပြည်အခွန်ကောက်တယ်၊ အခုတစ်ပြည်ခွဲသာ ကောက်တယ်၊ အရင်ကထက် တစ်ဝက်သက်သာတယ်၊ နောက်ဆုံးပြောရရင်တော့ လူချမ်းသာတွေဟာ လယ်မြေတွေကို အဓမ္မသိမ်းယူလို့ မရတော့ဘူး၊ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတိုင်း လယ်ယာအပိုင်ဝယ်နိုင်တယ်၊ ကြိုးစားထွန်ယက်ဖို့ပဲ လိုတယ်၊ ဒါကြောင့် စားဝတ်နေရေး ပြေလည်သွားတာပဲ'

ဝမ်းအေသည် ထိုအဖိုးအို၏ စကားများကို ကြားရပြီးသောအခါ အံ့အားသင့်သွားလေတော့သည်။

အဖိုးအိုက ရယ်မောပြီး . . .

'လက်ရှိ ဘုရင်မ နန်းတက်တာ သမီးတို့လို မိန်းကလေးတွေ ဝမ်းသာကြမှာပေါ့နော်'

'ဘာဖြစ်လို့ ဝမ်းသာရမှာလဲ ဘဘကြီး'

'ဟား . . ဟား . .ဟား ဂုဏ်ယူစရာပေါ့ ကလေးမရယ်၊ ဘုရင်မကြီးက အမိန့်ထုတ်လိုက်တယ်၊ အရည်အချင်းရှိတဲ့ အမျိုးသမီးလည်း အမှုထမ်းနိုင်တယ်တဲ့၊ နောင်အခါ ...ပညာရေးစိစစ်ဌာန ဖွင့်ပေးဦးမယ်၊ ငါတို့ရွာက အမျိုးသမီးတချို့ဟာ စာသင်မယ် တကဲကဲ

လုပ်နေတယ်၊ စာမေးပွဲကို အစစ်ခံဖို့ ပြင်နေဘယ်၊ စာပေကျမ်းဂန်တတ်တဲ့ ဆရာကြီးများကတော့ ခေါင်းတခါခါ ဖြစ်နေကြတယ်'

ထိုအဘိုးအိုက ဆက်ပြောသည်။

'ရှေးဘုရင်မင်းများက အဆိုရှိထားတယ်၊ အမျိုးသမီးဆို ပညာမဲ့မှလို့ ဆိုကြတယ်၊ ဂူကျောထန်ဘုရင်မ မင်းဖြစ်လာတော့ ပညာရှိရဲ့ အဆိုအမိန့်ကို စောက်ထိုးမိုးမျှော် လုပ်ပစ်လိုက်တယ်၊ နောက်တစ်ခု ကျန်သေးတယ်၊ ငါတို့ရဲ့ရပ်ရွာမှာ ရှေးတုန်းက ယောကျ်ားလုပ်သူက မယားဖြစ်သူကို ရိုက်ရင် ခေါင်းငုံ့ခံကြရတယ်၊ အခုတော့ ... ခေါင်းထောင်လာနိုင်ပြီ၊ မိန်းမတွေဟာ ... ရှင်ဘုရင်တောင် လုပ်နိုင်မှဘာကြောင့် ယောကျ်ားတွေရဲ့ အစော်ကားကိုခံရမှာလဲတဲ့၊ ဒီတစ်နှစ်အတွင်းမှာ သားမယားကို ရိုက်နှက်တဲ့ကိစ္စလည်း လျော့နည်းသွားတာ တွေ့ရတယ်'

ဝမ်းအေက မအောင့်နိုင်ဘဲ ရယ်လိုက်မိသည်။

ထို့နောက် ....

လက်ဖက်ရည်ကို တစ်ကျိုက်သောက်လိုက်ပြီး ဆက်၍ မေးလိုက်ပြန်သည်။

'ဘဘကြီးတို့ ရပ်ရွာထဲမှာ စာပေကျမ်းဂန်တတ်တဲ့ဆရာကြီးတွေက ဂူကျောထန်ဘုရင်မကြီးကို ဘယ်လိုများပြောကြသေးသလဲ'

'ပြောနေကြတာတော့အများကြီးပဲ၊ နန်းတွင်းအရှုပ်တော်ပုံတဲ့၊ ရက်စက်ကြမ်းကြုတ်တယ်တဲ့၊ လူကို သတ်ပစ်တယ်တဲ့'



ဝမ်းအေ၏ စိတ်ထဲမှာ အချက်ပေါင်း မြောက်မြားစွာ မပြေမလည်ဖြစ်ခဲ့သော်လည်း ... တားဆီးမရနိုင်သော အထိတ်တလန့်တစ်ချက်ဖြစ်သွားသည်၊ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထု၏အမြင်၊ ဘဘကြီး ချန်စွန်နှင့် သူကိုယ်တိုင် အပါအဝင် စာပေတတ်မြောက်သည့် ပုဂ္ဂိုလ်တို့၏ အမြင်တို့မှာ ဟေသူတောင်သားတို့၏အမြင်နှင့် အလွန်ကွာခြားနေသော အချက်ပင်တည်း။

လက်ဖက်ရည်ဆိုင်ရှင်အဘိုးအိုက တစ်ဖန် ဆက်ပြောပြန်သည်။

'လူသတ်တယ်ဆိုတာကလည်း မင်းမျိုးမင်းနွယ်နဲ့ ရာထူးကြီးတဲ့ အမှုထမ်းတွေကိုသတ်တာ၊ တခြားဒေသမှာတော့ မပြောတတ်ဘူး၊ ငါတို့ရဲ့ ခရိုင်အတွင်းမှာ ပြည်သူတစ်ယောက်မှ မတရားသတ်ပစ်ခံရတယ်လို့မကြားခဲ့ပါဘူး၊ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်က ကျင်ကွဝိဆိုတဲ့ အဂတိလိုက်စားတဲ့ အရာရှိတစ်ဦးကိုတော့ သတ်ပစ်တယ်လို့ကြားတယ်'

ဝမ်းအေသည် အတော်ကြာ စကားပြောမိပြီးမှ စိတ်ထဲတွင်ဝို၍ရှုပ်ထွေးလာသည်။

ထို့နောက် ...

ဆိုင်ထဲမှ ထွက်ခွာလာခဲ့သည်။

ဘုရင်မကြီး ဂူကျောထန်သည် လူကောင်းလား၊ လူဆိုးလားဆိုသည်ကို ဝေခွဲမရ ဖြစ်နေသည်။

သို့သော် မိဘများကိုယ်စား ဂလဲ့စားချေရမည့် အချက်ကို တော့ သူမ .. မမေ့ပေ။

သူမသည် ခရီးရှည်ကြီးကို ဆက်နှင်လာခဲ့ပေတော့သည်။

သူမ ခရီးနှင်လာခဲ့ရာ မြို့ကလေးတစ်မြို့ ရောက်လာခဲ့သည်။ မြင်းတစ်ကောင်ကိုဝယ်၍ စီးပြီး ပါကျူပြည်နယ်သို့ ဦးတည်ပြီး ခရီးဆက်ခဲ့ပြန်သည်။

လမ်းခရီးတစ်လျှောက်တွင် လက်ဖက်ရည်ဆိုင်ရှင်အဘိုးကြီး ပြောလိုက်သောစကားများကို ကြားယောင်လာမိ၏။

တစ်ဖန် ဘဘကြီးချန်ဗွန်၏ ပြောကြားချက်အရ ဘုရင်မကြီး သည် ရက်စက်ကြမ်းကြုတ်ခြင်း၊ လူများကို သတ်ခဲ့သည့်အပြင် မိမိ ၏ မိဘနှင့် အဘိုးတို့ကိုလည်း ရက်ရက်စက်စက် သတ်ခဲ့ပေသည်။

မည်သို့ဖြစ်စေကာမူ ... မိမိ၏မိဘကို သတ်ခဲ့သော ရန်သူကို သုတ်သင်သတ်ဖြတ်ရမည်သာ။

ထိုသို့ ခရီးနှင်လာခဲ့ရာ 'ယွီကျူ' ပြည်နယ်ကို ကျော်လွန်ပြီး သောအခါ တောင်တန်းကလေးတစ်ခုသို့ ရောက်ရှိလာလေ၏။

ထိုတောင်တန်း၌ သစ်ပင်သစ်ရိပ်တို့နှင့် အေးချမ်းပြီးကြည် နူးဖွယ် ကောင်းလှသည်။

အတန်ငယ် ခရီးနှင်မိသောအခါ ရုတ်တရက် နောက်မှမြင်း ခွာသံကို ကြားလိုက်ရလေ၏။

လှည့်၍ ကြည့်လိုက်သည်။



လူနှစ်ယောက်၊ မြင်းနှစ်ကောင် . . .။

ထိုလူနှစ်ယောက်မှာ မုတ်ဆိတ်မွေးဖွားဖွားနှင့် ရုပ်သွင်လက္ခ ဏာမှာ ကြမ်းတမ်းသူများ ဖြစ်နေသည်။

သို့သော် ဝမ်းအေက မသိဟန်ပြု၍ ခရီးဆက်နှင်လာသည်။

ထိုလူနှစ်ယောက်မှာ သူမ၏မြင်းကိုကျော်တက်သွားပြီး သူမ ကို တစ်ချက်လှည့်၍ အကဲခတ်ကြည့်၏။

ဝမ်းအေအဖို့ ထိုလူနှစ်ယောက်သည် လူကောင်းလော၊ လူ ဆိုးလော၊ ဝေခွဲမရချေ။

ထိုသူနှစ်ဦးတွင် ဓားနှင့် လေးမြား ကိုယ်စီရှိ၏။ သိုင်းသမား များဖြစ်ဟန်တော့ ရှိသည်။ သူမသည် အမျိုးမျိုးဝေဖန် စဉ်းစားရင်း ခရီးဆက်လာခဲ့သည်။

ထိုအခိုက် လမ်းဘေးရှိ တောအုပ်အတွင်းမှ သာယာငြိမ့် ညောင်းသောစောင်းသံများ ပေါ်ထွက်လာသည်။

ပို၍နီးလာသောအခါ ... စောင်းသံမှာ သာယာကြည်နူးဖွယ် ကောင်းလှပေသည်။

သီဆိုရင့်ကျူးသောသီချင်းသံကိုပါ ကြားလိုက်ရလေသည်။

သီချင်းသံက သာယာသည်။

ကြည်လင်သည်။

ခံစားချက်အပြည့် ပါရှိသည်။

'အရှေ့ကို မျှော်ကြည့်လိုက်ရင် ... မိတ်ဆွေစစ်ကို ဘယ်မမြင်၊

အနောက်ကိုမျှော်ကြည့်လိုက်ရင် ... မိတ်ဆွေစစ်ကို ဘယ်မမြင်၊ သည်မိုးအောက်မြေပြင် . . . တစ်ကိုယ်တည်းဆွေးလို့ပူပင်'

သီချင်းသံမှာ ခံစားချက်အပြည့်နှင့်ဖြစ်၍ ဝမ်းအေ၏ အသည်းနှလုံးကြားသို့ ရိုက်ခတ်လာသည်။

သူမ၏ ပင်ကိုယ်ခံစားချက်ကို ... နှိုးဆွလိုက်သည့်ပမာ ကိုယ်ချင်းစာနာစိတ်များ ဖြစ်ပေါ်ခံစားမိလာသည်။ သူမသည် စိတ်၏ စေစားချက်အရ မြင်းထက်မှဆင်းသက်ပြီး တောအုပ်အတွင်းသို့ လျှောက်ဝင်သွားမိသည်။

ထိုအခါ မမျှော်လင့်ဘဲ လူရွယ်တစ်ဦးကို တွေ့မြင်လိုက်ရတော့သည်။

သူ၏အဝတ်အစားမှာ သာမန်အဝတ်အစားကို ဝတ်ဆင်ထားပြီး ... ရင်၌ စောင်းကောက်တစ်လက်ကို ပိုက်ထားသည်။ သီချင်းဆုံးသောအခါ သက်ပြင်းတစ်ချက် ချလိုက်လေ၏။

သူ၏မလှမ်းမကမ်းတွင် မြင်းတစ်ကောင်ကို ချည်ထား၏။

မြင်းကျောပေါ်တွင် ... စုတ်နေသောခြင်းတစ်လုံးနှင့် ဟောင်းနွမ်းသော စာအုပ်ငါးအုပ်သာ ရှိသည်၊ အခြားအဖိုးတန်ပစ္စည်းဟူ၍ ဘာတစ်ခုမျှ မရှိပေ။

ထိုစောင်းသမား လူရွယ်သည် ဝမ်းအေတစ်ယောက် သူ့ထံသို့ လျှောက်လာခြင်းကို သိသော်လည်း မသိဟန်ပြု၍ စောင်းကို ဆက်ပြီး တီးခတ်ရင်း တေးသီချင်းကို ကျူးရင့်သီဆိုနေသည်။



သူ၏တေးသွားမှာ ကြည်လင်ပြီး ဆွေးစရာ လွမ်းစရာ ပို၍ဖန်လာပြန်သည်။

ထိုအခါ ဝမ်းအေက ကြည်လင် သွဲ့ပြောင်းသော အသံကလေးဖြင့် တေးသီချင်းတစ်ပုဒ်ကို သီဆိုလိုက်မိသည်။

'နွေဦးရာသီ ပြန်လည်လာတော့ ... တောတောင်ပန်းမာလာ ပြန့်ပေါ်လာ . .'

'အဖော်မပါ တစ်ကိုယ်ထဲလျှောက်ကာ ... ဘယ့်အတွက်များ ဆွေးနေရတာ . .'

အမှန်စင်စစ် သူမမှာလည်း ပူဆွေးနေသူတစ်ဦးဖြစ်၏။ မိဘ ဘိုးဘွားအတွက် ပူဆွေးနေရသည်ပင်။ သို့သော် ... စောင်းသမား လူရွယ် စကားပြောလာစေရန် တမင်သက်သက် အထက်ပါတေးကို သီဆိုလိုက်လေသည်။

ထိုအခါ ... စောင်းသမား လုလင်သည် စကားပြန်မပြောဘဲ တေးတစ်ပုဒ်ကို သီဆိုလိုက်ပြန်သည်။

စောင်းသံမှာလည်း တီးကွက်ပြောင်းသွား၏။

ဝမ်းအေမှာ တစ်ချက် တွေသွားသည်။

စောင်းသံကိုလိုက်ပြီး သူ၏တေးသံကို ကြားရ၏။

သူသီဆိုသောတေးမှာ ... ဝမ်းအေ၏အဘိုး သီကုံးခဲ့သော နန်းတွင်းတေး ဖြစ်နေသည့်အတွက် သူသည် မိမိ၏ ကိုယ်ရေးကိုယ်တာကို သိနေရှာသလားဟု သံသယစိတ် ဖြစ်မိလေသည်။

တေးသီချင်းဆုံးလျှင် ထိုစောင်းသမား လုလင်သည် စောင်းကိုချပြီး မတ်တတ်ရပ်လိုက်၏။

ထို့နောက် မိုးပေါ်သို့ မော်ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

သို့သော် သူ၏ ရယ်မောသံမှာ ဝမ်းနည်းပူဆွေးသော အငွေ့အသက် ပါနေသည်။ ရယ်မောသံမှာ ငိုကြွေးသံနှင့် တူနေသည်။

'ရှင် ဘယ်လိုများ ... ခံစားနေရတာလဲရှင်'

'အော် . . လုံမက သီချင်းဖြစ်စဉ်ကို သိချင်နေတယ်ပေါ့'

ဝမ်းအေက ပြုံးလိုက်ရင်း . .

'ရှင်တီးလိုက်တဲ့ နန်းတွင်းတေးဟာ ကျွန်မကို သက်သက်တီးပြနေသလို ဖြစ်နေပါတယ်'

'ဘာကြောင့်များလဲ'

'စောစောက ရှင်တီးလိုက်တဲ့ တေးသီချင်း 'ဆုအုန်'ရဲ့ လွမ်းချင်းပဲ၊ စောင်းသံနဲ့ သီချင်းသံက တကာယ်ကို လွမ်းဆွေးပြီး ခံစားချက် အပြည့်ပါတယ်၊ အလွမ်းရသ မြောက်ပါပေတယ်၊ စောင်းသံကလည်း သာယာငြိမ့်ညောင်း လှပါပေတယ်'

စောင်းသမားလုလင်သည် ဝမ်းအေကို စိုက်ကြည့်နေမိ၏။

အတော်ကလေး ကြာသွားသည်။

ပြီးမှ . . ညည်းညူသလို ပြောသည်။

'သြော် ... လုံမကလည်း ဂီတပညာရှင်ပဲကိုး'



သူတို့နှစ်ယောက် မျက်လုံးချင်းဆုံကြသည်။

ဝမ်းအေ၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

ထိုသူကို တစ်နေရာတွင် .... အတော်သိကျွမ်းသလိုရှိခဲ့၏။ မည်သည့်နေရာ၌ တွေ့ခဲ့သည်ကို စဉ်းစား၍မရချေ။

ကလေးဘဝက အသိမိတ်ဆွေ ကစားဖော်များကို စဉ်းစားဖြန့်သော်လည်း အဖြေက ပေါ်မလာ။

ထိုအခါ ...

စောင်းသမားလုလင်က စောင်းကို ကမ်းပေးလာလေ၏။

'ညီမလေး သိကုံးထားတဲ့ သီချင်းတစ်ပုဒ်လောက်နားထောင်ပါရစေ . .'

သူမသည် ကမ်းပေးလာသောစောင်းကို လှမ်းယူလိုက်သည်၊ သူမ၏ရင်ထဲ၌ ဂလုံစားချေလိုသော အစွဲအလန်း ရှိနေသောကြောင့် ရုတ်တရက် တက်ကြွသော တေးသွားကို တီးခတ်လိုက်လေ၏။

စောင်းသမား လုလင်၏ မျက်ခုံးများ တွန့်တက်သွား၏။

သူမ၏ တေးသွားမှာ ကဗျာဆရာကြီး ရန်ကျွမ်း ရေးထားခဲ့သော စစ်ချီ တေးသီချင်းပင်တည်း။

စောင်းသံမှာ မြင်းစစ်သည်များ စစ်ချီထွက်လာသလို ဓားသံ၊ လေးမြားသံများပါ ပေါ်ထွက်လာပေသည်။

ဝမ်းအေက စောင်းသံနှင့်အတူ တေးသွားကို လိုက်၍ဆိုသည်။

စာသားမှာ 'ယောကျ်ားကောင်းသည် စစ်မြေပြင်ထွက်ပြီး

စစ်တိုက်၏။ ကမ္ဘာလက်ာအကြားတွင် နစ်မြုပ်ပြီး ဘာတစ်ခုမျှ အသုံးမကျသည့် လူတစ်ယောက် မဖြစ်ထိုက်ပေ’

ဝမ်းအေသည် သီချင်းဆုံးသွားလျှင် စောင်းသမားလုလင်အား လှမ်းကြည့်ပြီး အားနာသွားမိ၏။

သီချင်းက လူငယ်အား နှိမ့်ချသကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

သူမသည် စောင်းကို ပြန်လည်ပေးလိုက်လေ၏။

‘ကျွမက ရှင့်ကို စောင်းမြှောင်းဆိုတာ မဟုတ်ဘူးနော်’

စောင်းသမားလူငယ်က သူမကို စောင်းငဲ့ကြည့်ရင်း သူ၏ စောင်းကို ပြန်ယူလိုက်၏။

ထို့နောက် မချိပြုံး ပြုံးပြသည်။

‘ပြောတဲ့လူက ဘာမှ မရည်ရွယ်ပေမဲ့ ကြားရတဲ့လူမှာတော့ အဓိပ္ပာယ် ပြည့်ဝပါတယ်၊ ကျွန်တော် စိတ်ထိခိုက်သွားတာပါ၊ စိတ်မကောင်းဖြစ်ဖို့ မလိုပါဘူး’

စကားဆုံးသည်နှင့် သူ၏ မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး သူမကိုပင် နှုတ်မဆက်ဘဲ ထွက်ခွာသွားတော့သည်။

ထိုအခါ သူမသည်လည်း တုန့်ဆိုင်းမနေတော့ဘဲ သူမ၏ မြင်းပေါ်သို့ တက်လိုက်၏။

‘ဒီမယ် မောင်ကြီး၊ ရှင်ဘယ်ကို သွားမှာလဲ’

‘ပါကျူကို သွားမလို့’



‘အဆင်သင့်လိုက်တာမောင်ကြီးရယ်၊ ကျွန်မလည်း ပါကျူကို သွားမလို့ပါပဲရှင်’

သူမ၏စိတ်ထဲတွင် စောင်းသမားလုလင်က ခရီးဖော်အဖြစ် အတူသွားရန် ဖိတ်ခေါ်လိမ့်မည်ဟု တွက်ဆမိ၏။

သို့သော် . . .

‘ဟုတ်လား ’

သူက တစ်ခွန်းသာပြောပြီး မြင်းဇက်ကြိုးကို လှည့်ကာ သူမကိုပင် ပြန်မကြည့်ဘဲ မြင်းကို ကြိမ်တို့ပြီး ခရီးဆက်သွားတော့သည်။

ဝမ်းအေသည် ဒေါပွမိ၏။

သည့်နောက် မြင်းကိုလှည့်၍ စောင်းသမားလူငယ်နောက်သို့ အပြင်းလိုက်လေ၏။

စောင်းသမားလုလင်စီးသောမြင်းမှာ နတ်မြင်းပျံ မဟုတ်ပါ၊ သာမန်ရိုးရိုးမြင်းသာဖြစ်၍ ဝမ်းအေလိုက်၍ မီပါသည်။

စောင်းသမားလူငယ်သည် ... မသိဟန်ပြု၍ သူ၏ခရီးကို ဆက်၏၊ နေ့ဝက်ခန့် ခရီးအတူသွားမိသော်လည်း သူမကို စကား တစ်ခွန်းမျှပင် မပြောချေ။

အတန်ကြာ ဆက်၍သွားမိသောအခါ ရုတ်တရက် ရှေ့တူရူမှ မြင်းနှစ်စီး ပြေးလာခြင်းကို တွေ့ရသည်။

ထိုလူနှစ်ဦးမှာ ရုပ်ရည် ကြမ်းတမ်းပြီး လမ်း၌တွေ့ခဲ့ဖူးသော လူနှစ်ဦးပင် ဖြစ်ပေသည်။

ဝမ်းအေမှာ တုန်လှုပ်မိသည်။

လုယက်တိုက်ခိုက်ရန် လာခြင်းပေလော။

ထိုအချိန်တွင် ၎င်းတို့သည် တောင်နှစ်လုံးရှိ လမ်းကျဉ်းကလေးထဲသို့ ရောက်နေချိန် ဖြစ်သည်။

လမ်းကလေးမှာ အလွန်ကျဉ်း၏။

မြင်းနှစ်ကောင် ရှောင်တိမ်းနိုင်ရုံလောက်သာ ရှိ၏။

မြင်းချင်း ယှဉ်မိသောအခါ ထိုမြင်းစီးသမား တစ်ဦးက စောင်းသမား လူငယ်ကို ကြိမ်တံဖြင့် လှမ်း၍ရိုက်လိုက်သည်။

သို့သော် သူ၏ ကြိမ်တံမှာ စောင်းသမားလုလင်ကို ရိုက်မိရန် ဆံချည်တစ်မျှင်မျှအလိုတွင် ဝမ်းအေက ရုတ်တရက် သူမ၏ ကျားပွတ်နှင့် တစ်ချက်ရိုက်လိုက်၏။

'ရှမ်း . .'

'ဗိုး . . '

ထိုအခါ သူမ၏ ကျားပွတ်မှာ ထိုသူ၏ ကြိမ်တံကို ပတ်မိသွားသည်။ တစ်ဆက်တည်းပင် သူမ၏ကျားပွတ်ကို တစ်ဖက်သို့ ဆွဲယူပြီး ထိုမြင်းစီးသမား၏ ကြိမ်တံကို သိမ်းယူလိုက်သည်။

ထိုလူမှာ အထိတ်တလန့် ဖြစ်သွားလေ၏။

'မတော်တဆ လုံမလေးကို ... ရိုက်မိတော့မလို့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ထိုလူကပြောပြီး မြင်းကို အပြင်းနှင်၍ ထွက်သွားတော့သည်။



စောင်းသမားလူငယ်က စိုးရိမ်စွာဖြင့် ကြည့်လိုက်၏။

'အမယ်ခလေးရှင် စိုးရိမ်စရာ မလိုပါဘူး၊ ကဲပါရှင် ခရီးဆက်ကြပါစို့'

ဝမ်းအေက ကျေးဇူးတင်စကား ပြောလိမ့်မည်ဟု ထင်မိ၏။ သို့သော် ... စောင်းသမားလူငယ်ကတော့ မူလမျက်နှာထားအတိုင်းပင်၊ မထုံတက်တေးနှင့်။

'ဘုရားမပေလို့ ဘာမှမဖြစ်တာ၊ ဟုတ်ကဲ့ ...သွားကြပါစို့'

စကားဆုံးသည်နှင့် ကြိမ်နှင့်မြင်းကိုတို့လိုက်ပြီး အလျင်အမြန် မောင်းနှင်လေတော့သည်။

❖❖❖❖❖

## အခန်း(၅)
## သံသယပွားခြင်း

ညနေဆည်းဆာအချိန် ...

မြို့ကလေးတစ်မြို့သို့ ရောက်လာကြ၏။

ထိုအခါ ...

စောင်းသမားလူငယ်သည် တည်းခိုဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားသည်။

ဝမ်းအေက ... သူ့နောက်မှလိုက်၍ ဝင်လေ၏။

တည်းခိုရိပ်သာမှ စာရေးက . . .

'ဆရာလေးတို့က အတူတူ တစ်ခန်းထဲ တည်းခိုမှာလား'

ဝမ်းအေ၏ မျက်နှာမှာ နီရဲသွား၏။

ခပ်ရှက်ရှက်နှင့်ပင် . . .



'မဟုတ်ပါဘူး၊ ကျွန်မအတွက် သီးသန့် အခန်းတစ်ခန်းပေးပါ၊ တောင်ဖက်ကို တံခါးလှည့်ထားတဲ့ အခန်းကို အလိုရှိပါတယ်'

'ရှိပါတယ် . . .ရှိပါတယ်'

စာရေးက သူတို့နှစ်ဦးအား အကဲခတ်ကြည့်ပြီး ဆက်ပြောလေ၏။

'ဧည့်သည်တော်တို့ ... ဒီနေ့ရောက်လာလို့သာ မနေ့ကဆိုရင် အခန်းလွတ်တစ်ခန်းမှ မရှိဘူး'

'ဘာကြောင့်လဲရှင့်'

'မနေ့က စစ်သူကြီးချူတို့တပ်၊ ဒီနယ်ကို ဖြတ်ကျော်သွားကြတယ်၊ ဒီစစ်သူကြီးနဲ့ အရာရှိတွေဟာ ဒီမှာ တည်းခိုသွားကြတယ်'

'ဘယ်စစ်သူကြီး ချူလဲ၊ ချူရှင်ရွှန်လား'

စောင်သမားက ဝင်မေးလိုက်၏။

'ဟုတ်ကဲ့ ... စစ်သူကြီး ချူရှင်ရွှန်ပါ၊ ဆရာလေးက စစ်သူကြီး ချူရှင်ရွှန်ကို သိလို့လား'

စောင်းသမားက ခေါင်းခါယမ်းလျက် ...

'ဟင့်အင်း ... မသိပါဘူး ခင်ဗျာ၊ ကျွန်တော့်လို စာသင်ကျောင်းသားတစ်ယောက်က ဘယ်လိုလုပ်ပြီး စစ်သူကြီးနဲ့သိရမှာလဲ၊ စစ်သူကြီးနဲ့ ကျောင်းသားက အဝေးကြီးပါ'

ဝမ်းအေက ပြုံးလိုက်သည်။

စိတ်ထဲ၌ . . .

'အင်း . . ဒီစောင်းသမားလူငယ်ဟာ စာသင်ကျောင်းသားပဲ၊ ဒါပေမယ့် ... တော်တော်ကြီးကျယ်ပုံရတယ်၊ စစ်သေနာပတိကြီးရဲ့ နာမည်ကို တိုက်ရိုက်ခေါ်ရဲတယ် . .'

စာရေးက ဆက်၍ရှင်းပြလေ၏။

'ဒီစစ်သူကြီးဟာ ဘုရင်မကြီးရဲ့ အမိန့်အရ ပါကျူကို သွားပြီး အိမ်ရှေ့မင်းသားကလေးကို သတင်းထောက်လှမ်းမလို့တဲ့'

ထိုအခါ စောင်းသမားသည် စိတ်ဝင်စားခြင်း အလျဉ်းမရှိဘဲ ခပ်အေးအေးနှင့် . .

'ဟုတ်ရဲ့လား'

စကားတခွန်းသာပြောပြီး သူ၏ တည်းခိုခန်းသို့ ဝင်သွားလေတော့သည်။

ထို့နောက် ...

ဝမ်းအေသည် စောင်းသမားနှင့် ကပ်လျက်အခန်းသို့ ဝင်သွားလေ၏။

သူမသည် ခရီးအတော်ပန်းလာသည်နှင့် အနားယူလေ၏။

အတန်ကြာသော် . . .

တည်းခိုရိပ်သာ အပြင်ဘက်မှ မြင်းဟီသံနှင့် လူသံကိုကြားလိုက်ရတော့သည်။

ဝမ်းအေ၏ စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွား၏။ လူဆိုးဓားပြများ ရောက်လာခြင်းပေလော။



သူမသည် ချက်ချင်းအနားယူနေရာမှ ထပြီး ပြူတင်းပေါက်မှ လိုက်ကာကိုပင့်၍ အကဲခတ်ကြည့်လိုက်မိတော့သည်။ သို့မှသာလျှင် ကာကွယ်သင့်က ကာကွယ်နိုင်မည် မဟုတ်ပါလား။

ခြံဝင်းအတွင်းသို့ လူသုံးယောက် မြင်းကိုယ်စီ စီး၍ ဝင်လာကြသည်။

ရှေ့မှဝင်လာသူနှစ်ဦးမှာ အစိုးရအမှုထမ်းဖြစ်၏၊ နောက်မှ လိုက်ပါလာသူမှာ အကျီစုတ်စုတ် ပြတ်ပြတ်နှင့် လူကြီးတစ်ယောက်ဖြစ်၏။

သို့သော် ထိုလူကြီးစီးလာသော မြင်းမှာ ... ထိုလူနှစ်ဦး၏ မြင်းထက်ပင် ကောင်း၏။

အစိုးရအမှုထမ်းနှစ်ဦးက စာရေးအား လှမ်းအမိန့်ပေးလိုက်သည်။

'ဒီနောင်ကြီး ချန်အတွက် ... အခန်းတစ်ခန်း ပြင်ပေးလိုက်ပါ'

'ဟုတ်ကဲ့ ... ကျွန်တော် စီမံပေးလိုက်ပါ့မယ်'

ဝမ်းအေမှာ .... အတန်ကြာအောင်နေပြီး လူရှင်းသောအခါ စာရေးထံလာ၍ ထမင်းဟင်းမှာယူရင်း . .

'ဒါနဲ့နေပါဦး .. ဟိုနောင်ကြီး ချန်ဆိုတာ ဘယ်လိုလူတဲ့လဲ'

'ဪသူလား . . သူက ကျွန်တော်တို့ရွာက လူပါ၊ လယ်သမားတစ်ယောက်ပါပဲ၊ ဒါပေမယ့် ... သူ့မှာ ဟာစ်တိုင်ရောဂါ ထနေတယ်'

'ဘယ်လိုရောဂါမျိုးလဲရှင်'

'လုံမလေး မသိသေးပဲကိုး၊ ဝူကျော့ထန်ဘုရင်မကြီးက အမိန့်ထုတ်ထားတယ်၊ နန်းတွင်းဝင်ပြီး လျှို့ဝှက်သတင်းပို့မဲ့ လူဆိုရင် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် အစိုးရက အစောင့်အရှောက်ပေးရမယ်တဲ့ဗျ'

'ဘယ်လို လျှို့ဝှက်သတင်းလဲရှင် . . .'

'ဘာသတင်းမဆို ပို့လို့ရပါတယ်၊ ဥပမာတရားသူကြီးတွေက မတရား စီရင်ချက်ချတာမျိုး၊ မတရား အညှင်းပန်းခံရတဲ့အမှုမျိုး၊ ပုန်ကန်ထကြွမဲ့ သတင်းမျိုးစတဲ့ သတင်းတွေကို ပြည်သူလူထုက နန်းတော်သွားပြီး သတင်းပို့နိုင်တယ်၊ ဒီနောင်ကြီး 'ချန်လောင်စန်း' ပို့မဲ့ သတင်းကိုတော့ ကျွန်တော်အနည်းအကျဉ်း သိပါတယ် . .'

စာရေးက ပတ်ဝန်းကျင်ကို တချက်ကြည့်လိုက်ပြီး တစ်ဖန် သူ၏စကားကိုဆက်ပြန်သည်။

'ဒီလိုပါ လုံမလေး ... အဲဒီချန်လောင်စန်းဟာ ရပ်ရွာထဲက လူမိုက်ကြီးတစ်ယောက်ရဲ့ လျှို့ဝှက်သတင်းပို့မလို့၊ လူမိုက်ကြီးရဲ့ ဦးလေးက နယ်ပိုင်ဝန်ထောက်ဟောင်း တစ်ယောက်ဖြစ်တယ်၊ ချန်လောင်စန်းနဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့အမျိုးသမီးကို လူမိုက်ကြီးက လုယူပြီး စေ့စပ်ကြောင်းလမ်းခြင်းကို အတင်းပယ်ဖျက်နိုင်းပါတယ်၊ ချန်လောင်စန်းဟာ နယ်ပိုင်ဝန်ထောက်ရုံးမှာ တရားစွဲအမှုဖွင့်ခဲ့တယ်၊ တရားရုံးက လက်ထပ်စာချုပ်အရ အမှုကို ပလပ်လိုက်တယ်၊ ဒါကြောင့် ချန်လောင်စန်းက မကျေနပ်တဲ့အတွက် ခုလိုလျှို့



ဝှက်သတင်းပို့မယ်လို့ သတင်းလွှင့်ခဲ့တယ်၊ အမှန်တော့နေပြည်တော်သွားပြီး တရားရင်ဆိုင်ဖို့ပါ ....

'နေပြည်တော်မှာ ဘုရင်မကြီးဝူကျော့ထန်က တံခါးဖွင့်ထားတယ် မဟုတ်လား . .'

ထို့နောက် ... သူမ ဘာမျှဆက်မပြောတော့ဘဲ မိမိအခန်းသို့ ပြန်လာခဲ့လေတော့သည်။

သူမ၏စိတ်ထဲတွင် တွေးလာမိသည်။

'အင်း . . လမ်းခရီးတစ်လျှောက်လုံး ဘုရင်မကြီး ဝူကျော့ထန်ရဲ့ ကောင်းသတင်းတွေကိုပဲ ကြားခဲ့ရပါလား'

မကြာမီ စာရေးလာပို့သော ထမင်းဟင်းကို စားသောက်ပြီး အနားယူအိပ်စက်ရန် စိတ်ကူးမိသည်။

ဝမ်းအေမှာ အိပ်ယာထက်တွင် လှဲလိုက်၏။

သို့သော် ... အိပ်မရချေ။

သူမ၏စိတ်ထဲတွင် စောင်းသမားလုလင်၏ ထူးခြားသော အပြုအမူများကို ပြန်လည်စဉ်းစားမိလိုက်၏။

နာရီပြန်သုံးချက် တီးသွားသည်။ တုံးမောင်းခေါက်သံကိုလည်း ကြားလိုက်သည်။

သူ၏စိတ်ထဲ၌ ဘဝင်မကျချေ။

စောင်းသမားလူငယ်အပေါ် မကျေမနပ် ဖြစ်မိသည်။

ထို့နောက် ...

သူမသည် အကျီကိုဆွဲယူပြီး ခြံဝင်းသို့ထွက်ခဲ့သည်။

တစ်ဘက်ခန်းရှိ စောင်းသမားလူငယ်၏အခန်းမှ မီးရောင်ကို တွေ့လိုက်ရ၏။ ထိုသူ မအိပ်သေးကြောင်း ထင်ရှား၏။

သူမသည် ပြတင်းပေါက်အနီးသို့သွား၍ စောင်းသမားအား ချောင်းကြည့်လိုက်၏။

ထိုသူ၏ သက်ပြင်းချသံနှင့်အတူ . . .

'ငါတော့ ဒုက္ခပဲ . . ဒီည အိပ်လို့မှ ပျော်ပါ့မလား'

သူသည် တစ်ယောက်တည်း ညည်းညူနေသည်။

အိပ်ရာပေါ်သို့လှဲချရန် ဟန်ပြင်နေသည်။

ထိုအခါ စောင်းသမားလုလင်က သူ၏ဦးထုပ်ကို ခေါင်းမှချွတ်လိုက်ပြီး ပက်လက်လှန်ထားလိုက်၏။

မမျှော်လင့်သောမြင်ကွင်း . . .

ဦးထုပ်ထဲတွင် အရောင်တဖိတ်ဖိတ် တောက်နေသောပုလဲဆယ့်လေးငါးလုံးခန့်ကို တွေ့ရသည်။

မီးငြိမ်းလိုက်သောအခါ ပုလဲလုံး၏ အရောင်က ပို၍တောက်လာ၏။ ညကြည့်ပုလဲများတည်း၊ အလွန်တန်ဖိုးကြီးသည့် ပုလဲများဖြစ်သည်။

သူမ၏စိတ်ထဲတွင် ပို၍ အတွေးရခက်သွားသည်။

သာမန် စောင်းသမား စာသင်ကျောင်းသားတစ်ယောက်၌ ဤမျှ အဖိုးထိုက်တန်သော ပုလဲရတနာများ အဘယ်ကြောင့်ရှိနေ



ပါသနည်း။

ထိုစဉ် အိမ်ဝန်းအပြင်ဘက်မှ တရှဲရှဲအသံကို ကြားလိုက်ရ၏။ မည်သူများနည်း။

လူဆိုးဓားပြများမှလွဲ၍ အခြားသူများ မဖြစ်နိုင်ပေ။

ဝမ်းအေမှာ စောင်းသမားလူငယ်ပေါ်၌ အာရုံ မရှိတော့ပေ။ ပြင်ပမှ အသံများဆီသို့သာ အာရုံရောက်ရှိသွားသည်။

ထို့ကြောင့် ...

သူမသည် ခြေဖျားထောက်ပြီး ကိုယ်ဖော့ပညာဖြင့် တစ်ချက်ခုန်လိုက်၏။

ပေါ့ပါးစွာဖြင့်အနီးရှိစကားဝါပင်ပေါ်သို့ ရောက်သွား၏။ စောင်းသမားလူငယ်၏ အခန်းမှာငြိမ်သက်လျက်ပင်နေ၏။

သူမ၏ စိတ်ထဲတွင် . . .

'အင်း ... ရှင်ကတော့ အိပ်တော့မယ်၊ ကျွန်မကတော့ ရှင့်အတွက် စိတ်ပင်ပန်းနေရတယ်'

မကြာမီ . .

လေတိုးသံ ကြားလိုက်ရ၏။

အရိပ်မည်းမည်းနှစ်ခုမှာ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လာ၏။

ယင်းအရိပ်မည်းမည်းနှစ်ခုမှာ လူနှစ်ယောက် ဖြစ်နေ၏။

လမ်း၌တွေ့ခဲ့သော မြင်းစီးသမားလူနှစ်ယောက်ပင် . .

အလွန်အရုပ်ဆိုးသည်။

ထိုလူနှစ်ယောက်မှာ စောင်းသမားလူငယ်၏ အခန်းကိုလှေလာကြည့်နေကြသည်။

ဝမ်းအေက ချက်ချင်းပင် လက်နက်ပုန်း ဓားမြှောင်နှစ်ချောင်းကိုထုတ်ယူပြီး အသင့်ကိုင်ထား၏။

အိပ်ခန်းထဲသို့ဝင်သည်နှင့် ပစ်ရန် စောင့်ဆိုင်းနေလေသည်။

ဝမ်းအေသည် စွန်ထိုင်နှင့်စွန်ပိတို့ မောင်နှမနှစ်ယောက်နှင့် လက်နက်ပုန်းပညာ၊ ဓားသိုင်းပညာများသင်ကြားခဲ့ရ၏။ စွန်ထိုင်နှင့် စွန်ပိတို့မှာ နဂိုကတည်းက အရည်အချင်းလည်းရှိ၊ ကြိုးလဲကြိုးစားကြသဖြင့် ထိုပညာရပ်များတွင် သူမထက် ပိုတော်သည်။

သူမကတော့ စာပေပညာကို စိတ်ဝင်စားနေသဖြင့် ဤပညာများကို တော်ရုံသာ လေ့ကျင့်တတ်မြောက်ခဲ့သည်။ သူမ၏ တော်ရုံသာ လေ့ကျင့်သည်ဆိုသော်လည်း သာမန်သိုင်းသမားများထက်တော့ သာသည်။ လက်နက်ပုန်းပညာနှင့် သိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့သည်။

ထိုလူနှစ်ယောက်မှာ အခန်းတွင်းသို့ မဝင်သေးဘဲ ခပ်တိုးတိုး စကားပြောနေကြပြန်သည်။

စကားသံမှာ တိုးလွန်းလှ၏။

သို့သော် ... ဝမ်းအေသည် နားပါး၏။ လျင်မြန်၏။

သူတို့၏ပြောသံကို နားစိုက်လိုက်သောအခါ စကားသံကိုကြားလာရသည်။



'ငါတို့ကို လုနံ့ဝတာက ကြိုဆိုနိုင်းလိုက်တဲ့လူဟာ ဒီလူ မဟုတ်ဘူးထင်တယ်ကွ'

'သံသယ ရှိစရာပဲ၊ သူ့အမူအရာကတော့ သိပ်မတူဘူး'

'ငါတို့လာတာ အလကားတော့ မဖြစ်စေချင်ဘူး၊ နေပြည်တော်သွားပြီး လျှို့ဝှက်သတင်းပို့မဲ့ လူတစ်ယောက် ဒီမှာ တည်းခိုနေတယ်လို့ ကြားတယ်'

'ငါစောစောက စုံစမ်းထားပါတယ်၊ သူက အရှေ့ဘက်က တတိယအခန်းမှာ တည်းခိုတယ်၊ သူ ဘာလျှို့ဝှက်သတင်းပို့မယ်ဆိုတာ မသိဘူး'

'အေးလေ ... ဘာပဲဖြစ်ဖြစ် သူ့ကို သုတ်သင်ပစ်လိုက်တာ မမှားပါဘူး'

လူဆိုးနှစ်ဦး တိုင်ပင်ကြပြီး ခေါင်မိုးပေါ်မှ ခုန်ဆင်းသွားလေတော့၏။

ထိုအခါ ... သူမက တွေးမိ၏။

ရွာထဲမှလူမိုက်ကြီးက ချန်လောင်စန်းအား သုတ်သင်ပစ်ရန် ဖွတ်လိုက်လေသလော။

မည်သို့ ဆိုစေ ...

ချန်လောင်စန်းမှာ သူဆင်းရဲ တစ်ယောက်ဖြစ်ပြီး သူ၏ခံစားချက်မရှိဘဲနှင့် ဤသို့ဆောင်ရွက်လိမ့်မည် မဟုတ်ချေ။

နောက်ဆုံး ....

သူမသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်၏။

လူဆိုးနှစ်ဦးသည် ... အခန်းတွင်းသို့ ခုန်ဆင်းလိုက်သည်နှင့် ဝမ်းအေမှာ ရုတ်ခြည်း ဓားမြှောင်နှစ်ချောင်းကို လေထုထဲသို့ ပစ်ခတ်လိုက်၏။

ဓားများမှာ ထိုလူဆိုးနှစ်ဦးထံသို့ တန်းတန်းမတ်မတ် ပျံသွားလေသည်။

သူမသည် ဓားပစ်ပေါက်နည်းကို လေးငါးနှစ်လေ့ကျင့်ခဲ့၏။ ပျံသန်းနေသော လင်းယုန်ငှက်ကိုပင် မလွဲတန်းပစ်နိုင်၏။

သို့သော် ...

သူမ ထင်သကဲ့သို့ ဖြစ်မလာချေ။

ထိုလူနှစ်ဦးမှာ မမျှော်လင့်သောဖြစ်ရပ်ကြောင့် ထိတ်လန့်ပြီး နောက်သို့ပြန်လှည့်လိုက်သည်။

ဝမ်းအေလည်း ထိတ်လန့်သွားမိ၏။

ဝမ်းအေမှာ အသက်အောင့်ထားပြီး အခြေအနေကို အကဲခတ်နေသည်။

ထိုလူနှစ်ဦးမှာ တစ်မုဟုတ်ချင်း လှုပ်ရှားလိုက်သည်။ လှုပ်ရှားမှုမှာ လျှင်မြန်လှ၏။ တစ်ဆက်တည်း ဓားမြှောင်နှစ်စင်းမှာ စကားဝါပင်ကြီးပေါ်သို့ ပျံတက်လာသည်။

ဝမ်းအေသည် စကားဝါပင်ခွကြားတွင် ထိုင်နေရာ တိမ်းရှောင်ရန် မလွယ်ကူဘဲ ဖြစ်နေသည်။ ထိုအခါ သူမဆီသို့ ဓားမြှောင်များ



အရှိန်ပြင်းစွာပျံလာသည်ကို မြင်ရပြီး လက်ဖြင့် ဓားဆီးဖယ်ရှားရန်မှာ အချိန်မရတော့ချေ။

ထိုအခိုက် ...

မမျှော်လင့်ဘဲ ဓားနှစ်ချောင်းကို တစ်စုံတစ်ရာက အရှိန်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်သည့်အတွက် ဓားဦးတည်ရာလမ်းမှာ ပြောင်းသွား၏။

'ဒေါက် . . ဒေါက်'

ဓားမြှောင်နှစ်ချောင်းတို့သည် ... သစ်ကိုင်းကို ထိမှန်သည်။ ဝမ်းအေ နားထင်နှင့် ငါးလက်မခန့်သာ ကွာဝေးတော့သည်။

ထိုအခိုက် ...

'ဖျန်း . . ဖျန်း'

အသံနှစ်ချက်ကို ကြားလိုက်ရသည်၊ တည်းခိုရိပ်သာထဲမှ လူနှစ်ယောက်မှာ ကျွမ်းပြန်၍ လွင့်စဉ်ကျလာသည်။

ထို့နောက် ... ကသောကမျော ထွက်ပြေးကြလေ၏။

ဝမ်းအေမှာ ကြက်သေသေပြီး အံ့အားသင့်သွားလေ၏။

တည်းခိုရိပ်သာစာရေးသည် ဖြူးတူးဖျာတာဖြင့်ပြေးထွက်လာသည်။ စောင်းသမားလုလင်မှာ ညဝတ်အင်္ကျီကိုဝတ်ထားပြီး အခန်းပြင်သို့ရောက်ရှိနေသည်။

အပြေးကလေးရောက်ရှိလာသော စာရေးအား စောင်းသမားလုလင်က လှမ်းပြောလိုက်သည်။

'မင်းတို့တည်းခိုရိပ်သာကလဲ ကြွက်တွေဘာဖြစ်လို့ ဒါလောက် များရတာလဲ၊ ကြွက်သုံးကောင် ကိုက်နေကြတာနဲ့ ငါလည်း အိပ်လို့ မပျော်ဘူးကွ'

စာရေးက ... ပြန်မေးသည်။

'အော် . . ကြွက်တွေကိုက်နေလို့ ဆရာကလေးက ကြွက်တွေကို ရိုက်လိုက်ရောလား . .'

'ဟုတ်တယ် . . ဒါပေမယ့်မထိလိုက်ဘူး'

'ကျွန်တော်က ကြွက်လုပ်လို့ တစ်ခုခု ကျလာတယ်လို့ ထင်နေတာ လက်စသတ်တော့ ဆရာလေးက ကြွက်ကို ရိုက်လိုက်တာကိုး'

စကားအချီအချပြောပြီး စာရေး ပြန်ထွက်သွားသည်။

စောင်းသမားလူငယ်သည် ကောင်းကင်သို့ မော့ကြည့်ပြီးလျှင် တေးသီချင်းတစ်ပုဒ်ကို တိုးတိုးလေးဆိုလိုက်သည်။

'ချိန်ကောင်း ညသာသာယာ ... ကြွက်တွေကလာ၊ ကျိမ်းစက်လို့ မလွယ်ပါ၊ ကြွက်တွေက ... မုန်းစရာ'

စောင်းသမားလူငယ်သည် ခေတ္တရွတ်ဆိုပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။

ဝမ်းအေမှာ အတော်ကလေး နိုလိုးခုလု ဖြစ်သွားသည်။

စိတ်ထဲတွင် ...

'ငါကတော့ သူ့အတွက် ကင်းစောင့်ပေးရတယ်၊ သူက ငါ့ကိုပါ စောင်းသွားသေးတယ်၊ တော်တော်ဆိုးတဲ့လူ'



သူမသည် တစ်ဖန် ပြန်စဉ်းစားလိုက်၏။

'စောစောက လျှို့ဝှက်ပြီး ငါ့ကို အကူအညီပေးလိုက်တာ သူပဲ ဖြစ်နေမလား'

ထပ်မံ၍ ... စဉ်းစားလိုက်သည်။

'သူဟာ အခန်းထဲက ဟိုလူဆိုးနှစ်ယောက်ကို အခန်းပြင်ရောက်သွားအောင် ရိုက်ချနိုင်ခဲ့ရင် သူရဲ့သိုင်းပညာစွမ်းအားဟာ တွေးဆမရအောင် ထက်မြက်နေလိမ့်မယ်'

စောင်းသမားလူငယ်၏ လှုပ်ရှားမှုများကို သူမ မယုံကြည့်နိုင်အောင် ဖြစ်မိပေသည်။

စဉ်းစားလေလေ သံသယ စိတ်ပွားမိလေလေပင်။

❖❖❖❖❖

## အခန်း (၆)
## ကစားဖော်ချင်း ပြန်တွေ့ခြင်း

နံနက်မိုးသောက် အလင်းရောက်လေပြီ။ စောင်းသမားလုလင်ယ်သည် မနေ့ညကဖြစ်ခဲ့သည့် အဖြစ်အပျက်တို့ကို လုံးဝမသိရှိသကဲ့သို့ပင်။

ဝမ်းအေကို မြင်သော်လည်း ဘာတခွန်းမျှပင် မမေးဘဲနေသည်။ ယခုမှတွေ့သည့် သူစိမ်းများကဲ့သို့ နေခြင်း ဖြစ်သည်။

သူတို့သည် တည်းခိုရိပ်သာအတွက် ကျသင့်သောအခန်းခနှင့် ထမင်းဖိုးများ ရှင်းပေးပြီး ထွက်ခွာခဲ့ကြလေ၏။

ဝမ်းအေ၏စိတ်ထဲ၌ ဆုံးဖြတ်ချက်ချလိုက်၏။

'ရှင့်နောက်က ကျွန်မလိုက်ပြီး ဒီပဟေဠိကို နောက်ဆုံးဖော်ထုတ်ပစ်မယ်'



ထို့နောက် တည်းခိုရိပ်သာမှ အမြန်ထွက်ခဲ့ကြတော့သည်။

မြင်းကိုစီးပြီး စောင်းသမားလုလင်၏နောက် မနီးမဝေးမှ လိုက်ခဲ့လေသည်။

စောင်းသမားလုလင်ယ်သည် ယမန်နေ့ကကဲ့သို့ သူမနှင့်စကား မပြောဘဲနေသည်။ နှုတ်ဆိတ်နေသည်။

ခရီးအတန်ငယ်သွားမိသောအခါ ... မညီမညာ တောင်ပေါ်ရှိ လမ်းကျဉ်းကလေးသို့ ရောက်လာကြလေ၏။

ထိုအခါ စောင်းသမားလုလင်သည် ဦးထုပ်ကို တည့်တည့် ပြင်ဆောင်းလိုက်၏။

'ပတ်ဝန်းကျင်မှာ လူသူမရှိဘူး၊ တောင်ရဲ့အနေအထားကလဲ မတ်စောက်တယ်၊ တကယ်လို့များ၊ လူဆိုးဓားပြတွေနဲ့တွေ့ရင် ဘယ်လိုလုပ်ရပါ့မလဲ'

သူ့ကိုယ်သူ စကားပြောလို့မှ မဆုံးသေးမီ၊ တောအုပ်အတွင်းမှ လေချွန်အချက်ပေးသံကို ကြားလိုက်ရသည်။

လူဆိုးတစ်စုသည် အမှန်တကယ်ပင် ထွက်ပေါ်လာသည်။

ရှေ့ဆုံးမှခေါင်းဆောင်လုပ်သော လူနှစ်ယောက်မှာ ယမန်နေ့က တွေ့လိုက်ရသော လူဆိုးများပင်။

ဝမ်းအေသည် မြင်းဇက်ကြိုးကို ဆွဲလိုက်၏။

လူဆိုးတို့သည် သူတို့မြင်းရှေ့မှလမ်းပိတ်ထားပြီး စောင်းသမားလုလင်ယ်ကို အကဲခတ်နေကြ၏။

ထို့နောက် ချက်ချင်းပင် တစ်ပြိုက်နက် အရိုအသေပေးကြသည်။

ရှေ့ဆုံးမှ ခေါင်းဆောင်နှစ်ယောက်က ရိုသေလေးစားစွာဖြင့် ပြောသည်။

'မနေ့က သတိမပြုမိတဲ့အတွက် ဘယ်သူဘယ်ဝါမှန်း မသိခဲ့ရပါဘူး၊ မင်းသားကလေး ရောက်လာတာကို မသိလို့ မကြိုဆိုမိတာကို ခွင့်လွှတ်တော်မူပါ မင်းသားလေး'

'ဟေ့ . . လောကမှာ ငွေရှင် ကြေးရှင်တို့ကိုသာ မြှောက်ပင့်ကြရတာ ... ငါ့မှာဘာအဖိုးတန်ပစ္စည်းမှလည်း မပါဘူး၊ မင်းတို့ငါ့ကို မြှောက်ပင့်နေကြတာဘာသဘောလဲ'

လူဆိုးခေါင်းဆောင်နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်၊ ထပ်မံပြီး အရိုအသေပေးလိုက်ကြပြန်၏။

'မင်းသားကလေး . . ကျွန်တော်တို့ကို အထင်မလွဲလိုက်ပါနဲ့ ကျွန်တော်တို့ဟာ ရင်မစခန်းက လူတွေပါ၊ မင်းသားကလေးကို ကြိုဆိုဖို့ ကျွန်တော်တို့ကို ခိုင်းထားပါတယ်'

'ဘယ်စခန်းကလဲ၊ ဒုက္ခပဲ၊ ဒုက္ခပဲ၊ မင်းတို့ဟာ လူဆိုးဓားပြတွေ မဟုတ်ဘူးလား'

လူဆိုးဗိုလ်နှစ်ယောက်က မျက်နှာချင်းဆိုင်ကာ တစ်ဦးကို တစ်ဦး ကြည့်မိကြသည်။



ထိုစဉ် မြင်းလျှင်နှစ်စီး ဒုံးစိုင်းလာသော မြင်းခွာသံကို ကြားလိုက်ရသည်။

ဝမ်းအေသည် လှမ်း၍ကြည့်လိုက်သည်၊ ယမန်နေ့က တွေ့လိုက်ရသော လူဆိုးများမှာ သူမကို ကြိမ်တံနှင့်ရိုက်သွားသော လူဆိုးများ ဖြစ်ကြသည်။

ထိုလူဆိုးနှစ်ယောက်တို့သည် မြင်းကို ဒုံးစီး၍ ရောက်ရှိလာကြကာ မြင်းကျောပေါ်မှဆင်းလိုက်ပြီးနောက် အော်၍ပြောလိုက်သည်။

'နောင်ကြီး ကျိုစန်နဲ့ နောင်ကြီး လီချစ် ... ခင်ဗျားတို့ လူမှားနေကြပြီ'

ကျိုစန်နှင့် လီချစ် အခေါ်ခံရသောလူနှစ်ယောက်တို့သည် ထိတ်လန့်သွားကြပြီး သက်မကောင်းသော အကြည့်ဖြင့် ကြည့်လိုက်ကြသည်။

'ဘာဖြစ်လို့လဲဗျ သူဟာ တကယ်မဟုတ်လို့လား'

'တကယ်မဟုတ်တာပါ၊ ကျွန်တော်တို့ ကြိုဆိုဖို့ လုန်ဝုတာ ပြောတဲ့လူဖြစ်ရင် မနေ့ညက တည်းခိုရိပ်သာမှာ ဘာဖြစ်လို့ လုဟန်ရှင်တောင်စခန်းက လူနှစ်ဦးကို ထိခိုက်ဒဏ်ရာရအောင် လုပ်လွှတ်ရတာလဲ၊ စဉ်းစားလည်း ကြည့်ဦးလေ'

ဝမ်းအေမှာ ပိုပြီးထိတ်လန့်သွားမိသည်။

စိတ်ထဲတွင် . . .

'လက်စသတ်တော့ ... ဒီစောင်းသမားလုလင်ဟာ ထက်မြက်တဲ့ သိုင်းပညာရှင်တစ်ဦး ဖြစ်နေတာကိုး၊ မနေ့ညက လျှို့ဝှက်ပြီး အကူအညီပေးတာ သူပဲဖြစ်မယ်'

သူမ၏စိတ်ထဲမှာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ စောင်းသမားလုလင်အား ကြည့်လိုက်သောအခါ လက်ပိုက်ပြီး မသိသကဲ့သို့နေသည်ကို တွေ့ရသည်။

လူဆိုးဓားပြများ ပြောဆိုနေသည်ကို နားထောင်နေသော်လည်း သူနှင့် ဘာမျှမဆိုင်၊ သူများပြောနေသည်ကို နားထောင်နေပုံမျိုး ဖြစ်သည်။

ထိုအခါ ... ကျိုစန်ခေါ်သော လူဆိုးဗိုလ်က သံသယအပြည့်နှင့် မေးလေ၏။

'နောင်တော်လျူစီ . . ဒါဖြင့် ဒီငမွဲဟာ ဘယ်လိုလူဖြစ်မှာလဲ၊ ကျုပ်တို့ အထင်မှားနေကြတာပါ'

နောင်ကြီးလျူစီ ဆိုသောလူမှာ ယာမန်နေ့က ဝမ်းအေကို ကြိမ်တံနှင့် ရိုက်လိုက်သောသူပင်။

'နောင်ကြီးချစ် . . ခင်ဗျားက ထပ်ပြီး မျက်စိမှားနေပြန်ပြီ၊ ဒီကောင်ကို ဘယ်လိုလူစားဆိုတာတော့ ကျွန်တော်မသိဘူးဗျ၊ သူ့ကိုယ်ပေါ်မှာ တစ်သိန်းထက်မနည်း တန်ဖိုးရှိတဲ့ပစ္စည်းပါတာကိုတော့ ကျွန်တော်သိတယ်၊ သူဟာ ဘယ်နည်းနဲ့မှ ငမွဲမဖြစ်နိုင်ဘူး၊ ခင်ဗျား အခေါ်အဝေါ်မှားနေပြီ'



သူ၏စကားကြောင့် ကျိုစန်နှင့် လီချစ်တို့မှာ မျက်စိမျက်နှာပျက်သွားကြလေ၏။

ထိုစဉ် နောင်ကြီးလျူစီဆိုသူက စောင်းသမားလုလင်အား ကြိမ်တံနှင့် လှမ်းရွယ်လိုက်ရင်း . .

'တို့အကြောင်းကို မင်းမသိဘူးလား၊ သိရင် အမြန်ထုတ်ပေးကွာ . . ဒါမှမဟုတ်ရင် ကိုယ်တိုင်ရှာယူရမှာလား'

၎င်း၏လူများကလည်း ရှေ့သို့တိုး၍လာကြပြီး စောင်းသမားလုလင်အား ဝိုင်းရံထားလိုက်ကြသည်။

ကျိုစန်နှင့်လီချစ်တို့သည် မျက်နှာချင်းဆိုင်၍ ကြည့်မိကြသည်။

ကျိုစန်၏မျက်နှာမှာ ဆုံးဖြတ်ရန် ခက်ခဲနေပုံရ၏။ သို့သော် လီချစ်ကမူ ရှေ့သို့တစ်လှမ်းတိုးလာပြီး . . .

'လူမှားသွားပေမယ့် ယုန်ထောင်ရာ ကြောင်မိ ဆိုသလိုဖြစ်နေတာ ကျုပ်တို့အတွက် ကောင်းပါတယ်'

တောလမ်းဓားပြလူဆိုးတို့၏ ထုံးစံအတိုင်း လုယက်တိုက်ခိုက်ကြသောအခါ ပါဝင်သောလူတိုင်း ဝေစု တစ်စုစီရကြသည်။ လီချစ်သည် ဓားဆွဲ၍ ထွက်သွားသော ရည်ရွယ်ချက်မှာ ဝေစုလိုချင်၍ ဖြစ်၏။

စောင်းသမားလုလင်သည် တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ မိုးပေါ်မော့ကြည့်ပြီး ရယ်မောလိုက်သည်။

'ကျုပ်မှာ ဘာအဖိုးတန်ပစ္စည်းမှ မရှိဘူး။ ခင်ဗျားတို့ ဘာကို လုယက်ကြမှာလဲ၊ ဒီစာအုပ်အစုတ် လေးငါးအုပ်ကိုလည်း ခင်ဗျားတို့ ဖတ်တတ်မှာမဟုတ်ဘူး၊ ဟောဒီစောင်းကောက်ဟောင်းကိုလည်း ခင်ဗျားတို့ တီးတတ်မှာမဟုတ်ဘူး၊ ဟား .. ဟား ... ဟား ... ဒါဆို ကျုပ်ခေါင်းပေါ်က ဦးထုပ်ကို လုချင်လို့လား'

လျူစီဟု အခေါ်ခံရသော လူဆိုးဗိုလ်က . .

'အေး ... မင်းရဲ့ဦးထုပ်ကိုပဲ ငါလိုချင်တယ်'

လူဆိုးဓားပြ သုံးယောက်တို့သည် ဓားကိုဝှေ့ယမ်းကာ ကြိမ်တံဖြင့် ရိုက်လိုက်သည်၊ ဓားဖြင့် ခုတ်လာသည်၊ သံခရင်းခွဖြင့် ထိုးလာသည်၊ လက်နက်သုံးမျိုးတို့သည် စောင်းသမားလုလင်၏ ကိုယ်ခန္ဓာပေါ်သို့ တစ်ပြိုင်တည်း ထိုးခုတ်ရိုက်နှက်လာကြသည်။

ဝမ်းအေသည် ထိုစောင်းသမားလုလင်မှာ သိုင်းပညာတတ်ကျွမ်းခြင်းရှိမရှိ စဉ်းစားချိန်မရတော့ဘဲ ဓားကိုဆွဲပြီး မြင်းကိုရှေ့သို့ ချီတက်လာသည်။

ကြည်လင်ပြတ်သားသောအသံဖြင့် . . .

'ရှင်တို့ဟာ နေ့လည်ကြောင်တောင် လူသတ်ပြီး ပစ္စည်းလိုချင်တဲ့လူတွေပဲ၊ ရှင်တို့ကို ကျွန်မက ခွင့်မလွှတ်ဘူး'

ခုတ်သံ ထစ်သံတို့မှာ တခဏချင်း ပေါ်ထွက်လာကြသည်။

'ဒေါက် . . ဒက် . .ဒင် . .ဒေါင်'

လက်နက်ချင်းထိသံတို့မှာ သုံးလေးချက် ထွက်ပေါ်လာသည်။



လူဆိုးများ၏ဓားနှင့် သံခရင်းတို့မှာ ဝမ်းအေ၏ အဖိုးတန်ထက်မြက်သည့်ဓားကြောင့် ပဲ့ရွဲ့ကုန်၏။

လျူစီ၏ ကြိမ်တံလက်နက်သည် ... ဓားဖြင့်မထိသေးသောကြောင့် ခုခံတိုက်ခိုက်နိုင်သေး၏။

လျူစီက ကြိမ်းမောင်းလိုက်လေ၏။

'သေရကောင်း ရှင်ရကောင်းမှန်း မသိတတ်တဲ့ ကောင်မလေး လာပြန်ပြီလား'

ပါးစပ်ကပြောပြီး ကြိမ်တံဖြင့် လှမ်းရိုက်လိုက်သည်။

ထို့နောက် ...

သူ၏အဖော်များကို လှမ်းအော်လိုက်သည်။

'ဒီကောင်မလေး လက်နက်သာရှိတာ .... သိုင်းပညာမရှိဘူး၊ ကြောက်မနေနဲ့ ဝိုင်းတိုက်ကြ'

ကြိမ်တံတစ်ချက်ရိုက်၍ မထိသောကြောင့် သုံးချက်ဆင့်ကာ ရိုက်လိုက်ပြန်သည်။

ကြိမ်တံစကြာသိုင်းကွက်ဖြင့် သူမအား တိုက်ခိုက်ရာ သူမက 'မိုးမခပန်း လေဆော့ရမ်း' သိုင်းဖြင့် ပြန်၍ ခုခံတိုက်ခိုက်သည်။

'ဝှီး . . ဝှီး . . ဝှီး . .'

လေထုထဲ၌အသံမြည်သွားသည်။ ကြိမ်တံအရိပ်တို့မှာ ဝိုင်းစက်လာသည်။ လေပွေမွှေ့သကဲ့သို့ သိုင်းကွက်ကို နင်းပြီးတက်လာသည်။

ဝမ်းအေ၏ဟာကွက်ကို ရွေးကာ သူမ၏ဒူးခေါင်းကို သိမ်းခုတ်လိုက်၏။

ဝမ်းအေမှာ .... အဆင့်မြင့် သိုင်းသမားတစ်ယောက်မဟုတ်သော်လည်း အတော်အသင့်တတ်ကျွမ်းထားသည့်အပြင် ငယ်ရွယ်သူဖြစ်၍ အလွန်သွက်လက်ပေါ့ပါးသည်။

ကိုယ်ကလေးမှာ ကြိမ်တံအဖျားမှ ဖောက်ထွက်လိုက်ပြီး သူမ၏ဓားဖြင့် ပျံလွှားတိမ်ဖောက် ဓားချက်ကို တစ်ချက်ပစ်သွင်းလိုက်သည်။

သူမသည် ရုတ်တရက် လေထုထဲသို့ ကိုယ်ဖော့ပညာဖြင့်ခုန်တက်လိုက်ပြီး လေထုထဲမှ ဓားကိုအထက်မှအောက်သို့ ရိုက်ချလိုက်သည်။

ထိုအခါ ... လျူစီမှာ ကာကွယ်ရန် အချိန်မရလိုက်တော့ချေ၊ သူ၏ ပခုံးကို ဓားတစ်ချက် အထိခံလိုက်ရ၏။

သည်နောက် သူမမှာ အောက်သို့ ကျဆင်းလာသည်နှင့် မုဆိုးလေးတင်သိုင်းကွက်ကိုနင်းပြီး ထိုးနှက်လိုက်သဖြင့် သံခရင်းခွသမား၏ဒူးခေါင်းကို ဓားတစ်ချက်ထိသွားပြန်သည်။ အင်အားမှာမပြည့်ဝသော်လည်း ချက်ကောင်းကို ဓားထိမိသောကြောင့် သံခရင်းခွကိုင်လူဆိုးမှာ အမလေးတစ်ချက်အော်ကာ နောက်ဆုတ်သွားလေတော့သည်။ ထိုအခါ ... စောင်းသမားလူငယ်က လက်ခုပ်လက်ဝါးတီးကာ အားပေးလေ၏။



'နဂါးရေဆန် ဂရုန်ပျံသိုင်းကွက်က ကောင်းတယ် ... သိပ်ကောင်းတယ်'

ဝမ်းအေသည် တိုက်ခိုက်နေရင်းမှ စောင်းသမားကို လှမ်းကြည့်လိုက်သည်။ ၎င်းသည် လက်ပိုက်ပြီး မတ်တပ်ရပ်နေသည်ကို တွေ့ရလေ၏။ ကျိုစန်ဆိုသူမှာ လှံတံတစ်ချောင်းကိုကိုင်ကာ သူ၏ဘေးနားတွင်စောင့်ကြည့်နေသည်၊ အမှန်မှာ လူဆိုးဗိုလ်ကျိုစန်သည် သိုင်းလောက၌ ကျင်လည်နေသည်မှာ .... ကြာပြီဖြစ်သည့်အပြင် စောင်းသမားလူငယ်အား တိတိကျကျမသိ၍ ဝင်မပါဘဲ နေခဲ့၏။ ရင်မ စခန်းမှလူဆိုးများသည် အခြေအနေကိုစောင့်ကြည့်နေကြရင်း စောင်းသမားလူငယ်အား ဝိုင်းရံထား၏။

လူဆိုးလေးယောက်အနက် လျူစီ၏ သိုင်းပညာမှာ အထက်မြက်ဆုံးဖြစ်သည်။ ၎င်း၏တပည့်နှစ်ယောက်မှာ ဝမ်းအေ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရကြသည့်အတွက် ဒေါသထွက်သွားသည်။

'ကောင်မလေး တစ်ယောက်ကိုတောင် ... မသုတ်သင်နိုင်ဘဲ ဘာဖြစ်လို့ တောလမ်းမှာ ထမင်းကို ရှာဖွေစားသောက်နေကြတာလဲ၊ သူရဲ့မျောက်ခုန်ခုန်နေတာကို ဂရုမစိုက်နဲ့၊ ဓားကိုသာ သတိထား၊ ငါ ကြိမ်တံအဖျား ညွှန်နေတာကိုကြည့်ပြီး သူ့ရဲ့ဟာကွက်ကို တိုက်ကြားလား . . .'

ထို့နောက် ... သူသည် ကြိမ်တံကို ဆွဲလိုက်သည်။ 'နဂါးမင်း

ပင်လယ်ဆင်း' သိုင်းကွက်ဖြင့် ဝမ်းအေ၏ ခါးကို ပတ်ရိုက်လိုက်သည်။ ဝမ်းအေက နဂါးမင်းပတ်သိုင်းကွက်ဖြင့် ရှောင်ထွက်လိုက်၏။ လျူစီ၏ကြိမ်တံဖျားသည် ကနဦးတွင်သူမ၏ညာဘက်ကိုညွှန်ထားသည်။ သူ၏ကြိမ်တံရိုက်ချက်မှာ ဖြတ်လတ်မှုအပြည့်ရှိသည်။ တပည့်များသည် လျူစီညွှန်ပြသည့်အတိုင်း ဝမ်းအေ၏ ဟာကွက်ကို ဝင်ရောက်ထိုးခုတ်ကြသည်။

ဝမ်းအေမှာ တိုက်ခိုက်ရင်း မောလာသည်။ ဒေါသလည်းဖြစ်မိသည်။

'ဒီလူတော်တော်မုန်းစရာကောင်းတယ်၊ သူ့အတွက်နဲ့ သူများက သက်စွန့်ကြိုးပန်း တိုက်ခိုက်နေရတယ်၊ သူကတော့ဘာမှ မဆိုင်သလို လက်ပိုက်ကြည့်နေတယ်'

သူမက စောင်းသမားလူငယ်အားကြည့်ပြီး မကျေမနပ်နှင့် ပြောမိသည်။

လူဆိုးသုံးယောက်သည် ... တော်တော်ကြာကြာ တိုက်ခိုက်သော်လည်း မနိုင်သောကြောင့် ပူပန်လာသည်။ လျူစီက ကြိမ်တံနှစ်ချက် ဆင့်ရိုက်လိုက်သည်။ ဝမ်းအေမှာ ခြေလှမ်းကို နောက်သို့ သုံးလေး လှမ်းဆုတ်လိုက်ရသည်။

ထို့နောက် ...

'ဘယ်လိုလူတွေလည်းမသိဘူး၊ မိန်းမအုပ်ချုပ်နေတဲ့ ကာလမို့ ဒီလို စားပြတိုက်နေတာလား မသိဘူး'



သူမက ကျိုစန်ဆိုသူအား တွေ့လိုက်၏။ ကျိုစန်သည် စောင်းသမားလူငယ်ကိုသာ စောင့်ကြပ်နေရာမှ သူ၏ လှံဖြင့်ဇွေ့ယမ်းကာ ဝမ်းအေအား ဝိုင်း၍တိုက်ခိုက်လေတော့သည်။

လှံလက်နက်သည် ကြောက်စရာကောင်းလှ၏။ ကျိုစန်သည် အတွေ့အကြုံရှင်ခံရသည့်အတွက် ဝင်တိုက်ခြင်း ဖြစ်သည်။

ဝမ်းအေမှာ ရင်ဆိုင်ဖို့ခက်ခဲလာသည့်အပြင် ဒေါသလည်း ထွက်လာမိသည်။

'တောလမ်းက လူဆိုးတွေကတောင် အချင်းချင်းကူညီတဲ့ စိတ်ဓာတ်ထားကြတယ်၊ စာတတ်ပေတတ်လူက လူဆိုးစားပြတို့လို စိတ်ဓာတ် မရှိဘူးလား'

ထိုစကားမှာ စောင်းသမားလူရွယ်ကို အပြစ်တင်လိုက်ခြင်း ဖြစ်သည်။ တစ်ဘက်သို့ အာရုံရောက်သွားသည်နှင့် ဝမ်းအေ၏ လက်ထဲမှ ဓားသည် ကျိုစန်၏လှံရိုးရိုက်ချက်ကြောင့် စောင်းသွားသည်။ လျူစီ၏ကြိမ်တံမှာလည်း သူမ၏ခါးဆီသို့ ရောက်သွားသည်။

ထိုအခါ စောင်းသမားလူငယ်က ...

'ယောကျ်ားကြီးလေးယောက်က မိန်းမသားတစ်ယောက်ကို ဝိုင်းစော်ကားသတဲ့လား'

သူသည် အော်ငေါက်လိုက်ပြီး လှုပ်ရှားလိုက်၏။ ကျိုစန်လက်ထဲမှ လှံတံကို လုယူလိုက်ပြီး လီချစ်၏ ဓားမှာလည်း လေထုထဲ မြောက်တက်သွား၏။ လျူစီမှာလည်း အတော်ထိတ်လန့်သွားသည်။

တစ်ဆက်တည်း စောင်းသမားလူငယ်က ပြောလိုက်လေ၏။

'ဒီကောင်က မုန်းစရာအကောင်းဆုံးပဲ'

သူ၏လက်ငါးချောင်းဖြင့် ကြိမ်တံကို လှမ်းဆွဲလိုက်သည်။ စောင်းသမားလူငယ်၏ လျှပ်တစ်ပြက်လှုပ်ရှားချက်တို့မှာ အလွန်မြန်ဆန်ပြီး ... လျူစီမှာ အချိန်မီ မကာကွယ်နိုင်ခြင်းကြောင့် ကြိမ်တံကို အလုခံလိုက်ရသည်။

ဖလပ် . . .

အသံတစ်ချက် မြည်သံ ကြားလိုက်ရသည်။

ကြိမ်တံမှာ ပေသုံးဆယ်ကျော်အကွာသို့ ရောက်သွားသည်။ ထိုအခါ ... စောင်းသမားလူငယ်က တဟားဟား ရယ်လိုက်သည်။ ထို့နောက် ကိုယ်ကိုလှည့်လိုက်ပြီး ခြေထောက်ကို ကွေးကာ သံခရင်းကိုင် လူဆိုးကို ကန်လိုက်သည်။

ထိုလူမှာ ကျွမ်းပျံကျသွားလေ၏။

လူဆိုးဓားပြတို့သည် ... အကြီးအကျယ် ထိတ်လန့်သွားပြီး အားလုံး ဝိုင်းရံတိုက်ခိုက်လာကြသည်။

စောင်းသမားလူငယ်က ...

'မင်းတို့ကြောင့် တောင်လမ်းခရီးသွားတွေ ဒုက္ခရောက်ရတာ၊ မင်းတို့လက်နက်အားလုံးကို ငါသိမ်းလိုက်မယ်၊ မင်းတို့အားလုံးကို ဆုံးမရမယ်'

သူ၏စကားဆုံးသည်နှင့် လူဆိုးများက ဝိုင်းတိုက်ကြ၏။



ဒုတ်၊ ဓား၊ ခြေရောလက်ပါ တိုက်ခိုက်လာကြသည်ကို တွေ့ရသည်။

'ဝုန်း' 'ဖြောင်း' 'ဒုတ်'

အသံများ ဆူညံသွားသည်။

စောင်းသမားလူငယ်၏ လက်နှင့်ထိလိုက်သော လက်နက်မှန်သမျှတို့မှာ လွင့်စဉ်သွားကြသည်။ ဓားလှံလက်နက်တို့မှာ မြေပေါ်၌ စုပုံနေသည်။

လူဆိုးဓားပြများအားလုံး လဲသူလဲ၊ ကွဲသူကွဲ၊ ပြေးသူပြေး ဖြစ်သွားသည်။

စောင်းသမားလူငယ်၏ လှုပ်ရှားမှုမှာ ... စိတ်ဝင်စားဖွယ်မဟုတ်ပါလား၊ သူမ ငေးစိုက်ကြည့်နေမိသည်။

အတန်ကြာအောင် စကားမပြောနိုင်ဘဲ အံ့သြနေခြင်းဖြစ်သည်။

သူသည် တစ်ကိုယ်တည်း လက်နက်မပါ လူဆိုးဓားပြတစ်စုကို နှိမ်နင်းလိုက်နိုင်သည်၊ မောပန်းခြင်းလက္ခဏာ လုံးဝမတွေ့ရချေ။ သို့သော် ... ဝမ်းနည်းပက်လက် ဖြစ်နေသည်၊ ပူဆွေးငိုယိုနေသည်၊ ဝမ်းအေကဲ့သို့သော ဉာဏ်ထက်မြက်သူပင် အတွေးရခက်နေသည်။

အတော်ကလေး ကြာသွားသောအခါ စောင်းသမားလုလင်၏ ငိုသံမှာ တဖြည်းဖြည်းတိုးလာသည်၊ သည့်နောက် ဝမ်းအေမှာ သူ့အနားသို့ ချဉ်းကပ်သွားသည်။

'ရှင်ဒီကနေ့ အကြီးအကျယ် အောင်ပွဲခံယူလိုက်တယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲ'

ဝမ်းအေသည် စောင်းသမားလုလင်အား ကြည့်လိုက်၏။ သူ၏ မျက်နှာထားမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်ကို တွေ့ရသည်။

ထို့နောက် လုလင်က ... သူမအား စိုက်ကြည့်နေပြန်သည်။

အတန်ကြာသော် . . ထိုသူက ....

'အတွင်းစိတ်ကို ဖောက်ထွင်းသိတဲ့ မိန်းကလေးနဲ့ ကံကောင်းထောက်မလို့ လာတွေ့ရပြန်တယ်'

သူကပြောရင်း ဝမ်းအေ၏လက်ကောက်ဝတ်ကို လှမ်းဆွဲပြီး သူမ၏နဖူးကို ဖုံးအုပ်နေသော ဆံစကလေးများကို အသာအယာ လှန်တင်ပေးလိုက်ပေသည်။

ဝမ်းအေ၏ စိတ်နေစိတ်ထားမှာ သာမန်အမျိုးသမီးတို့နှင့် မတူပေ၊ သို့သော် ... စောင်းသမားလုလင်၏ ပြုမူလှုပ်ရှားမှုကြောင့် သူမ၏အသည်းနှလုံးတို့မှာ တဒိတ်ဒိတ်ခုန်လာသည်။

စော်ကားရကောင်းလားဟု ရန်တွေ့မည် စိတ်ကူးသော်လည်း နှုတ်ဖျားမှ ထွက်မလာမိပေ။

ထိုအခါ စောင်းသမားလုလင်က . . .

'ဟား . . ဟား . . ဟား တကယ် မမှားဘူး၊ ညီမလေးဟာ ဝမ်းအေပဲ ... '



ဝမ်းအေမှာ အံ့အားသင့်သွားသည်၊ သိကျွမ်းရင်းနှီးသော အရိပ်အရောင်တို့သည် သူမ၏ဦးနှောက်ထဲတွင် တရေးရေးပေါ်လာတော့သည်၊ တစ်ချိန်တည်းမှာပင် ဝမ်းအေ အသံထွက်သွားသည်။

'အော် . . . မင်းသားလေးပါလား'

စောင်းသမားလုလင်သည် ဝမ်းအေ၏ လက်ကို လွှတ်လိုက်ပြီးလျှင် ....

'တစ်နေ့က ညီမလေးကို ပထမဆုံး တွေ့လိုက်ကတည်းက မြင်ဖူးသလိုလို ရှိပါတယ်လို့ ထင်နေတာ၊ ဒါပေမဲ့ ... ဒီနဖူးပေါ်က အမာရွတ်ကို မမြင်ရလို့ မသေချာတာနဲ့ မပြောတာ'

ဝမ်းအေမှာ ကြောက်လန့်ခြင်းနှင့် ဝမ်းသာခြင်းတို့ ထွေးနေသည်၊ သို့သော် မဆိုင်းမတွဘဲ မေးလိုက်သည်။

'မင်းသားလေး ... ဘာဖြစ်လို့ နန်းတော်အတွင်းမှာ မနေဘဲ ဒီလိုရုပ်ဖျက်ပြီး သိုင်းလောကမှာ ကျင်လည်နေရတာလဲ'

'အခု ထီးမွေနန်းမွေတို့က ဂူမျိုးနွယ်ခေတ်ကို ပြောင်းသွားပြီ၊ အစ်ကို့ကို ဘာဖြစ်လို့ မင်းသားကလေးလို့ ခေါ်နေရသေးလဲ၊ အစ်ကိုဟာ ညီမလို သာမန် လူတစ်ယောက်ပါပဲ၊ မိုးအောက်မြေမှာ ခြေဦးတည့်ရာသွားနေတဲ့ ခြေသလုံးအိမ်တိုင်သမားပဲ၊ အစ်ကိုနဲ့ညီမဟာ ငယ်ငယ်ထဲက အတူတူကစားဖော် ဖြစ်တယ် . . ဒီတော့ အစ်ကို့ကို ငယ်ငယ်တုန်းကလို အစ်ကိုလို့ပဲခေါ်ပါ၊ အစ်ကိုကလဲ ညီမလို့ပဲခေါ်မယ် . . နော်'

လီအိသည် ထန်မင်းတို့၏ နန်းညွန့်နန်းလျာဖြစ်သည်။ သူ၏ အဘိုးကျန်ချင်မှာ ဘကြီးတော်ဘုရား လီရှိမင်၏ အစ်ကိုဖြစ်သည်။ သားတော် လီဟုန်၊ လီရှင်တို့နှင့် ညီအစ်ကို ဝမ်းကွဲ တော်စပ်သည်။

လီရှိမင်သည် သူ့နောင်တော် ကျန်ချင်ထံမှ နန်းရိပ်နန်းလျာ တို့ကို လုယူထားသူဖြစ်သည်။

နောက်ပိုင်းတွင် ... စိတ်မကောင်း ဖြစ်ပြီး သူ့နောင်တော်၏ သားမြေးတို့ကို ကောင်းစွာပြုစုသည်။

လီအိသည် ငယ်စဉ်အခါက နန်းတွင်းမှာ နေရသည်။

ဝမ်းအေ၏ အဘိုးသည် နန်းတွင်းမော်ကွန်းထိန်းဖြစ်သည်၊ ဝမ်းအေသည် ငယ်စဉ်က နန်းတော်တွင်း၌ ဝင်ထွက်နေသဖြင့် လီအိနှင့် သိကျွမ်းသည်။

လီအိသည် ဝမ်းအေထက် ခုနစ်နှစ် ကြီးသော်လည်း ကလေး ဘဝက ကစားဖော်ကစားဖက် ဖြစ်ကြသည်၊ ဝမ်းအေနှင့် လီအိတို့ မှာ ကစားရင်း သူမ၏နဖူး၌ ဒဏ်ရာအမာရွတ်ကို ရခဲ့၏။

ရှေးက ... ရွှေထီးဆောင်းခဲ့သော ဘဝကို အိပ်မက်လိုမြင်နေရ သည်၊ ယခု သိုင်းလောက၌ ဒုက္ခသည်အနေနှင့် ဘဝခြားပြီးပြန်တွေ့ ကြရသောအခါ ပြောစရာစကားများ တောင်လိုပုံနေသည်။

ဘယ်ကစလို့ ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်နေမိသည်၊ အတော်လေးကြာလျှင် .... ဝမ်းအေသည် သက်ပြင်းချပြီး မေးလိုက် သည်။



'ကျန်မအဘိုးနဲ့အဖေတို့ကို ကွပ်မျက်တဲ့အကြောင်းကိုကော အစ်ကို သိပြီးပြီလား'

'ဒီကိစ္စဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ အစ်ကိုလည်း နန်းတော်က ထွက်ခွာလာခဲ့တာဘဲ၊ အစ်ကိုလည်း အချိန်မီသိပေလို့ ဒီကနေ့ထိ အသက်ရှင်နေတာ၊ ညီမ မသိသေးတဲ့ကိစ္စတွေလည်း ရှိဦးမှာပါပဲ၊ ဒီ(၇)နှစ်အတွင်းမှာ ဘုရင်မကြီးဟာ ဆွေတော်မျိုးတော် သုံးဆယ့် ခြောက်အိမ်ထောင်က မိသားစုတို့ကို သုတ်သင်ပစ်လိုက်ကြတယ်၊ ဘုရင်ကြီးနဲ့ နန်းညွန့်နန်းလျာတို့ကို အများဆုံးသုတ်သင်ပစ်တယ်၊ သူ့ရဲ့သားရင်းကိုတောင် ချမ်းသာမပေးခဲ့ဘူး၊ တချို့ကို အဆောင် အယောင်သိမ်းယူတယ်၊ တချို့ကိုအဆိပ်ခတ်ပြီးသတ်ပစ်တယ်၊ ပြန် တွေးမိတိုင်း အသည်းနာမိတယ် . . .'

'ဒီကိစ္စတွေကို ... ဘဘကြီးချန်စွန်လည်း ပြောပြဖူးပါတယ်၊ အစ်ကိုလည်း ဂူကျောထန်ဘုရင်မကြီးကြောင့် ထွက်ပြေးတိမ်းရှောင် နေရတာကိုး'

မင်းသားလီအိဖြစ်ရပ်မှာလည်း ဝမ်းအေနည်းတူပင် ဖြစ် သည်။ ဘကြီးတော်ဘုရားထံမှ အမတ်ကြီး ဝေချီကျွမ်းအိမ်သို့ ထွက် ပြေးတိမ်းရှောင်နေခဲ့ရသည်။

ဝေချီကျွမ်းမှာ ထန်နိုင်ငံတော်ကို တည်ထောင်ရာတွင် ပါဝင် ခဲ့သော အမတ်ကြီးဝေချီကုန်၏သား ဖြစ်သည်။ ဝေချီကုန်မှာ သိုင်း ပညာ တစ်ဘက်ကမ်းခတ်အောင် တတ်ကျွမ်းသည်။

လိအိသည် ဝမ်းအေက ဘုရင်မဂူကျေးထန်အား လုပ်ကြံမည့် အကြောင်းကို ကြားရသောအခါ အတော်ကြာကြာ စကားမပြောဘဲ တိတ်ဆိတ်နေလိုက်သည်။

'နန်းတွင်းမှာ အစောင့်အကြပ် အလွန်ပေါတယ်၊ လုပ်ကြံဖို့ မလွယ်လှဘူး၊ သူ့မှာလဲ အဖွဲ့အသင်းနဲ့ဖြစ်နေတော့ သူ့တစ်ယောက်ထဲကိုလုပ်ကြံလို့လဲ အရာရောက်မှာ မဟုတ်ဘူး'

'ဒါဖြင့် အစ်ကိုက ဘယ်လိုလုပ်ချင်သလဲ'

'အကိုကတော့ သစ္စာရှိတဲ့ လူတွေကိုစုပြီး တော်လှန်ရေးတပ်ဖွဲ့မယ်၊ ကြိုဟ်ဆိုးမကို သုတ်သင်ရှင်းလင်းပစ်မယ်'

ဝမ်းအေသည် ထိတ်လန့်တုန်လှုပ်သွားသည်။

'အစ်ကိုက စစ်ချီပြီး တိုက်မှာလား'

သူမသည် လမ်းတစ်လျှောက်တွင် ပြည်သူများ အေးချမ်းသာယာစွာ ရှိနေခြင်းကို မြင်တွေ့ခဲ့ရသဖြင့် စစ်ဖြစ်မည်ကို မလိုလားချေ။ မင်းသားလိအိက . . .

'လူအတော်များများဟာ ဘုရင်မကြီးကို ထောက်ခံမှန်းသိပါတယ်၊ ဒါပေမယ့် ကမ္ဘာကြီးကို စတင်ကတည်းက မိန်းကလေးဘုရင်လုပ်ရတဲ့ အစဉ်အလာရှိလို့လား၊ အစ်ကိုတို့နဲ့သူတို့ဟာ ရန်ငြိုးရန်စွယ်ရှိတာကိုမဆိုထားနဲ့၊ ရန်ငြိုးရန်စွယ် မရှိသည့်တိုင်အောင် အစ်ကိုတို့လိုအတောင်နှစ်ဆယ်ဝတ် ယောကျ်ားက မိန်းမတစ်ယောက်ကိုဖူးမျှော်ပြီး အမှုထမ်းရဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'



ဝမ်းအေသည် လိအိ၏စကားကို နားထောင်ပြီးနောက် စိတ်ထဲမှ ...

'အစ်ကိုတို့က ဘုရင်မကို မကျေနပ်ကြဘူး၊ တိုင်းသူပြည်သားတွေကတော့ အလွန်သဘောကျနေကြတယ်ရှင့်'

ထိုအချက်ကို စဉ်းစားမိသောအခါ . . .

'အစ်ကို စောစောက ... ဟောင်ဆုမင်နဲ့ ကျူရှိဟိုတို့ သမိုင်းကြောင်းကို ပြောသွားတယ်၊ ဂူကျေးထန်ကို ဟန်ခေတ်က ယှိမိဖုရားနဲ့နှိုင်းသွားတယ်၊ ညီမအမြင်နဲ့ဆိုရင် အစ်ကိုမှားတယ်လို့ ပြောချင်တယ်'

'ညီမရဲ့အမြင်ဟာ မမှားဘူးလို့ ဆိုရပေမယ့် ... ညီမဟာ တစ်ဘက်သာ သိတယ်၊ ကျန်တဲ့တစ်ဘက်ကို သိမှမသိဘဲကိုး'

'ဘယ်တစ်ဖက်လဲ အစ်ကို'

'ဟန်ခေတ်က မိဖုရားယှိဟာ အတတ်မျိုးမစုံတော့ အမြင်ကျဉ်းတယ်၊ ဒီနေရာမှာ ဂူကျေးထန်နဲ့တော့ ယှဉ်လို့မရဘူး၊ ဂူကျေးထန် ဘုရင်မကတော့ လူကိုအသုံးချတတ်တယ်၊ ပညာရှိကို နေရာပေးတတ်တယ်၊ ဘကြီးတော်ဘုရားထက် မညံ့ဘူး၊ ဒီအချက်ကိုတော့ အစ်ကိုအပါအဝင် သူမရဲ့ရန်သူအားလုံးတို့က အရှုံးပေးရတယ်၊ ဒီလိုဖြစ်ပေမဲ့ ဒီကြိုဟ်ကောင်မကို စောစောစီးစီး သုတ်သင်ရှင်းလင်းမပစ်ခဲ့ရင် ... ထန်မင်းတို့ရဲ့ ထီးရိပ်နန်းလျာဟာ ဘယ်တော့မှ ပြန်လည်ရှင်သန်လာမှာ မဟုတ်တော့ဘူး'

စကားကိုဖြတ်လိုက်ပြီးမှ တစ်ဖန်ဆက်လိုက်ပြန်သည်။

'ဂူကျောထန်ဘုရင်မဟာ ယှီမိဖုရားထက် အစွမ်းထက်တယ်၊ ဒါပေမယ့် ... ယှီမိဖုရားနှင့် တူညီတဲ့ အချက်ကတော့ အာဏာခိုင်မြဲမှ မဟုတ်ပါဘူးဆိုတာပဲ'

ဝမ်းအေသည် တွေ့မြင်ခဲ့ရသည့်အခြေအနေကို စဉ်းစားမိသည်။ လီအီ၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသော်လည်း မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

လီအီက စကားကို ပြန်စလိုက်သည်။

'ညီမ မယုံဘူးလား၊ ဂူကျောထန်ဘုရင်မဟာ အစွမ်းထက်မြက်ပေမယ့် ... မှူးကြီးမတ်ရာ သေနာပတိတို့ကို သတ်မပစ်နိုင်ဘူးဆိုတဲ့ အချက်ကို စဉ်းစားကြည့်ပေါ့၊ စစ်အာဏာကို ချုပ်ကိုင်ထားတဲ့ အမတ်ကြီးတွေအထဲမှာ သူမကို မကျေနပ်တဲ့လူလဲ ရှိချင်ရှိမှာ၊ အစ်ကို ... ဒီတကြိမ် ရန်ကျူပြည်နယ်ဘက်က လှည့်လာခဲ့တယ်၊ ရန်ကျူပြည်နယ်ကို စားရတဲ့ ချီကျင်ယေနဲ့ ဆောင်းဦးပေါက်မှာ စစ်ချီတိုက်ခိုက်ဖို့ သတ်မှတ်ခဲ့ပြီး အံကိုထွက်လာတဲ့အချိန်မှာ ဂူကျောထန်ကို တိုက်ခိုက်ဖို့ စစ်ချီတေးချင်းကိုတောင် လိုပင်ဝမ်ကို အရေးခိုင်းထားတယ်လို့ သိခဲ့ရတယ်'

ဝမ်းအေသည် လီအီစကားကို ကြားသိရသောအခါ တွေဝေနေမိသည်မှာ အမှန်ပင်။ သူမသည် ဂူကျောထန်ကိုလုပ်ကြံဖို့သာ စိတ်ကူးသည်၊ စစ်တပ်ကြီးနှင့်ချီပြီး .... တိုက်ခိုက်သင့်သည် မသင့်



သည်ကိုမူ ... သံသယ ဝင်နေသည်။

လီအီက စကားကို ဆက်လိုက်ပြန်သည်။

'ချီကျင်ယေက အစ်ကို့ဆီကို အကူအညီတောင်းခဲ့တယ်'

ဝမ်းအေသည် .... အလွန်အကင်းပါးသူ ဖြစ်သည်။ ချက်ဆိုနားခွက်က မီးတောက်သည်၊ လမ်း၌ လီအီပြုမူခဲ့သည့် ထူးခြားချက်ကို အကြောင်းပြုပြီး သိသင့်သလောက် သိလိုက်သည်။

'အစ်ကို ပါကျူနယ်ကို လာတာ အစ်ကို့လုပ်ငန်း အောင်မြင်ရေးအတွက် သိုင်းကောရာဇ်ရွေးဖို့ မဟုတ်လား၊ ဟိုလူဆိုးဓားပြတို့ဟာ မူလက အစ်ကို့ပစ္စည်းကို လုယူဖို့လာကြတာ မဟုတ်ဘူး၊ ဒီသတင်းကို သိချင်လို့လာပြီး ထောက်လှမ်းတာပေါ့၊ အစ်ကို့အတွက် တိုင်းပြုပြည်ပြု အမတ်ကြီးတွေလုပ်ဖို့ လာကြတာ မဟုတ်လား၊ ဒါပေမယ့် ... သူတို့ လွဲချော်ကုန်တယ်နော်'

လီအီသည် သက်ပြင်းချလိုက်သည်။

'ဒါကြောင့်မို့ ကျုပ်စိတ်မာတ်ကျသွားတာ ဒီတောလမ်းက လူဆိုးဓားပြတွေကို အသုံးချလို့ ဖြစ်ပါ့မလား . . သူတို့က ဘယ်လို လုပ်ပြီး ကြီးမားတဲ့ကိစ္စကို ဆောင်ရွက်နိုင်မှာလဲ . . .'

ဝမ်းအေသည် ပြုံးလိုက်သည်။

'ဒီလူဆိုးဓားပြတွေဟာ အစ်ကို့အပေါ် သစ္စာရှိကြသားပဲ၊ ချန်လောင်စန်းကို နေပြည်တော်သွားပြီး လျှို့ဝှက်သတင်းပို့မယ်လို့ ထင်နေပြီး လုပ်ကြံတာဖြစ်မယ်၊ ဒါပေမယ့် ... ဒီလျှို့ဝှက်သတင်းက

ဘာသတင်းလဲဆိုတာတော့ သေသေချာချာသိကြတာ မဟုတ်ဘူး၊ အစ်ကို့လုပ်ငန်းကို ထိနိုက်မှာစိုးရိမ်လို့ လုပ်ကြံကြတာပဲ၊ ဒါကို အစ်ကိုက ချွန်လောင်စန်ကို ကယ်လိုက်တယ်လေ'

ထိုအခါ လီအီက ...

'ချွန်လောင်စန်ဟာ ... ဆင်းရဲသားတစ်ယောက်ဖြစ်နေတော့ သူသေမှာကို မကယ်ဘဲ ကြည့်နေရမှာလား၊ ဒါကြောင့် သူတို့က အစ်ကို့ကို နန်းတွင်းက လူလို့ ထင်မှတ်သွားကြတယ်'

ဝမ်းအေက တစ်ချက်ပြုံးရင်း ...

'ဒါဖြင့် ... ဝူကျေထန် လုပ်သမျှကိုင်သမျှတို့ဟာ အားလုံး မမှားဘူးပေါ့နော် ...'

လီအီသည် တစ်ချက်ထိတ်လန့်သွားသည်။

ဝမ်းအေက ဆက်၍ ....

'တကယ်လို့ ဝူကျေထန်ဟာ ပြည်သူတွေရဲ့ မေတ္တာကို မခံယူထားဘူးဆိုရင် ထန်မင်းတို့ရဲ့ ထီးနန်းကို လွယ်လွယ်နဲ့လုယူလို့ ရနိုင်ပါ့မလား'

ထိုအယူအဆကို လီအီက ထောက်ခံချင်ပုံမရသဖြင့် ဝမ်းအေက စကားလွှဲ၍ မေးလိုက်ပြန်သည်။

'အစ်ကို အခုပါကျူကို သွားမယ်ဆိုတာ အိမ်ရှေ့စံ အဆောင်အယောင်အသိမ်းခံရထားတဲ့ ညီဝမ်းကွဲ မင်းသားလီရှင်ဆီကို သွားမှာပဲ မဟုတ်လား'



'ဒီလိုသဘောတော့ရှိတယ်၊ ဒါပေမယ့် လီရှင်က စာပေရူးသမား၊ သူ့မိခင်ကို တော်လှန်လိုတဲ့စိတ်ရှိပေမဲ့ အစွမ်းအစမရှိဘူး'

လီအီကပြောရင်း သက်ပြင်းချလိုက်သည်။

ထို့နောက် ဆက်၍ ...

'ဒါတွေပြောမနေနဲ့တော့ ပြောလေပြောလေ စိတ်ရှုပ်ဖို့ကောင်းလာလေပဲ၊ ဝမ်းအေ ... ကွဲကွာလာတဲ့ကာလအတွင်းမှာ အစ်ကို့ကို သတိရရဲ့လား'

သူမက ခေါင်းကလေးကိုသာ ညိတ်၍ အဖြေပေးလိုက်သည်။

သည့်နောက် သူတို့နှစ်ယောက်သည် ပါကျူကိုရှေ့ရှု၍ ခရီးနှင်လာခဲ့ကြပေသည်။

❖❖❖❖❖

လီအီသည် စီးမြင်းကို ကြိမ်တစ်ချက်တို့လိုက်သဖြင့် သူ၏မြင်းသည် ကဆုန်ပေါက်ပြေးလေတော့သည်။

ဝမ်းအေက ပြုံးလိုက်သည်။

'အစ်ကို့မြင်းက အမြင်ဆိုးပေမဲ့ အပြေးတော့မြန်သားဘဲ'

လီအီသည် လက်ပြလိုက်သည်၊ ထိုအခါ ... တစ်ယောက်နှင့်တစ်ယောက် ပေသုံးလေးရာခန့် ကွာဝေးသွားကြတော့သည်။

တောင်ကုန်းလေးတစ်လုံးသည် အရှေ့တွင် ကာဆီးနေသည်၊ တောင်ကုန်း၏ တောင်ဘက်မှာ လမ်းမကြီးရှိပြီး မြောက်ဘက်မှာ လမ်းသွယ်ရှိသည်၊ ဝမ်းအေသည် တောင်ကုန်းကလေးကိုပတ်ပြီး အမြန်သွားသည်၊ တောင်ကုန်း၏အခြားတစ်ဘက်၌ စစ်မြင်းများမြည်ဟီးသံနှင့် စစ်တပ်ကြီး ချီတက်သွားသံကို သဲ့သဲ့ကလေးကြားလိုက်ရသည်။

မှန်းတည့်အချိန်တွင် တောင်ကုန်းကလေးကို ကွေ့ကျော်သွားသည်၊ ဝမ်းအေသည် နောက်ပြန်လှည့်ကြည့်လိုက်သောအခါ စစ်အောင်လံတလူလူနှင့် စစ်တပ်ကြီးမှာ နောက်ဘက်သုံးလေးမိုင်လောက်အကွာတွင် ခပ်မှန်မှန်ချီတက်ရင်း ကျန်ရစ်ခဲ့သည်။

'သူတို့ရှေ့ ငါတို့ရောက်လာတာကောင်းတယ်၊ အန္တရာယ်လဲ ကင်းတယ်၊ ခရီးလဲမဖင့်ဘူး'

စိတ်ထဲမှာ စဉ်းစားနေစဉ် ခရာသံတစ်ချက် ကြားလိုက်ရပြီး အော်ငေါက်သံကြားရသည်။

## အခန်း (၇)
## အသေအလဲအပြေး

သူတို့သည် ... နှစ်ရက်ဆက်တိုက် ခရီးသွားကြ၏။ ပါကျူနှင့် မိုင်ငါးဆယ်ကျော် ခရီးပေါက်ခဲ့သည်၊ လမ်းခရီးမှာ အနှောင့်အယှက်မရှိဘဲ အလွန်အဆင်ပြေသည်။

လီအီက စကားစလိုက်သည်။

'ညီမ . . .အစ်ကိုတို့ အတူတူခရီးသွားတာကို အခြားလူတွေ မရိပ်မိအောင် ခပ်ခွါခွါသွားကြမယ် ကြားလား'

ဝမ်းအေသည် အလွန်အကင်းပါးသည်။ သူ၏သဘောကို နားလည်လိုက်သည်။ သူမက ပြုံးလိုက်ရင်း . . .

'ဟုတ်တယ်၊ လမ်းမကြီးက ခရီးသွားကြမယ်ဆိုရင် စစ်သူကြီး ချူရှင်ရွှန်စစ်တပ်နဲ့ တိုးနေဦးမယ်၊ အစ်ကိုကဘုရင့်မြေးတော်ဆိုတော့ ခပ်ရှောင်ရှောင်သွားတာ ကောင်းတယ်ရှင့်'

'ဟော့ ... ဟိုအရှေ့က ဘယ်သူတွေလဲ၊ ရပ်လိုက်ကြစမ်း'

ဝမ်းအေမှာ ဒေါသကလေး ထွက်သွားသည်။

'လမ်းမကြီးပေါ်မှာ ... ဘယ်သူဖြစ်ဖြစ် သွားလာနိုင်တယ်၊ ကျွန်မတို့မှာ ဘာအပြစ်မှမရှိဘဲနဲ့ ရှင်ကဘယ်လိုအကြောင်းကြောင့် ရပ်နိုင်းရတာလဲ'

'တော်တော်နှုတ်သီးကောင်းတဲ့ ကောင်မလေးပါလား'

ထိုစစ်ဗိုလ်သည် အော်ငေါက်ပြီး ... မြားဖြင့် ဝမ်းအေကို ပစ်လိုက်သည်။ ဝမ်းအေက သူ၏ဓားမြှောင်ကို ထုတ်ကာ ... နောက်ပြန်လှမ်းပစ်လိုက်သည်။

'ချွမ်း . . .'

ဝမ်းအေ ပစ်လွှတ်လိုက်သော ဓားမြှောင်သည် မြားကိုထိမှန်ပြီး ဘေးတစ်ဘက်သို့ ကျသွားလေသည်။ ဝမ်းအေသည် အတော်ထိတ်လန့်သွားသည်၊ စစ်ဗိုလ်၏မြားချက်သည် အလွန်ပြင်းထန်သည့်အတွက် မြင်းကိုကြိမ်တို့ပြီး အမြန်နှင်သွားလေတော့သည်၊ သူမ၏မြင်းမှာထိတ်လန့်ပြီး လမ်းမကြီးနဘေးရှိ လယ်ကွင်းထဲသို့ ပြေးဆင်းသွားသည်။ ထိုစစ်ဗိုလ်သည် မြင်း ကို အမြန်နှင်ပြီး လိုက်လာသည်။

'အခုထိ မရပ်သေးဘူးလား'

မြားတစ်စင်း ထပ်မံ ပစ်ခတ်လာပြန်သည်။

ဝမ်းအေသည် ဓားဆွဲထုတ်လိုက်ပြီး မြားကို ခံမည်အပြုတွင် လယ်ကွင်းထဲမှ လူကြီးတစ်ယောက် ထွက်ပေါ်လာသည်။



'ဘုရင်မကြီးက လယ်တွေကို အကာအကွယ်ပေးရမယ်လို့ အမိန့်ထုတ်ထားလျက်နဲ့ ဘာဖြစ်လို့ ငါစိုက်ပျိုးထားတဲ့ ကြံခင်းကို ဖျက်ဆီးရတာလဲ'

ကျောက်ခဲနှစ်လုံးကိုကောက်ယူပြီး စစ်ဗိုလ်ကို လှမ်းပေါက်လိုက်သည်။ ပထမကျောက်ခဲသည် ဝမ်းအေအား ပစ်လိုက်သောမြားကို ထိမှန်သွားသည်၊ ဒုတိယ ကျောက်ခဲသည် ထိုစစ်ဗိုလ်၏ စီးမြင်းကို ထိမှန်သွားသည်၊ စစ်မြင်းကြီးမှာ တစ်ချက်ဟီလိုက်ပြီး ဘေးသို့ 'ဘုန်း' ခနဲ လဲကျသွားသည့်အတွက် စစ်ဗိုလ်မှာ မြင်းပေါ်မှ လိမ့်ကျသွားသည်။

ဝမ်းအေသည် ပိုပြီးထိတ်လန့်သွားသည်၊ သာမန်လယ်သမားတစ်ယောက်မှာ ဤမျှသိုင်းပညာထက်မြက်သည်ကို တွေ့ရ၍ပိုပြီးအံ့အားသင့်နေကြစဉ် နောက်မှ လိုက်လာသော မြင်းနှစ်စီး ရောက်လာကြသည်။ လယ်သမားကြီးက . . .

'ကောင်းတယ်ကွာ . . .ဒီသုံးလေးနှစ်အတွင်းမှာ ဒါလောက်တရားမဲ့တဲ့စစ်သားကို မတွေ့ဘူးသေးဘူး၊ မင်းတို့တပ်မှူးဆီခေါ်သွားပြီး တရားဆိုင်မယ်'

ပြေးလိုက်သောမြင်းနှစ်စီးကို သူကလက်နှစ်ဘက်ဖြင့် လှမ်းဆွဲလိုက်သည်၊ မြင်းတို့သည် ... အမြန်ပြေးလာသောကြောင့် အရှိန်အတော်ပြင်းထန်သော်လည်း သူ တစ်ချက်တည်း ဆွဲလိုက်သည်နှင့် မြင်းတို့မှာ လဲကျသွားသည်။

ထိုစစ်ဗိုလ်သည် ဓားကိုဆွဲထုတ်လိုက်ပြီး ခုတ်ရန်ဟန်ပြင်လိုက်သည်။ ထိုစဉ် ... စစ်ရေသံရှည်ကြီးတစ်ချက် ပေါ်ထွက်လာလေ၏။ နောက်ကို ပြန်လှည့်ကြည့်လိုက်သောအခါ အရန်စစ်ဗိုလ်တစ်ဦးမှာ အလံကြီးကိုဝှေ့ယမ်းပြီး သူတို့ကို တပ်ခေါက်ပြန်လာရန် အချက်ပေးနေသဖြင့် စစ်ဗိုလ်မှာ မျက်နှာတစ်ချက်ပျက်သွားပြီး မြင်းကိုဆွဲလှည့်လိုက်သည်။ မြင်းပေါ်တက်လိုက်ပြီး အမြန်ထွက်သွားလေတော့၏။

၎င်းနောက်မှ လိုက်ပါလာသော အပါးတော်မြဲနှစ်ယောက်က ငွေတုံးအချို့ကို မြေကြီးပေါ်ပစ်ချလိုက်ပြီး . . .

'မအောင်နဲ့ မအောင်နဲ့၊ ခင်ဗျားရဲ့ကြံခင်းကို တက်နင်းမိလို့ လျော်ကြေးပေးတာပါ'

ထိုလယ်သမားကြီးက ...

'ဒီပိုက်ဆံကလေးနဲ့ ဘာလုပ်ရမှာလဲ . . .'

သူရဲ့ပြောဆိုပုံမှာ မကျေမနပ်ဖြစ်နေဟန် ရှိ၏။

ဝမ်းအေ၏ အမြင်မှာ မြားပစ်ခံရခြင်းမှ ကင်းဝေးသွားသည်၊ သူမသည် လယ်သမားကြီးကိုကျေးဇူးတင်ကြောင်း ပြန်လှည့်ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ... လီအီသည် ဦးခေါင်းကိုခါပြလိုက်ပြီး ခရီးဆက်နှင်ခဲ့သည်၊ ဝမ်းအေသည် ပြန်စဉ်းစားမိပြန်သည်၊ စစ်တပ်ကြီးမှာ နောက်မှ ပါလာသည်၊ အန္တရာယ်မှလွတ်မြောက်လာပြီး အဘယ်ကြောင့်ပြန်လှည့်၍ဒုက္ခရှာဦးမည်နည်း။



လယ်သမားကြီးမှာ သာမန်လူမဟုတ်ကြောင်း သူမ သတိပြုမိသည်။ သည့်နောက် သူမ၏မြင်းကို ကြိမ်တို့ပြီး ခရီးကိုဆက်သွားသည်။

ပါကျူမြို့သို့ရောက်သောအခါ အချိန်မှာ ညမိုးချုပ်လုချေပြီ၊ ဝမ်းအေသည် လီအီနှင့် အသိအကျွမ်း မဟုတ်သကဲ့သို့ ဟန်ဆောင်ကာ မြင်းကိုခပ်ခွါခွါ စီးလာခဲ့ပေသည်။ လီအီသည် တည်းခိုဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်သွားလေသည်။

သူမတစ်ယောက်တည်း မြို့တွင်းသို့ လှည့်လည်၍ လေ့လာသည်။ မြို့ပေါ်ရှိလမ်းတို့မှာ သန့်ရှင်းပြီး သပ်သပ်ရပ်ရပ်ရှိသည်၊ လမ်းဘေးခွမှာ စစ်သားများ၊ စောင့်ကြပ်နေကြ၏၊ ချူဂုင်ရွှန်ဗိုလ်ချုပ်ကြီး၏စစ်တပ်ကြီးကို စောင့်ကြိုနေကြသည်ဟု ထင်မှတ်ရသည်။

ဝမ်းအေသည် ဆက်၍မတွေးဝံ့တော့ဘဲ တည်းခိုဆိုင်သို့ပြန်လာပြီးတည်းခိုသည်။ လီအီ မည်သည့်အခန်းတွင် တည်းခိုနေသည်ကိုလည်းမသိချေ၊ ညစာထမင်းစားပြီးနောက် အခန်းအပြင်ဘက်ထွက်၍ စုံစမ်းမည်ပြုစဉ် . . .

'ဂလောက်'

အသံတစ်ချက်ကို ... ကြားလိုက်သည်။ အခန်းအတွင်းသို့ ကျောက်ခဲတစ်လုံး ဝင်လာသည်။ ဝမ်းအေသည် ပြတင်းပေါက်တံခါးရွက်ကို တွန်းကြည့်လိုက်သောအခါ လီအီသည် တည်းခိုဆိုင်မှ ထွက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

ဝမ်းအေသည် ကျောက်ခဲကို ကောက်ယူပြီး ကြည့်လိုက်လေ၏။ ကျောက်ခဲကို ထုပ်ထားသော စက္ကူကိုတွေ့ရ၍ ဖြန့်ကြည့်လိုက်သောအခါ စာရွက်ပေါ်တွင် . . .

'ညီမ ... အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် အစ်ကိုထွက်သွားပြီ ဒီနေ့ည ပြန်လာနိုင်မှာ မဟုတ်တော့ဘူး၊ သုံးနာရီမထိုးမီ အိမ်ရှေ့မင်းသားလေးနဲ့ သွားတွေ့လိုက်ပါ၊ သတိထားနေဖို့နဲ့ ဗိုလ်ချုပ်ကြီး ချူရှင်ရွှန်ကို အတွေ့မခံဖို့ သွားသတိပေးပါ'

ဝမ်းအေ၏ စိတ်ထဲမှာ . . .

'ဗိုလ်ချုပ်ကြီး ချူရှင်ရွှန်ဟာ ဘုရင်မကြီး ဝူကျေထန်အမိန့်နဲ့ ရောက်လာခဲ့တယ်၊ မင်းသားကလေး မတွေ့ဘဲနေလို့ ဘယ်ဖြစ်မလဲ သားရင်းကို တကယ်သုတ်သင်ပစ်မှာမို့လား'

စာရွက်ကို ထပ်မံဖတ်ကြည့်လိုက်သောအခါ အိမ်ရှေ့မင်းသားကလေးရှိသောနေရာကို ပုံဆွဲပြထားသည်။

ဝမ်းအေသည် ညဝတ်အကျႌတို့ကိုဝတ်ဆင်ပြီး တိတ်တဆိတ်ထွက်ခဲ့လေသည်။ တည်းခိုရိပ်သာအပြင်ဘက်တွင် မိုးကလေးတဖွဲဖွဲရွာနေသည်။ မည်သူ တစ်ဦးတစ်ယောက်ကမျှ သူမကို မတွေ့ရဘဲ ဆက်၍လာခဲ့သည်။ အတန်ငယ်လျှောက်မိသောအခါ ... အိမ်ရှေ့မင်းသားစံအိမ်သို့ ရောက်လာသည်။

အိမ်ရှေ့မင်းသားကလေးမှာ အဆောင်အယောင်ကို အသိမ်းခံထားရပေသည်။



စံအိမ်မှာ မကြီးလှပေ။ အိမ်တိုင် (၉)လုံးနှင့် ပန်းခြံလေးတစ်ခြံသာရှိသည်။ အပြင်ဘက်တွင် ဆယ့်လေးငါးပေ အမြင့်ရှိသော နံရံကို ကာပေးထားသည်။ မြို့စားမင်းအိမ်လောက် မခမ်းနားဘဲရှိသည်။

ဝမ်းအေသည် ပန်းခြံအတွင်းသို့ ခုန်ဝင်လိုက်ရာ အထဲတွင် မီးလင်းနေသည်ကို တွေ့ရသည်။ သူမ၏စိတ်ထဲတွင် ....

'မင်းသားကလေးဟာ ... စာဖတ်ဝါသနာပါတယ်၊ အိမ်ထဲက လူဟာ သူဖြစ်မှာပဲ'

သူမသည် အိမ်ခေါင်မိုးအပေါ်သို့ ခုန်တက်လိုက်သည်။ တံစက်မြိတ်ကိုတွဲခိုပြီး ခေါင်းစောက်ထိုးချ၍ အိမ်ထဲသို့ချောင်းကြည့်လိုက်သည်။ အိပ်ခန်းထဲ၌ လုလင်ပျိုတစ်ယောက်နှင့် အဖိုးအိုတစ်ယောက်ကို မြင်တွေ့ရသည်။ စားပွဲခုံပေါ်တွင် ... ဖွင့်လှန်ထားသော သမိုင်းစာအုပ်တစ်အုပ်ကိုလည်း တွေ့ရသည်။

ဝမ်းအေသည် ငယ်ငယ်က တွေ့ဖူးထားသည့်အတွက် မှတ်မိသည်။ အိမ်ထဲသို့ ဝင်မည်အပြုတွင် မင်းသားလေး၏ စကားပြောသံကို ကြားလိုက်ရသည်။

'ဘိုးဘိုးဝမ်း .. ဒီတစ်ရက် နှစ်ရက်မှာ စိတ်အတော်လေးတယ်၊ ချူရှင်ရွှန်ရဲ့ စစ်တပ်ကြီးလဲ မြို့ပြင်ရောက်နေတယ်၊ မနက်ဖြန်မှာ ကျွန်တော့်ကို ရှာတွေ့မှာပဲ၊ ကျွန်တော်တို့ ညတွင်းချင်းထွက်ပြေးကြရင် ကောင်းမယ်ထင်တယ်'

ထိုအဖိုးအိုက အံ့အားသင့်သောမျက်နှာနှင့် . . .

'ကျွန်တော်မျိုး သံတော်ဦးတင်လိုပါတယ်၊ ဗိုလ်ချုပ်ချူရှင်ရွှန်ကို မင်းသားကလေးဆီ ... မယ်တော်ဘုရားလွှတ်လိုက်တာဆိုရင် သတင်းကောင်းပါးတာဖြစ်မှာပါ၊ မင်းသားလေးကို နန်းတော်ပြန်ခေါ်မလို့လားမှ မပြောနိုင်ဘဲ၊ မင်းသားက ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ'

'မဖြစ်နိုင်ဘူး . . မဖြစ်နိုင်ဘူး၊ ကျွန်တော့် စိတ်ထဲမှာ သိပ်ကြောက်တယ်၊ မယ်တော်က အမတ်ကျင်ဝင်ကို စေလွှတ်လိုက်မယ်လို့ ပြောထားတယ်၊ ခရီးသွားတဲ့ရက်ကို တွက်ကြည့်ရင် လွန်ခဲ့တဲ့ ဆယ်ရက်လောက်ထဲက ရောက်ဖို့ကောင်းတယ်၊ ဒီကနေ့အထိ အမတ်ကျင်ဝင် ရောက်မလာဘဲ ... အခု စစ်ဦးစီး ချူရှင်ရွှန်ကို စေလွှတ်လိုက်တယ်၊ ချူရှင်ရွှန်က စစ်တပ်ကြီးနဲ့ လာတယ်ဆိုတော့'

ထိုအခါ အဖိုးအိုက ...

'ဗိုလ်ချုပ်ကြီး ချူရှင်ရွှန် စစ်တပ်နဲ့လာတာ မင်းသားကလေးအတွက် အကျိုးယုတ်မှာ စိုးရိမ်လို့လား သခင်လေးရဲ့'

မင်းသားကလေးလီရှင်သည် စကားမပြောဘဲတိတ်ဆိတ်နေလိုက်သည်။ သူ၏ပုံပန်းမှာ အဖိုးအို ထင်သည့်အတိုင်းပင် ဖြစ်သည်။ အဖိုးအိုသည် သက်ပြင်းချလိုက်သည်။

ထို့နောက်... ဒူးထောက်ပြီးလျှင် မင်းသားကလေးလီရှင်ကို အရိုအသေပြုလိုက်သည်။



'ကျွန်တော်မျိုးမှာ အရေးကြီးတဲ့စကားတစ်ခွန်း သံတော်ဦးတင်ဖို့ရှိပါတယ်၊ သခင်လေးကခွင့်လွှတ်မယ်ဆိုမှ ကျွန်တော်မျိုးကြီး သံတော်ဦးတင်ဝံ့ပါ့မယ်'

မင်းသားကလေးက အံ့အားသင့်ဟန်ဖြင့် ...

'ဖိုးဖိုးဝမ်းဟာ ဖခမည်းတော်ရဲ့ကျွန်ယုံတော်ပါ၊ သွေးရင်းသားရင်းလို ဖြစ်နေပါတယ်၊ ဘာစကားမဆိုရှိရင် ပြောဆိုနိုင်ပါတယ်'

'ဒီလိုဆိုရင် ကျွန်တော်မျိုးကြီး မေးချင်တာက ဘုရင်မကြီးက သခင်မလေးအပေါ် ဆက်ဆံတာကို ဘယ်လိုထင်သလဲ'

'ဖိုးဖိုးဝမ်းကကော ... ဘယ်လိုထင်သလဲ'

'ကျွန်တော်မျိုးရဲ့အမြင်ကတော့ ဘုရင်မကြီးမှာ တိုင်းရေးပြည်ရာကိစ္စနဲ့ အလုပ်များနေတယ်၊ သခင်လေးနဲ့ အမြဲမတွေ့နိုင်ပေမယ့် သခင်လေးကို ကရုဏာရှိပုံရတယ်'

'နောင်တော်နဲ့စာရင်တော့ မယ်တော်ဘုရားဟာ ကျွန်တော့်အပေါ်မှာ အတော်ကောင်းတယ်လို့ ဆိုရမယ်'

'ဒီလိုဆိုရင် သခင်လေးက ဘာဖြစ်လို့ မယ်တော်အပေါ်ကို သံသယရှိနေရတာလဲ'

ထိုအခါ ... မင်းသားလေး လီရှင်မှာ မျက်နှာပျက်သွားသည်၊ အသံတုန်ပြီး ...

'ဖိုးဖိုးဝမ်း မှန်မှန်ပြောနော်၊ ကျွန်တော်ဟာ မယ်တော်ရဲ့ သားအရင်းမှ ဟုတ်ရဲ့လား'

'ဘာဖြစ်လို့လဲ၊ သခင်လေးပြောတဲ့သဘောကို ကျွန်တော်မျိုးနားမလည်ဘူး'

'နန်းတော်အတွင်းမှာ ကျွန်တော့်ကို မယ်တော်ရဲ့ သားအရင်းမဟုတ်ဘူးလို့ ဝေဖန်ပြောဆိုကြတယ်'

'အင်း . . ဒီလိုပဲ ဝေဖန်ပြောဆိုနေလို့လား'

မင်းသားလေး လီရှင်က . . .

'သူတို့ပြောသံကြားရတာက ကျွန်တော်ရဲ့ အမေရင်းဟာ မယ်တော်ကြီးရဲ့အစ်မဖြစ်သူ တန်ကိုဖူဇင်လို့ဆိုကြတယ်၊ ကျွန်တော်ရဲ့အမေရင်းကို ဘုရင်မကြီးက အဆိပ်ခတ် သတ်လိုက်တယ်လို့ ဆိုကြတယ်၊ ကျွန်တော့်အစ်ကိုရင်း လီဟုန်ကိုလဲ ဘုရင်မကြီးရဲ့သား မဟုတ်ဘူးလို့ ပြောကြတယ်၊ နောက်ပိုင်းဘုရင်မကြီးက အဆိပ်ခတ်သတ်ပစ်တယ်လို့လည်း ပြောကြတယ်'

ဝမ်းအေမှာ စိတ်ထဲတွင် ... တုန်လှုပ် ချောက်ချားသွားသည်၊ မင်းသားလေး လီရှင်က တုန်တုန်ရင်ရင် ပြောလိုက်သောစကားကို ဆက်၍ ကြားရပြန်သည်။

'ဒီသတင်းကို ကြားရပြီးနောက်ပိုင်းမှာ အိပ်မပျော် စားမဝင်နဲ့နေလာတာ သုံးလေးနှစ်ရှိပြီ၊ ကျွန်တော့်ကိုဘုရင်မကြီးက တိတ်တဆိတ်လုပ်ကြံမှာကို စိုးရိမ်ခဲ့တယ်၊ ကျွန်တော် အလုံးစုံပြောပြပြီးပါပြီ၊ ကျွန်တော့်ကို ဘုရင်မကြီးက ဘာကြောင့် ပါကျူကို ပို့ထားတယ်ဆိုတာ ဖိုးဖိုးဝမ်း သိပါတယ်'



'ဘုရင်မကြီးက သခင်လေးကို ပြည်သူလူထု ကြားမှာအလေ့အကျင့်ရစေချင်တယ်၊ နောက်နောင်တိုင်းပြည်ကို အုပ်ချုပ်ရလွယ်အောင်ဆိုတဲ့သဘောပါ'

မင်းသားကလေးက ခေါင်းကို သွက်သွက်ခါယမ်းလျက် ...

'မဟုတ်ဘူး ... မဟုတ်ဘူး၊ ဘုရင်မက ကျွန်တော် သူ့ကို တိတ်တဆိတ် လုပ်ကြံမှာကို ကြောက်လို့ နန်းတော်အရှေ့ဆောင်မှာ စစ်တပ်ကို တိတ်တဆိတ် ခေါ်ထားတယ်၊ ကျွန်တော် သူ့လက်ထဲက အာဏာကို ပြန်လုယူဖို့လုပ်ခဲ့တယ်၊ အကြံအစည် မပိရိလို့ သတင်းပေါက်ကြားသွားတယ်'

'သခင်လေးက ဘာဖြစ်လို့ ဒီလိုကြံစည်ရတာလဲ၊ ဒါဖြင့်ဘုရင်မကြီးက သခင်လေးအပေါ် သက်ညှာတယ်လို့ ဆိုရမှာပေါ့နော်'

'ဖိုးဖိုးဝမ်းက ဘုရင်မကြီးဘက်က ရှေ့နေလိုက်ပြောတာလား'

မင်းသားကလေးသည် အလွန်နာကျည်းနေဟန်ရှိသည်၊ အသံများတုန်တုန်ယင်ယင်ဖြင့် ဆက်လက်ပြောပြန်သည်။

'ကျွန်တော့်အပေါ်မှာ သက်ညှာလွန်းတာကြောင့် တခါတရံ နန်းတွင်းက ကြားရတဲ့သတင်းကို တကယ်ဟုတ်ပါ့မလားလို့ သံသယဖြစ်ခဲ့တယ်။ တစ်ခါတုန်းက ကျွန်တော် အကြီးအကျယ်ဖျားနေတယ်။ ညသန်းခေါင်ကျော် နိုးလာခဲ့တဲ့အခါ မီးရောင်အောက်က ကျွန်တော့်ခုတင်ဘေးမှာ ထိုင်နေတယ်၊ တကယ့်ကို အကြင်နာတရားနဲ့ပြည့်စုံတဲ့မိခင်လိုပဲ၊ အဲဒီအချိန်မှာ ... ကျွန်တော်က နောင်တရမိတဲ့အကြောင်း

တောင်းပန်ပြီး စိတ်ထဲမှာရှိတဲ့သံသယတွေကို ပြောပြမယ်လို့ စိတ်ကူးခဲ့တယ်'

'သခင်လေးက ... ဘာဖြစ်လို့ ဖွင့်မပြောတာလဲ'

'တမင်ဟန်ဆောင်နေတာ ဖြစ်မှာစိုးလို့ မပြောဘဲနေလိုက်တာပါ။ ကျွန်တော့် စိတ်တွေ ထွေလာတယ်၊ ဟုတ် မဟုတ် မှန် မမှန် ဘာမှခွဲခြားလို့ မရအောင် အမှောင်ထုက ဖုံးလွှမ်းနေတာဘဲ'

အဖိုးအိုသည် သင်ပြင်းတစ်ချက်ချလိုက်ပြီး . . .

'သခင်လေးကို ကျွန်တော်မျိုး အဲဒီကိစ္စတွေ ပြောပြပါ့မယ်၊ ကျွန်တော်မျိုးကတော့ အဖြစ်မှန်ကို သိခဲ့ပါတယ်'

မင်းသားကလေး လီရှင်က . . .

'ဖိုးဖိုးဝမ်းရဲ့ တကယ့်အဖြစ်မှန်တွေကို ကျွန်တော့်ကို ပြောပြပါဦး၊ ဘုရင်မကြီးဟာ ကျွန်တော့် အမေအရင်း ဟုတ်ရဲ့လား'

'သခင်လေးနဲ့ သခင်လေးရဲ့ အစ်ကိုဟာ ဘုရင်မကြီးရဲ့သားအရင်းတွေပါ၊ ဒါပေမဲ့ နန်းတော်အတွင်းမှာ ပြောနေတဲ့ကောလာဟလတွေဟာ .... အကြောင်းမရှိလို့တော့ မဟုတ်ဘူး။ မူလက ကျွန်တော်မျိုးလဲ မပြောဝံ့ဘူး၊ ဒါပေမဲ့ သခင်လေးက မယ်တော်ကြီးအပေါ်သံသယ ဝင်နေလေတော့ ကျွန်တော်မျိုး မပြောဘဲနေလို့ မရတော့ဘူး၊ သခင်လေးရဲ့အစ်ကို ပထမအိမ်ရှေ့စံမင်းသားလေး လီဟုန်ကို ယုန်ကျင် သက္ကရာဇ်သုံးနှစ် ပထမလမှာ မွေးဖွားခဲ့တယ်၊ သခင်လေးကိုလဲ အဲဒီနှစ် တဆယ့်နှစ်လမှာ မွေးဖွားခဲ့တယ်'



မင်းသားလေး လီရှင် မျက်နှာတစ်ချက် နီသွားသည်။ သူ၏ မယ်တော်သည် ဘကြီးတော်ဘုရား၏ မောင်းမငယ် ဖြစ်ခဲ့သည့် အကြောင်းကိုလည်း မင်းသား လီရှင်က သိသည်။

'ဘကြီးတော်ဘုရား နတ်ရွာစံပြီး ဂူကျောင်းထန်ကို နန်းတွင်းက လူတွေက နှင်ထုတ်လိုက်တော့ သီလရှင် ဇရပ်မှာ လူဝတ်နဲ့ တရားကျင့်နေခဲ့တယ်'

မင်းသားလေး ... ရှက်သွားသည်။ အဖိုးအိုက . . .

'သခင်လေးကို အလုပ်အကျွေးပြုဖို့ ကျွန်တော်မျိုး နေပြည်တော်က ထွက်ခွါလာခါနီးမှာ ဘုရင်မကြီးက အတန်တန် မှာကြားလိုက်ပါတယ်၊ သခင်လေးကို ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးဖို့ ကျွန်တော်မျိုးကို မှာကြားလိုက်ပါတယ်၊ အစားအသောက်ကိုအချိန်နဲ့ စားသောက်ဖို့ရယ်၊ စာပေလေ့လာတဲ့အခါ အလွန်အကျွံအပင်ပန်းမခံဖို့ရယ် ဖြောင်းဖြပေးပါလို့ မှာကြားလိုက်တယ်'

အဖိုးအိုသည် မင်းသားလေးကို မော့ကြည့်မိ၏၊ မင်းသားလေးက စိတ်ဝင်စားစွာ နားထောင်နေသည်၊ သူက ဆက်ပြောလေ၏။

'ဘုရင်မကြီးဟာ တိုင်းရေးပြည်ရာကို စီမံအုပ်ချုပ်နေရတဲ့အတွက် မအားမလပ်အောင်ဖြစ်နေတယ်။ သူက မင်းသားလေးကို မပြုစုရတာကိုပဲ စိတ်မကောင်းဖြစ်နေသေးတယ်၊ ကျွန်တော်မျိုးလည်း ဘုရင်မကြီး လုံခြုံရေးအတွက် သခင်လေးရဲ့ အဆောင်ရှေ့မှာ စစ်တပ်ဖွဲ့ထားတဲ့အကြောင်းကို ဘာတစ်ခွန်းမှ မပြောဘူး'

မင်းသားလေးသည် အဘိုးအိုကို တစ်ချက်လှမ်းကြည့်လိုက်သည်။ မျက်ရည်လည်နေသည်ကို တွေ့ရသည်။ ရှက်လဲရှက် ဝမ်းလဲနည်းလာသည်။ အကယ်၍ မင်းသားတစ်ပါး၏ သိက္ခာကို စောင့်ရန် မလိုပါက အဖိုးအိုရဲ့ ခြေထောက်ကိုဖက်ပြီး ငိုရန်ပင် စိတ်ကူးမိသည်။

အဖိုးအိုသည် နန်းတွင်းမှ လျှို့ဝှက်မှုတို့ကို အားလုံးပြောပြပြီး စိတ်မကောင်းဖြစ်နေသည်၊ မင်းသားလေး၏ ရှိုက်သံကို ကြားသောအခါ အဖိုးအိုမှာ လန့်သွား၏။

'ကျွန်တော်မျိုးကြီးတော့ သေဖို့ကောင်းတော့တာဘဲ၊ အင်းသခင်လေး ... ဘယ်လိုဖြစ်သွားတာလဲ'

မင်းသားလေး လီရှင်မှာ စိတ်များ ကယောင်ကတန်းဖြစ်လာသည်။ စုတ်တံကို ကောက်ကိုင်လိုက်ပြီး . . .

'ဖိုးဖိုးဝမ်းမှာ ဘာမှ အပြစ်မရှိပါဘူး၊ သေဖို့ ကောင်းတာက ကျွန်တော်ပါ၊ မယ်တော်က ကျွန်တော့်အတွက် တိုင်းရေးပြည်ရာကို အပင်ပန်းခံ လုပ်ကိုင်နေတယ်၊ ကျွန်တော်က ... မယ်တော်ရဲ့ စိတ်သဘောထားကို နားမလည်ခဲ့ဘူး၊ လွန်ခဲ့တဲ့လက ချိုကျင်ယောက မယ်တော်ကို တော်လှန်ဖို့ စေတမန်လွှတ်ခဲ့တယ်၊ သူနဲ့အတူ အမေရင်းကို တော်လှန်ဖို့ အချိတ်အဆက်လုပ်မယ် ကြံခဲ့သေးတယ်၊ အတိတ်ကာလကနေ မျက်မှောက်ကာလအထိ ကျွန်တော့်လို အမေ့ကျေးဇူးကို မသိတတ်တဲ့သား ရှိပါသေးသလား၊ ဒါတောင် ကိုယ့်ကိုယ်ကို စာတတ်ပေတတ်လို့ ခေါ်နေသေးတယ်၊ ဒီကနေ့ မယ်တော်



ဆီ နောင်တရကြောင်း အစီရင်ခံမယ်၊ ချိုကျင်ယောက မယ်တော်ကို တော်လှန်မဲ့အကြောင်းကို သတိပေးမယ်၊ ကျွန်တော့ကို အပြစ်ပေးဖို့ မယ်တော်ဆီ အကြောင်းကြားမယ်'

အဖိုးအိုသည် အထိတ်တလန့် ဖြစ်သွားသည်။

'ချိုကျင်ယောက တော်လှန်မလို့တဲ့လား'

မင်းသား လီရှင်သည် ခေါင်းငုံ့ပြီး စာကိုသာ ဆက်ရေးနေသည်။

'ဘာများထူးဆန်းလို့လဲ၊ မနေ့ကတောင် ကျွန်တော်က တော်လှန်ဖို့ဆန္ဒရှိခဲ့သေးတယ်၊ ကောင်းပြီ မနက်ဖြန်ကျရင်ဗိုလ်ချုပ်ကြီး ချဖုရင်ရှန်နဲ့တွေ့မယ်၊ ဒီအစီရင်ခံစာကို မယ်တော်ဆီ သူနဲ့ပါးလိုက်ဖို့ အတော်ဘဲ'

မမျှော်လင့်ဘဲ နန်းတွင်းလျှို့ဝှက်ချက်တို့ကို နိုးပြီး နားထောင်ခွင့်ရခဲ့သဖြင့် ဝမ်းအေ၏ စိတ်ထဲတွင် တွေဝေနေသည်။ ဤအချိန်တွင် အိမ်ရှေ့စံအဖြစ်မှ အပယ်ခံရသော မင်းသားကလေးသည် လျှို့ဝှက်အစီရင်ခံစာကို ရေးနေသည်။ သူမ၏စိတ်ထဲတွင် . . .

'ဒီလိုဆိုရင် လီအိတို့ရဲ့ အကြံတော့ ပျက်တော့မယ်'

ဝမ်းအေသည် ထွေရာလေးပါး တို့ကို စဉ်းစားနေစဉ် အိမ်ရှေ့မှ လူတစ်ယောက် သတင်းလာပို့သည်။

'ဗိုလ်ချုပ်ချုရဲ့ စေတမန် လာရောက်ဖူးမျှော်ခွင့် တောင်းနေပါတယ်'

တစ်ဆက်တည်းမှာပင် စစ်ဗိုလ်နှစ်ဦး အိမ်ပေါ်သို့ တက်လာလေသည်။

ဝမ်းအေသည် ထိတ်လန့်တုန်လှုပ်သွား၏။ မင်းသား လီအိ ထားရစ်ခဲ့သော စာကလေးကို သွားသတိရသည်။ စစ်ဦးစီး ချူးရှင်ရွှန်နဲ့မတွေ့ရန် လီရှင်ကို ပြောပေးဖို့ နိုင်းခဲ့သည်ကို သတိရမိ၏။ သုံးနာရီအတွင်း ချူးရှင်ရွှန်က လူလွှတ်လိုက်သည်။

ဝမ်းအေ စဉ်းစားလိုက်၏။

မင်းသား လီအိ ပါကျူးမြို့သို့ လာခဲ့သည်မှာ မင်းသားလေးနှင့် ဆက်သွယ်ပြီး စစ်ချီရန် ဖြစ်သည်။

သို့သော် ...

မျက်မှောက်အခြေအနေမှာ အကြီးအကျယ်ပြောင်းလဲနေပြီဖြစ်၏။ မင်းသားလီရှင်မှာ သူ၏မယ်တော်ဘက်မှ ရပ်တည်နေသည်။ သူ၏အစီရင်ခံစာကို ဆက်သခဲ့ပါက မင်းသားလီအိ၏ အကြံပျက်မည်သာမက ထန်မင်းတို့နန်းတွင်း၌လည်း မှုးမတ်အတော်များများ အသတ်ခံရဦးမည်။

ဝမ်းအေ၏ အတွေးတို့မှာ ရှုပ်ထွေးလာသဖြင့် ဆုံးဖြတ်၍မရအောင် ဖြစ်နေသည်။

ထိုအချိန်တွင် နောက်ကျောဘက်မှ လေတိုးဝှေ့သွားသည်ကို သိလိုက်သည်။ ထိုအခါ ဝမ်းအေသည် နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်၏။



မည်းမည်းလူရိပ်တစ်ခုသည် နံရံပေါ်သို့ ခုန်တက်လာသည်။ ထိုသူမှာ မျက်နှာကို အဝတ်စည်းထားသည်။ ဝမ်းအေမှာ ထိတ်လန့်သွားပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။ သို့သော် ...

ထိုလူသည် လက်ကာပြလိုက်ပြီး မင်းသားကလေး လီရှင်၏ အခန်းကို လက်ညှိုးတစ်ချက် ထိုးပြလိုက်ပြီး နောက်ထပ် သူ့ကိုယ်သူ လက်ညှိုးထိုးပြပြန်သည်။ ထိုသူ ဆိုလိုသည့်သဘောမှာ အခန်းတွင်း၌ ဖြစ်ပျက်နေခြင်းကို စောင့်ကြည့်ရန်နှင့် သူသည် သူမနှင့် တစ်ဖွဲ့တည်းသားဖြစ်၍ ရန်သူမဟုတ်ပါဆိုသည့်အကြောင်းကို ပြောပြနေခြင်းပင်ဖြစ်သည်။

ဝမ်းအေသည် ထိုလူမှာ မင်းသားလီအိဟုတ်မဟုတ် စဉ်းစားမနေနိုင်တော့ဘဲ တဘုန်းဘုန်းနှင့်အိမ်ပေါ်တက်လာသော ခြေသံကိုသာ နားထောင်နေသည်။

သူတို့ စောင့်ကြည့်နေစဉ် ...

စစ်ဗိုလ် နှစ်ယောက်တို့သည် မင်းသားလီရှင်၏ အခန်းတွင်းသို့ ဝင်သွားကြသည်ကို မီးရောင်အောက်၌ .... ထင်ထင်ရှားရှားမြင်လိုက်ရသည်။

ထိုစစ်ဗိုလ်နှစ်ယောက်မှ ... တစ်ယောက်သည် နေ့လယ်က ဝမ်းအေကို မြားဖြင့်ပစ်လိုက်သောစစ်ဗိုလ်ပင် ဖြစ်သည်။

မမျှော်လင့်သောကိစ္စ ဖြစ်ပေါ်လာသည်။ ရှေ့ဆုံးမှ ဗိုလ်၏ အော်ငေါက်ပြောလိုက်သံကို ဝမ်းအေ ကောင်းစွာ ကြားရသည်။

'လီရှင် . . . မင်းအပြစ်ကို မင်းသိရဲ့လား'

'ဗိုလ်ချုပ်ချင် .. ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ'

'မဟုတ်တာမပြောနဲ့ ... မင်းမှာ အပြစ်မရှိရင် ဘုရင်မကြီးက ဒီလိုအမိန့်မျိုးပေးမှာ မဟုတ်ဘူး'

မင်းသားလီရှင်သည် တစ်ချက်တွေဝေသွား၏။ ထို့နောက် ခပ်တည်တည်ဖြင့် . . .

'အမိန့်စာကိုပြပါ၊ မယ်တော်က ကျွန်တော့်ကို သေစေချင်လို့ ကျွန်တော့်မှာ သေရမဲ့အပြစ်ရှိရင် ... အကြိမ်တစ်ရာ သေရပါစေ၊ မငြင်းဆန်ပါဘူး'

ထိုစဉ် ... အဖိုးအိုက အော်လိုက်၏။

'သခင်လေး အမိန့်စာပါလည်း ... သူတို့ပြောတာကို ယုံမနေနဲ့ အမိန့်စာဟာ အစစ်ဟုတ်ချင်မှ ... အင့်'

စကားပြော၍ မဆုံးမီ ... ဗိုလ်ချုပ်ချင် နောက်မှ လိုက်ပါလာသူက ခုန်ထွက်လာပြီး အဖိုးအိုကို ဓားနှင့်ထိုးပြီး သတ်လိုက်သည်။ သွေးရဲရဲ သံရဲရဲ ဖြစ်သွားသည်။ ဖြစ်ရပ်မှာ အလွန်မြန်ဆန်သည်။ ဝမ်းအေ၏ စိတ်ထဲတွင် ရှုပ်ထွေးသွားသည်။ စဉ်းစားရန်ပင် အချိန်မရတော့ဘဲ ဓားမြှောင်နှစ်ချောင်းကို ပြူတင်းပေါက်မှ ပစ်သွင်းလိုက်၏။

ထိုအချိန်တွင် ... မင်းသားကလေး လီရှင်သည် တစ်ချက်အော်ပြီး လဲကျသွား ခဲ့သည်။ လုပ်ကြံသူများ၏ လက်ချက်မိသွားပြီဟု တွေးလိုက်၏။



စစ်ဗိုလ်နှစ်ယောက်တို့၏ သိုင်းပညာစွမ်းအားမှာ သာမန်မဟုတ်သောကြောင့် အခန်းကျဉ်းကလေးထဲမှာပင် ဝမ်းအေပစ်ခတ်လိုက်သည့် ဓားမြှောင်ကို ရှောင်တိမ်းနိုင်ခဲ့သည်။

ထို့နောက် ....

စစ်ဗိုလ်နှစ်ယောက်တို့သည် တစ်ပြိုင်နက်တည်းဓားဆွဲပြီး ထလိုက်ကြသည်။ ဝမ်းအေကလည်း ပြတင်းပေါက်မှ အခန်းတွင်းသို့ ခုန်ဝင်လိုက်သည်။

ထိုအခါ ... စစ်ဗိုလ်တစ်ဦး၏ဓားဦးနှင့် ရင်ဆိုင်တိုးမိလျက်သား ဖြစ်သွားသည်။ လျှပ်တစ်ပြက်အတွင်း ... ထိုဓားကို သူမ၏ ဓားနှင့် ခတ်ထုတ်ပစ်လိုက်ရ၏။

'ထန်း . . ခြွမ်း'

အသံများထွက်ပေါ်လာသည်။ မီးပွားများ ဖြာထွက်လာသည်။ ထို့နောက် ... တစ်စုံတစ်ယောက်သူ အိမ်အောက်ထပ်သို့ လိမ့်ကျသွားလေသည်။

ထိုသူမှာ ဝမ်းအေပင် ဖြစ်လေ၏။ သူမ၏ ဓားကွက် ဓားချက်တို့မှာ မညံ့လှသော်လည်း ... သိုင်းပညာစွမ်းအားမှာမူ ထိုစစ်ဗိုလ်နှစ်ယောက်နှင့် နှိုင်းယှဉ်လျှင် အလွန်ကွာခြားသည်။

ဓားချင်းထိလိုက်မိသည်နှင့် ဝမ်းအေက အတွင်းအားသွင်းပြီး ဝရံတာအပြင်ဘက်သို့ ခုန်ထွက်လိုက်၏။ သူမ ခြေဖျားမှာ ဝရံတာကို မထောက်မိသည်နှင့် အားယူပြီး ကိုယ်ကို လှည့်ချလိုက်သည်။

ထိုအခါ ...

အောက်ထပ်သို့ လိမ့်ကျသွားသောအရှိန်မှာ နေးသွားပြီး အကျ သက်သာသွားခြင်း ဖြစ်သည်။

ထို့နောက် ... ဝမ်းအေသည် ကင်းမြီးကောက်ထောင်ပြီး ထရပ် လိုက်သည်။

ဝမ်းအေ၏ ခါးချက်ကြောင့် စစ်ဗိုလ်တစ်ဦး၏ ခါးမှာ ကျိုးပဲ့ သွားလေသည်။

ဝမ်းအေခုန်၍ထလိုက်သောအခါ တဒေါင်ဒေါင်တဒင်ဒင်နှင့် ခုတ်သံထစ်သံများကို ကြားရပေသည်။

စောစောပိုင်းက တွေ့ရသော မျက်နှာကို အဝတ်စည်းထား သူသည် လက်ထဲ၌ မဲမဲလက်နက်တစ်ခုကို ကိုင်ဆောင်ထားပြီး ထို စစ်ဗိုလ်နှစ်ယောက်နှင့် အကြိတ်အနယ် တိုက်ခိုက်နေသည်။

ဝမ်းအေ လှမ်းကြည့်လိုက်သော်လည်း ... ထိုသူမှာ မျက်နှာကို အဝတ်စည်းထားသောကြောင့် မည်သူဖြစ်နိုင်သည်ကို ခန့်မှန်း၍ မရ နိုင်ချေ။

သို့ရာတွင် ကိုယ်လုံးကိုယ်ထည်မှာ မင်းသားလိအိ မဖြစ်နိုင် ကြောင်း သိရသည်။ ဝမ်းအေသည် သူမ၏ခါးကို ပြန်ကောက်ယူပြီး ကူညီတိုက်ခိုက်ရန် ရည်ရွယ်လိုက်၏။ ထိုစဉ် ...

မျက်နှာကို အဝတ်နှင့် စည်းထားသောလူက တိုးတိုး ကလေး ပြောလေ၏။



'ဝင်မတိုက်နဲ့၊ အန္တရာယ်ရှိတယ် ... မြန်မြန်ထွက်ပြေး'

ဝမ်းအေသည် .... တစ်ချက်တွေဝေသွားသည်။ ထိုအသံကို တစ်နေရာ၌ ကြားဖူးသလိုရှိ၏။

သို့သော် မျက်နှာကိုအဝတ်စည်းထားသော လူ၏ လက်နက် မှာ ဆန်းကျယ်သည်။ သေသေချာချာ ကြည့်လိုက်သောအခါ ဆေးတံ တစ်ချောင်းဖြစ်သည်ကို သိရသည်။

၎င်းဆေးတံမှာ သံနှင့်လုပ်ထားခြင်း ဖြစ်သည်။

ဆေးတံ၏ ဆေးခွက်ခေါင်းမှာ အလွန်ကြီးသည်။ ထည့်ထား သော ဆေးတို့မှာ မီးမငြိမ်းသေးသောကြောင့် မီးပွားများ လွင့်စဉ် နေသည်။

မျက်နှာဖုံးနှင့်လူ၏သိုင်းပညာမှာ အလွန်ထက်မြက်သည်။ ဆေးတံ တစ်ချောင်းတည်းဖြင့် ရှေ့မှခြောက်ပြီး နောက်မှဝင်ရိုက် သည်။ တောင်ဘက်ကို ရိုက်ကွက်ပြပြီး မြောက်ဘက်မှ ရိုက်ကွက်ကို သွင်းသည်။ စင်စစ် ...

ထိုသူသည် ဆေးတံကို လှံကဲ့သို့ အသုံးပြုနိုင်၏။ ရိုက်ချက်တို့ အကြားမှ အာရုံကြောထောက်ကွက်ကို အသုံးပြုလိုက်သေးသည်။ ထိုအချိန်၌ စစ်ဗိုလ်နှစ်ယောက်တို့သည် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြလေတော့၏။

ဝမ်းအေမှာ အထူးအဆန်း ဖြစ်နေသည်။ စိတ်ထဲ၌ တွေးနေ မိ၏။

'မျက်နှာဖုံးနဲ့လူဟာ အထက်စီးရနေတာပဲ၊ ငါ နည်းနည်း ဝင်ကူလိုက်တာနဲ့ ဒီစစ်ဗိုလ်နှစ်ယောက်ကို ဖမ်းနိုင်မယ်၊ စုံစမ်းစစ်ဆေးနိုင်မယ်၊ ဘာ့ကြောင့် ငါ့ကို ထွက်ပြေးခိုင်းရတာလဲ'

ထိုအချိန်တွင် မင်းသားလေးစံအိမ်မှ လူများသည် တဒိုင်းဒိုင်း တဒုံးဒုံး အသံများဖြင့် အရပ်လေးမျက်နှာမှ ဝိုင်းလာကြသည်။

ဝိုင်းလာကြသောအသံများနှင့်အတူ စူးရှသောရယ်သံကို ကြားလိုက်ရသည်။ အသံက မကျယ်လှသော်လည်း ပတ်ဝန်းကျင်မှ အသံအားလုံးကို လွှမ်းမိုးသွားသည်။

ထိုအခါ ... မျက်နှာဖုံးနှင့်လူ၏ မျက်လုံးများတွင် စိုးရိမ်သည့် အရိပ်အယောင်များ ပေါ်လာပြီး ရုတ်တရက် ဆေးတံကို လှည့်မှုတ်လိုက်သည်။

စစ်ဗိုလ်တစ်ဦးမှာ ထိုဆေးတံနှင့် ထိမိပြီး မီးပွားများမှာ စစ်ဗိုလ်၏ မျက်နှာပေါ် လောင်းချခြင်းကို ခံလိုက်ရသည်။ ယဲ့သံပါအောင် အော်ရင်းလဲကျသွားသည်။

ကျန်စစ်ဗိုလ်တစ်ဦးမှာ သူ့လူထိသွားသည်ကို ငေးကြောင်၍ ကြည့်နေစဉ် ဆေးတံရိုက်ချက်မိပြီး လဲကျသွားပြန်သည်။

ဝမ်းအေမှာ အလွန်ထိတ်လန့်သွားလေ၏။ သူမသည် ရယ်သံကို မှတ်မိလိုက်သည်။ ၎င်းရယ်သံမှာ ... ကွမ်ရင်၏ ရယ်သံပင် ဖြစ်လေသည်။ ထိုအခါကျမှ သူ့အား မျက်နှာဖုံးနှင့်လူက အဘယ်ကြောင့် ထွက်ပြေးခိုင်းသည်ကို သူမ နားလည်လိုက်၏။



ထိုစဉ် ...

မျက်နှာဖုံးနဲ့လူသည် လျှပ်တစ်ပြက်ပင် ဝမ်းအေဘေးမှ ကျော်ဖြတ်သွားသည်။ တိုးညှင်းစွာ ပြောသွားသေးသည်။

'မင်းနဲ့ ငါ ... လမ်းခွဲပြီး ပြေးကြမယ်'

ဝမ်းအေသည် အိမ်နောက်ဘက်မှ နံရံကို ခုန်ထွက်ရုံသာ ရှိသေးသည်။ အိမ်ဝင်းခြံအတွင်းမှ ကွမ်ရင်၏ ရယ်သံကို ကြားလိုက်ရသည်။

'ဗိုလ်ချုပ်ချင်က ဘာဖြစ်လို့ ကျွန်မ အလာကို မစောင့်ရတာလဲ၊ ကျွန်မကို ဝေစု ပေးရမှာ စိုးရိမ်လို့လား၊ အလိုလေး ...ရှင် ... ဘယ်လိုဖြစ် ....'

စစ်ဗိုလ်ချင် လဲကျနေသည်ကို တွေ့မြင်ခြင်းကြောင့် ကွမ်ရင် အထိတ်တလန့် ဖြစ်သွားပုံရသည်။

ဝမ်းအေသည် နောက်ကျောဘက်သို့ လှည့်မကြည့်ဘဲ အခွင့်အရေးရခိုက် လျင်မြန်စွာ ထွက်ပြေးသွားလေတော့၏။

❖❖❖❖❖

ဝမ်းအေသည် ကိုယ်ဖော့၍ လျင်မြန်စွာ ပြေးနေသည်။

လမ်းသုံးလေးလမ်းကို ဖြတ်ကျော်မိသောအခါ ... လင်ပန်းတီးသံကို ကြားရသည်။ သူမ တည်းခိုသော တည်းခိုရိပ်သာကို အစိုးရစစ်တပ်များ ဝိုင်းရံထားသည်ကို တွေ့မြင်လိုက်ရသည်။ ဝမ်းအေ၏ စိတ်ထဲတွင် တွေးမိလေ၏။

'အစ်ကိုလီအိ ကံကောင်းထောက်မပြီး စောစောက ထွက်ပြေးသွားတယ်'

ထို့နောက် ...

နားကို စွင့်လိုက်သည်။ ခရာသံများကို ကြားနေရသည်။

သူမ လှမ်းမျှော်ကြည့်လိုက်ရာ ... လူရိပ်အတော်များများကို တွေ့ရသည်။

လမ်းမကြီးမှာလည်း မီးများဖြင့် ထိန်လင်းနေသည်။ ချူရှင်ရွှန်၏ စစ်တပ်သည် အရပ်လေးမျက်နှာကို စစ်ဆေးရှာဖွေနေကြ၏။



ဝမ်းအေသည် ချောင်ကျသော လမ်းကြားကလေးတစ်လမ်း အတွင်းသို့ ဝင်လိုက်သည်။ အစိုးရစစ်တပ်တို့ ချက်ချင်း မရှာဖွေနိုင်သော လမ်းကလေး ဖြစ်၏။

ကောင်းကင်တွင် လမင်းလည်း မရှိ၊ ကြယ်များလည်း မရှိ၊ အလွန်မှောင်မိုက်နေသည့်အပြင် မိုးဖွဲကလေးများကလည်း ကျနေသေးသည်။

ဝမ်းအေ ရင်ထဲတွင် တုန်လှုပ်နေဆဲပင် ...

ယနေ့ည၌ ဝမ်းအေ မျက်မြင်ကိုယ်တွေ့ အိမ်ရှေ့စံ အဆောင်အယောင်တို့ အသိမ်းခံရသော မင်းသားလေးကို သတ်လိုက်ကြသည်ကို တွေ့မြင်ခဲ့ရသည်။

ဝူကျောထန် ဘုရင်မ၏ အမိန့်အရ မဟုတ်ခဲ့ပါက ချူရှင်ရွှန်၏ လက်အောက်ငယ်သားတို့သည် ဤမျှလောက် သတ္တိရှိကြလိမ့်မည် မဟုတ်ချေ။

ဝမ်းအေ ဝမ်းနည်းသွားလေ၏။ မူလက ဝူကျောထန် ဘုရင်မကို လေးစားနေသော်လည်း ယခုကိုယ်တွေ့မျက်မြင် လူမဆန်သည့် ရက်စက်မှုကို ကြည့်ပြီးနောက် ဘုရင်မအပေါ် မုန်းတီးစိတ်များ ဝင်လာခြင်း ဖြစ်ပေတော့သည်။

ဝမ်းအေသည် ဓားကို ကိုင်လိုက်ပြီး သူမ၏ စိတ်ထဲ၌ ထပ်မံ အဓိဋ္ဌာန် ပြုလိုက်သည်။

'ဝူကျောထန်ကို ... သတ်ပစ်ရမယ်'

ဝမ်းအေသည် ပတ်ဝန်းကျင်ကို မျက်စိတစ်ဆုံး အကဲခတ်ကြည့်လိုက်ရာ ... စိုးရိမ်သွား၏။

အစိုးရတပ်တို့သည် လမ်းမကြီးတစ်ခုလုံး ပြည့်ကြပ်နေသည်။ တပ်သားများသည် လမ်းမကြီးမှ လမ်းသွယ်ကလေးများအတွင်းသို့ တဖြည်းဖြည်း ဝင်လာကြသည်။

ထိုအခါ ....

ဝမ်းအေမှာ မည်သည့်နေရာသို့ သွားရမှန်းမသိ ဖြစ်နေသည်။ လမ်းထိပ်သို့ ထိုးဖောက်ထွက်လာပါက အစိုးရစစ်တပ်နှင့် တိုးမည်ကိုလည်း စိုးရိမ်ရသည်။

အစိုးရစစ်တပ်နှင့်တိုးပါက ဖမ်းဆီးခံရလျှင် သက်သာမည်ဖြစ်သော်လည်း တစ်ခါတည်းသုတ်သင်ပစ်လျှင်မူ အသက်ဆုံးရှုံးရပေမည်။

ထိုအခါ ... မိမိအသက်နှင့်အတူ ရည်မှန်းချက်လည်း ပျောက်ပျက်သွားပေမည်။

သူမအနေဖြင့် တိုက်ရင်း သေရမည်ကို မကြောက်ပါ။ သို့သော် လောလောဆယ်တွင် သူမ ရည်မှန်းချက် အောင်မြင်စေရန်အတွက် ဆက်လက်ရှင်သန်ရန် လိုအပ်သည်ဟု ခံယူထားသည်။ လောလောဆယ်တွင် အန္တရာယ်ကင်းစွာ ထွက်နိုင်မည့်လမ်းကို ရှာမတွေ့သေးပေ။

သို့ဖြစ်ရာ ...



သူမသည် သွားရမည့်လမ်းကို ရွေးချယ်ရန် ဝေခွဲမရဘဲ စိုးရိမ်စိတ်၊ အားငယ်စိတ်များ ဖြစ်ပေါ်လာသည်။

သူမသည် ချီတုံချတုံ ဖြစ်နေစဉ် လမ်းထိပ်မှ လူရိပ်တစ်ရိပ်လာသည်ကို မြင်လိုက်ရတော့သည်။ ထိုလူရိပ်က အသံတိုးတိုးနှင့် ပြောလေ၏။

'လာ ... ငါ့နောက်လိုက်ခဲ့ ...'

ဝမ်းအေသည် ခေါင်းထောင်ကြည့်လိုက်သောအခါ ညဝတ်အင်္ကျီဝတ်ထားသော ယောကျာ်းကြီးတစ်ယောက်ကို မြင်လိုက်ရသည်။

ထိုသူမှာ သူမရှေ့၌ မတ်တပ်ရပ်နေသည်။ ယင်းလူမှာ လယ်တောထဲ၌ တွေ့ခဲ့ရသော လယ်သမားကြီး ဖြစ်နေသည်။

အမှန်စင်စစ် ...

အဝတ်နှင့် မျက်နှာစည်းထားသူမှာ ထိုလယ်သမားကြီးပင်ဖြစ်ကြောင်း သူမ သိလိုက်လေ၏။

ထိုသူမှာ ... ပါကျူမြို့မှ လမ်းတို့ကို အလွန်ကျွမ်းကျင်သည်။ ဝမ်းအေအား ဦးဆောင်ခေါ်သွားသည်။

သူတို့သည် လမ်းကြိုလမ်းကြားများကို ဖြတ်ကျော်ကြပြီးသောအခါ အစိုးရစစ်တပ်တို့ကို ကျော်လွန်ခဲ့ကြပေသည်။

ထို့နောက် ... မြို့၏ မြောက်ဘက်တံခါးဆီသို့ ရောက်လာခဲ့ကြပေသည်။

အစိုးရစစ်တပ်များသည် မြို့၏တောင်ဘက်တံခါးပေါက်မှ ဝင်လာကြပြီ ဖြစ်သည်။

သို့သော် ... မြောက်ဘက်တံခါးသို့ မရောက်သေးချေ။ မြို့ရိုးပေါ်တွင် လူသုံးလေးစုခွဲ၍ စောင့်ကြပ်နေသည်ကို တွေ့ရ၏။

ထို့နောက် ...

သူတို့ နှစ်ယောက်သည် ကိုယ်ဖျောက်သိုင်းပညာကို အသုံးပြု၍ မြို့ရိုးကို ကျော်ထွက်သွားကြလေ၏။

သူတို့သည် မြို့ပြင်သို့ ရောက်ရှိလာသည်။ ထိုစဉ် ဝမ်းအေသည် ထိုလူထူးလူဆန်းကြီး၏အမည်ကို မေးမည်ကြံသော်လည်း ထိုလူကြီးမှာ မရပ်မနား ပြေးနေသဖြင့် သူမလည်း ကြိုးစား၍ အမီလိုက်နေရလေ၏။

ဆက်တိုက် လေးငါးနာရီခန့် ပြေးမိသောအခါ မြို့နှင့် အတော်အလှမ်းကွာဝေးသွားသည်။ သို့သော် ထိုလူဆန်းကြီးသည် မရပ်တမ်း ပြေးနေဆဲပင်။ ထို့ကြောင့် ဝမ်းအေက အော်ပြောလိုက်သည်။

'ကျွန်မတို့ နားကြရအောင်'

'မဖြစ်ဘူး'

ထိုလူဆန်းကြီးက တိုတိုတုတ်တုတ်နှင့် ဝမ်းအေကို အဖြေပေးလိုက်သည်။ စောစောကထက်ပို၍ မြန်အောင်ပင် ... ပြေးလိုက်သည်။ ထိုအခါ သူမသည် စိတ်ဆိုးလာသည်။ စိတ်ထဲ၌ ....

'ဒီလူဟာ ... ငါ့ရဲ့ ကိုယ်ဖျောက်ပညာကို စမ်းနေတာလား'



စိတ်ထဲက တွေး၍ မဆုံးသေးမီ ကွမ်ရင်၏ စူးရှသော ရယ်သံသည် နောက်ကျောဘက်မှ ထွက်ပေါ်လာ၏။ ရယ်သံနှင့်အတူ အသံပြာပြာဖြင့် အော်ပြောသံကို ကြားရပြန်သည်။

'ဟေ့ ကလေးမ ... ဒါ ချန်ကို့ မဟုတ်ဘူး၊ ဘယ်ကို ပြေးမယ်လို့များ စိတ်ကူးတာလဲ ...'

ဝမ်းအေမှာ အတော် ထိတ်လန့်တုန်လှုပ်သွားသည်။ ကွမ်ရင်တစ်ယောက်တည်းကိုပင် ရင်ဆိုင်ရန် မလွယ်ကူသည့်အပြင် ရှင်ကျေပါ သူမနှင့်တစ်ပါတည်း ပါလာသလော .... ဝမ်းအေ၏ စိတ်ထဲတွင် ကြောက်ရွံ့သွားလေတော့သည်။ လူဆန်းကြီး အဘယ့်ကြောင့် မရပ်မနား ပြေးနေသည်ကိုလည်း သဘောပေါက်သွားလေတော့၏။

❖❖❖❖❖

## အခန်း (၈)
## ဒွိဟစိတ်

ညသည် မှောင်မဲနေသည်။ မိုးကလည်း ရွာသွန်းနေ၏။

စိမ်းစိုသော ကွင်းပြင်တို့မှာ ညအမှောင်ကြောင့် အမည်းရောင်ဖြစ်နေသည်။ ဝမ်းအေနှင့် လယ်သမားကြီးတို့ မရပ်မနား ပြေးနေကြ၏။ သူတို့အနောက်တွင် ရှင်ကျေနှင့် ကွမ်ရင်တို့၏ စကားပြောသံဆိုသံကို မိုးဖွဲများကြားမှ ကြားနေရလေသည်။ စင်စစ် ...

ကွမ်ရင်တို့မှာ ... သူမတို့နှင့် အတန်ငယ်အလှမ်းကွာဝေးသေးသော်လည်း အတွင်းအား မြင့်မားသောကြောင့် အသံလှိုင်းကို အဝေးသို့ ပို့နိုင်ခြင်း ဖြစ်သည်။

ဝမ်းအေမှာ ပညာနုနယ်သေးသော်လည်း သိုင်းပညာသဘောတရားကို ကောင်းစွာ နားလည်သည်။ သို့ဖြစ်ရာ သူမ စိတ်ထဲတွင် စဉ်းစားမိသည်။



'ဒီသရဲထီးနဲ့ သရဲမဟာ အတော့်ကို အတွင်းအားကောင်းတာပဲ၊ ဒါကြောင့်မို့လဲ ... ဘဘကြီးချန်စွန်ဟာ သူတို့ကို ရှုံးရတာပဲ ...'

အတန်ငယ်ကြာသောအခါ ရှင်ကျေနှင့် ကွမ်ရင်တို့၏ ခြေသံကို သဲ့သဲ့ကလေး ကြားရသည်။ ကွမ်ရင်၏ လှောင်ပြောင်ရယ်မောသံကိုလည်း တစ်ဖန် ထပ်မံကြားလိုက်ရပြန်သည်။

'အရှေ့က မိတ်ဆွေဟာ ပါရှန်တောင်မှာ လယ်ယာလုပ်စားပြီး အနားယူနေတဲ့ မာယွမ်တုန် မဟုတ်လား၊ ပြည်မက သိုင်းသမားတွေ ကျွန်မတို့နှစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်တုန်းက ရှင်လည်း အဲဒီအဖွဲ့ထဲမှာပါဝင်ပြီး တိုက်ခိုက်ခဲ့တယ်၊ ဒီကနေ့ညမှာတော့ ရှင်က ကျွန်မတို့ကို ရင်မဆိုင်ဝံ့ဘဲ ဘာဖြစ်လို့ ခွေးပြေး ဝက်ပြေး ပြေးနေရတာလဲ'

ကွမ်ရင်သည် ပထမ၌ လှောင်ပြောင်နေသော်လည်း နောက်ပိုင်းတွင် ... အတည်ပေါက် ပြောလာနေ၏။ သူမ၏ လေသံသည် တဖြည်းဖြည်း တင်းမာလာနေသည်။ သို့သော် ...

မာယွမ်တုန်က တုံ့ပြန်ပြောဆိုခြင်း မပြုပေ။ ပြေးနေသော သူ့ခြေလှမ်းတို့ကိုသာ အရှိန်လျှော့မသွားစေဘဲ ပြေးမြဲပြေးနေ၏။

ဝမ်းအေမှာလည်း သူ့ထက် သိုင်းပညာအဆင့်မြင့်မားသော မာယွမ်တုန်ပင် ပြေးနေသဖြင့် သူမလည်း အလွန်မောပန်းနေသည့်တိုင် အရှိန်မလျှော့ဝံ့ဘဲ မာယွမ်တုန်၏ အပြေးနှုန်းအတိုင်း အမီလိုက်၍ ပြေးနေရသည်။ မိုးဖွဲထဲတွင် မောဟိုက်နေရှာ၏။

ရှင်ကျေနှင့် ကွမ်ရင်မှာ ကြောင်က ကြွက်ကို ကစားသကဲ့သို့ သူတို့ကို ချက်ချင်းအမီမလိုက်သေးဘဲ ခပ်လှမ်းလှမ်းမှသာ လိုက်ရင်း လှောင်ပြောင်သရော်နေကြ၏။

ကွမ်ရင်က ဆက်ပြောနေ၏။

'ဒီမှာ မာယွမ်တုန် … ရှင် အရက်မရှိဘူးလား၊ နှစ်ယောက်နဲ့ အများ တိုက်ပွဲဖြစ်တုန်းက ရှင်ဟာ အများဘက်က ဝိုင်းတိုက်ရဲပေမယ့် … အခုလို တစ်ယောက်ချင်းတွေ့တော့ ရှင် မယှဉ်ရဲတော့ဘူး မဟုတ်လား၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ရှက်စမ်းပါဦး၊ ရှင်ဒီလို တစ်ပြေးတည်း ပြေးနေမယ့်အစား … အသက်ထက် ဂုဏ်သိက္ခာကို ငဲ့ပြီး သတ္တိရှိရှိနဲ့ ရှင့်အစွမ်းရှိသလောက် ယှဉ်ပြိုင်တိုက်ခိုက်မယ်လို့ စဉ်းစားဖို့ ကောင်းတယ်၊ ရှင်ဒီလို ယှဉ်ရဲရင် ရှင့်ကို သိုင်းလောကက အာဇာနည်ကြီးလို့ သတ်မှတ်ကြမှာပေါ့'

မာယွမ်တုန်က ပြန်မပြောဘဲ ပြေးမြဲပြေးနေ၏။

ဝမ်းအေမှာ တစ်ပြေးတည်း ပြေးနေရသောကြောင့် အားအင်ကုန်ခမ်းတော့မည့် အခြေသို့ ရောက်နေသည်၊ သူမ၏ စိတ်ထဲတွင်လည်း တွေးလိုက်မိသည်။

'ကွမ်ရင်ဟာ စိတ်ကောင်းမထားပေမယ့် … သူပြောတဲ့စကားတွေက မဆိုးလှဘူး'

ထိုစဉ် …မာယွမ်တုန်က မဲ့ပြုံးပြုံးလိုက်ပြီး … ပြန်လည်တုံ့ပြန်ပြောဆိုလိုက်သည်။



'နင်လိုက်လို့ မီတဲ့အချိန်ဟာ နင်သေမယ့်အချိန် ဖြစ်နေမှာ'

ကွမ်ရင်က ပို၍ မြန်အောင် ပြေးလိုက်လာပြီး …

'ဟား … ဟား … ဟား … ဒီလောကမှာ ကျွန်မတို့ကို အာခံပြီး တိုက်ခိုက်ချင်တဲ့သူများ ရှိသေးလို့လား၊ ရှင်က အကူအညီနဲ့ ချောင်းမြောင်းတိုက်ခိုက်လာတာကို ကျွန်မတို့ကလည်း ယှဉ်ပြိုင်ဖို့ အသင့်ပါပဲ'

စကားမဆုံးမီပင် … သရဲနှစ်ကောင်၏ စူးစူးရှရှ ရှိလှသော ရယ်သံများ ထွက်ပေါ်လာပေသည်။ ဝမ်းအေမှာ အလွန်ထိတ်လန့်ပြီး ကြက်သီးများထလာသည်။

ဝမ်းအေသည် နောက်ဘက်သို့ လှည့်မကြည့်ဘဲ ပြေးနေရာ ခရီး ဆယ်မိုင်ကျော်ခန့် ပေါက်ခဲ့ပြီဟု ထင်မိ၏။ တစ်ညလုံးလုံး ပြေးနေရခြင်း ဖြစ်ပေသည်။

ထိုစဉ် … အရုဏ်ဦးလင်းရောင်ခြည်တို့သည် ညအမှောင်ထုကို ဖယ်ရှားလိုက်လေသည်။ မိုးလည်း တိတ်သွားပေပြီ။

ရှုခင်းအားလုံးတို့သည် ပေါ်ထွက်လာကြသည်။ စိမ်းစိုနေသော လွင်ပြင်မှာ … မိုးကုတ်စက်ဝိုင်းမျဉ်းအထိ ရောက်နေသည်။ နွေဦးရာသီ လေပြည်ကလေးများကလည်း မျက်နှာပေါ်သို့ ဆော့ရမ်းနေသည်။

မနေ့ညက မိုးများရွာသွန်းထားသောကြောင့် တောတောင်ချောင်းမြောင်းတို့မှာ သစ်လွင်နေသည်။

ထိုသို့ သာယာနေသော နံနက်ခင်းတွင် တိုက်ခိုက်သတ်ဖြတ်မည့် အနိုးအငွေ့တို့က ဖုံးလွှမ်းနေသည်။

ဝမ်းအေနှင့် မာယွမ်တုန်တို့မှာ အမောဆို့နေကြပြီ ဖြစ်၏။

ရှင်ကျေနှင့် ကွမ်ရင်တို့၏ ခြေသံမှာ နီး၍ နီး၍ လာသည်။

ထို့နောက် ... ရှင်ကျေ၏ ရယ်သံကြီးကို ကြားလိုက်ရသည်။

'ဟား ... ဟား ... ဟား ...'

'ချွမ်း ....'

ရိုးကြေကြေးပြားဖြင့် ပစ်ခတ်လိုက်သော အသံတစ်သံကိုလည်း ကြားလိုက်ရသည်။

ထိုအခါ ... ဝမ်းအေမှာ အမြန်ရှောင်လိုက်သည်။

မာယွမ်တုန်ကမူ ... ဆေးတံဖြင့် နောက်ပြန်ခံလိုက်သည်။ ကြေးပြားမှာ ဆေးတံခေါင်းရှိ ခွက်ထဲဝင်နေသည်။

ရှင်ကျေက ...

'ဘယ်ဆိုးလို့လဲ၊ ကဲ ... ဒီတစ်ခါ ရှောင်နိုင်ရင် ရှောင်စမ်း'

အော်ပြောသော အသံကို ကြားလိုက်ရသည်။

'ချွမ်း ... ချွမ်း .....'

ကြေးပြားနှစ်ပြား ဆက်လက်ပစ်ခတ်လိုက်သော အသံကိုလည်း ထပ်မံကြားလိုက်ရပြန်သည်။

မာယွမ်တုန်သည် 'အမလေး' တလိုက်ပြီး ဆေးတံကို လက်မှလွှတ်ချလိုက်သည်။



ရှင်ကျေ ပစ်လွှတ်လိုက်သော .... ကြေးပြားမှာ ဆေးတံခေါင်းရှိ ဆေးခွက်ထဲသို့ ဝင်သွားပြန်သည်။ အတွင်းအားသွင်းပြီး ပစ်လွှတ်လိုက်သောကြောင့် ဆေးတံမှာ ကွဲအက်သွားသည်။

ထိုအချိန်တွင် ... မာယွမ်တုန်နှင့် ဝမ်းအေတို့မှာ လမ်းနံဘေးရှိ တောင်ကုန်းကလေးပေါ်သို့ ပြေးတက်နေကြသည်။

တောင်ကုန်းတစ်ခုလုံးမှာ တောပန်းမာန်တို့ဖြင့် ပြည့်ကြပ်နေကြသည်။ တောင်ခြေမှာ မက်မန်းပင်များ အုပ်ဆိုင်းနေသည်။ မက်မန်းပင်တို့မှာလည်း ဝေဝေဆာဆာ ပွင့်နေသည်။

သို့သော် ... သူတို့မှာ ထိုအလှအပများကို မခံစားနိုင်ကြချေ။

ထိုစဉ် ... မာယွမ်တုန်က ရုတ်တရက် အော်ပြောလိုက်သည်။

'ဟား ... ဟား ... ဟား ... လိုက်လာခဲ့ကြ၊ ဟောဒီတောဟာ မင်းတို့ကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ သင့်ျိုင်းပဲ သိလား ....

ကွမ်ရင်နှင့် ရှင်ကျေတို့မှာ ဒေါပွသွားကြသည်။ ထို့ကြောင့် ရှင်ကျေက ထပ်မံလှုပ်ရှားလိုက်သည်။

'ကောင်းကင်ပြင် မိုးပန်းကြဲ' သိုင်းကွက်ဖြင့် ရိုးကြေကြေးပြားတစ်ဆုပ်ကို ယူပြီး ပစ်ခတ်လိုက်သည်။

ထိုစဉ် ...

လေဟုန်တစ်ချက် တိုက်ခိုက်ကျော်ဖြတ်သွားသည်။ မရေမတွက်နိုင်သော ပန်းပွင့်များတို့သည် ကြွေကျကုန်သည်။

ဖြစ်ရပ်က အလွန်ဆန်းကြယ်သည်။ အရှိန်အဟုန် ပြင်းပြင်းနှင့်

ပစ်လာသော ရိုးကြေကြေးပြားတို့မှာ ပန်းပွင့်ကလေးများနှင့် တိုက်မိကြပြီး မြေကြီးပေါ်သို့ ကျသွားသည်။

ဝမ်းအေမှာ အသက်အရွယ် နုနယ်သဖြင့် အတွေ့အကြုံ နည်းပါးသေးသည်။ သို့သော်လည်း ယခုလောက် ဆန်းကြယ်ခြင်းမျိုးကို တစ်ကြိမ်မျှ မမြင်ဖူးခဲ့ချေ။

ကြွေကျလာသော ပန်းပွင့်ကလေးတို့မှာ အပွင့်မပျက် ကြွေကျလာပြီး ကြေးပြားတို့ကို ရိုက်ချလိုက်ခြင်းပင် ဖြစ်သည်။

အမှန်စင်စစ် ...

ရိုးကြေ ကြေးပြားတို့သည် ရှင်ကျေက အတွင်းအားသွင်းပြီး ပစ်လိုက်သော ကြေးပြားများ ဖြစ်ကြသည်။

သစ်ပင်၊ သစ်ခေါက်များအတွင်းသို့ပင် နက်ရှိုင်းစွာ စိုက်ဝင်နိုင်သော ကြေးပြားများသည် ယခု နူးညံ့ပျော့ပါးသော ပန်းပွင့်ကလေးများနှင့် တိုက်မိသည်နှင့် ရှေ့သို့ဆက်မသွားနိုင်တော့ဘဲ မြေပြင်ပေါ်သို့ကျသွားခြင်းမှာ ထူးခြားဆန်းကြယ်နေသည်။

ရှင်ကျေနှင့် ကွမ်ရင်တို့သည်လည်း ဤထူးဆန်းအံ့သြဖွယ်ကောင်းလှသော မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားကြသည်။ ခြေလှမ်းကိုရပ်ပြီး အခြေအနေကို စောင့်ကြည့်နေကြလေ၏။

❖❖❖❖❖



ရှင်ကျေနှင့် ကွမ်ရင်တို့မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေသည်။

မာယွမ်တုန်နှင့် ဝမ်းအေတို့ကလည်း သရဲနှစ်ကောင်ရန်မှ လွတ်အောင် ကူညီပေးမည့်သူကို စောင့်မျှော်နေကြသည်။

အထူးသဖြင့် ... သူရဲနှစ်ကောင်ကို ရင်ဆိုင်နိုင်မည့်သူ မည်သူဖြစ်သည်ကို ဝမ်းအေမှာ သိမြင်လိုစိတ် ပြင်းပြနေသည်။

ထိုစဉ် .. တောအုပ်အတွင်းမှ သာယာလှသော ရယ်သံကလေးကို ဦးစွာ ကြားလိုက်ရသည်။ ထို့နောက် ... အသက်အရွယ်အားဖြင့် တစ်ဆယ့်ရှစ်နှစ်၊ တစ်ဆယ့်ကိုးနှစ် အရွယ်ခန့်ရှိ မိန်းမချောကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ကြရသည်။

သူမသည် အစိမ်းရောင်ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူမ၏ ခါးပေါ်တွင် အဖြူရောင်ပိုးစကို စည်းထားသည်။ သူမ၏ ဆံကေသာမှာ မည်းမှောင် နူးညံ့ပျော့ပျောင်းသည်။

သူမ၏ မျက်နှာကလေးမှာ ချိုပြီး ... နှစ်လိုဖွယ်ရာအသွင်နှင့် ချောမောလှပသည့်အဆင်းတို့ကို ပေါင်းစပ်ထားသည်။ အသား အရည်မှာ ဖော့ဖယောင်းကဲ့သို့ ဖြူဖွေးနုးညံ့လှသည်။ မျက်ခုံးမွေး သေးသေးသွယ်သွယ်အောက်မှ မျက်ဝန်းနက်နက်တစ်စုံမှာ ရူးရှ တောက်ပလှသည်။

ဝမ်းအေ မျက်တောင်မခတ်ကြည့်နေစဉ်မှာပင် ထိုမိန်းမချော ကလေးသည် နတ်မိမယ်ထမှ ဟန်ကလေးနှင့် သစ်ကိုင်းကလေးကို ငွေ့ရမ်းပြီး ပန်းပွင့်များ ကြွေကျသည့်နေရာသို့ ရောက်လာသည်။

ကွမ်ရင်သည် မူလက သူ့ကိုယ်သူ အလှဘုရင်မဟု ထင်မိခဲ့ သည်။ သို့သော် ထိုမိန်းမချောကလေးကို မြင်သောအခါ သူ့ရုပ်ရည် မှာ မယှဉ်သာအောင် ရုပ်ဆိုးသွားသည်ဟု ခံစားလိုက်မိသည်။

ထို့အပြင် ... မိန်းမချောကလေးမှာ အလှထိပ်ခေါင်တင်ဟု [illegible]ရလောက် ချောမောနေသည်သာမက မျက်ခုံးနှစ်ခုအကြားတွင် အခြားလူ[illegible] ခန့်ညားစေနိုင်သော မာန်ကလေးက ပါနေသေးသည်။

တစ်ခဏအတွင်းမှာပင် ကွမ်ရင်နှင့်ရှင်ကျေတို့မှာ မိန်းမချော ကလေးနှင့် အနီးကပ်တွေ့ဆုံသွားကြသည်။

ထိုအခါ ... ကွမ်ရင်မှာ မရယ်နိုင်တော့သကဲ့သို့ ရှင်ကျေမှာ လည်း ဆဲဆို ကြိမ်းဝါးရန် အသံမထွက်နိုင်ဘဲ ဖြစ်သွားသည်။

မိန်းမချောကလေးသည် သူ့ရဲ့နှစ်ကောင်ကို အရေးမလုပ်ဘဲ အေးဆေးသည့်အမူအရာဖြင့် မာယွမ်တုန်ဘက်သို့ လှည့်ကာ ...



မျက်ခုံးကလေးကို တွန့်လိုက်ပြီး ပြုံးယောင်ယောင်နှင့် ...

'ဘယ်လိုလဲ ကိုယွမ်တုန် .. ရှင် ကျွန်မကို ဘာလာပြီး အပူကပ် ဦးမလို့လဲ'

'ဒီလူနှစ်ယောက်ရဲ့ အန္တရာယ်က ကြီးမားလွန်းလို့ ကျွန်တော့် ကို ကယ်မပါဦးခင်ဗျာ'

'ဘယ်လိုလူတွေများ မို့လို့လဲ ....'

'သိုင်းလောကမှာ ကွမ်ရင်က လိပ်ပြာနတ်တယ်၊ ရှင်ကျေက ဝိညာဉ်ချုပ်တယ် ... အဲဒီလို အဆိုရှိတယ်ဗျ၊ သိုင်းလောကမှာ သူတို့ ရဲ့ နာမည်ကြားလိုက်တာနဲ့ ကြောက်ရွံ့ရတဲ့ သရဲနှစ်ကောင်အဲ့ရထား တဲ့ ရှင်ကျေနဲ့ ကွမ်ရင်တို့ပဲ ခင်ဗျ ....'

ထိုအခါ ... မိန်းမချောကလေးသည် တခစ်ခစ် ရယ်လိုက်ပြီး နောက် ... သရဲနှစ်ကောင်ကို လှမ်းကြည့်လိုက်လေ၏။

'ဒီနှစ်ယောက်လား ... ရှင့်အတွက် ကျွန်မက ဝင်ကယ်ဖို့ လို၊ မလိုကို စမ်းကြည့်ပါရစေဦး'

သူမက ရယ်မောသံနှင့် တစ်ဆက်တည်းမှာပင် ရှင်ကျေဘက် သို့ လှည့်၍ ...

'ကဲ ... ကျွန်မကို ရှင်က ကြေးပြားနဲ့ ပစ်၊ ကျွန်မက ရှင့်ကို သစ်ကိုင်းကလေး တစ်ကိုင်းနဲ့ပဲ ပြန်ပစ်မယ် ...'

လက်ထဲ၌ ကိုင်ထားသောသစ်ကိုင်းကို လေးနှင့်မြား ပစ်လွှတ် သကဲ့သို့ လျှင်မြန်စွာ ပစ်လိုက်၏။

ရှင်ကျော့သည် လေသံဖြင့် လက်နက်အမျိုးအစားကို ခွဲခြားလိုက်ပြီး လက်ဖြင့် မဖမ်းဝံ့ဘဲ ဓားဖြင့်ခံလိုက်သည်။ သစ်ကိုင်းမှာ ဓားနှောင့်ကိုထိပြီး ချော်ထွက်သွား၏။ ဓားမှာ တဒင်ဒင်နှင့် မြည်ပြီး တုန်ခါ၍ ကျန်ရစ်ခဲ့သည်။ ရှင်ကျော့သည် သစ်ကိုင်းကို ကာကွယ်လိုက်နိုင်သော်လည်း မခုတ်နိုင်သောကြောင့် ကွမ်ရင်က ....

'တကယ်ပဲကောင်းတဲ့ 'ရွက်ချွေပန်းလွင့်' သိုင်းကွက်ကလေးပါလား'

ဟု မိန်းမချောကလေး၏ ပညာစွမ်းကို ချီးကျူးသလိုနှင့် ခပ်ထေ့ထေ့ လှောင်၍ ပြောလိုက်သည်။

သို့သော် ... ကွမ်ရင်မှာ ကြာကြာမလှောင်နိုင်ပေ။

အကြောင်းမှာ ရှင်ကျော့ဘက်မှ လွင့်လာသော သစ်ကိုင်းမှာ ကွမ်ရင်ဘက်သို့ ဦးတည်လာသောကြောင့်တည်း။ ကွမ်ရင်သည် သစ်ကိုင်း သူမအနားသို့ ရောက်လာသောအခါ လက်ကလေးတစ်ချောင်းနှင့် တောက်လိုက်၏။

'ထောက် ...'

အသံတစ်ချက် ထွက်လာပြီး နှစ်ပိုင်းကျိုးသွားသဖြင့် ကွမ်ရင်က ကျေနပ်သွားပြီး ရယ်မောလိုက်သည်။ သို့သော် ရယ်သံမဆုံးမီမှာပင် ... သစ်ကိုင်းအကျိုးတစ်ပိုင်းမှာ သူမ၏ နားသယ်ဆီသို့ လွင့်စဉ်လာသည်။ ကွမ်ရင်သည် 'ကြက်မင်း ဆန်ကောက်' သိုင်းကွက်နှင့် ဦးခေါင်းကိုငုံ့ပြီး ရှောင်လိုက်သည်။ သို့သော် ဦးခေါင်းပေါ်မှ ဆံထိုး



တစ်ချောင်းမှာ သစ်ကိုင်းစနှင့်ပွတ်ထိမှုကြောင့် အောက်သို့ ပြုတ်ကျသွားသည်။

ထိုအခါ ... မိန်းမချောကလေးက ....

'ဟဲ ... ဟဲ ... ဟဲ ... ဒီထိပ်ပြောင်ကြီးရဲ့ စွမ်းအားက မဆိုးသလို သရဲမကလည်း အရှောင်အတိမ်း ကောင်းသားပဲ၊ ကျွန်မကလည်း အလုပ်မရှိလို့ ပျင်းနေတယ်၊ ရှင်တို့နှစ်ယောက်ဟာ ကျွန်မကို တစ်ချီတစ်မောင်းလောက် အပျင်းဖြေပေးဖို့လောက်တော့ ဖြစ်နိုင်ပါတယ် ...'

ဟု ရွှင်ပျစွာ ပြောလိုက်သည်။

ရှင်ကျော့သည် တစ်ကြိမ်တစ်ခါမျှ သူတစ်ပါး အထင်သေးမခံရဖူးသောကြောင့် ဒေါသထွက်လာသည်။ ထို့ကြောင့် ...

ရုတ်တရက် ကိုယ်ခန္ဓာကိုယ်ကို လှည့်လိုက်ပြီး နောက်ပြန်ဓားပေါက်အကွက်နှင့် ရိုးကြေကြေးပြားတစ်ချပ်ကို ပစ်လွှတ်လိုက်လေသည်။ ကြေးပြားမှာ မိန်းမချောကလေး၏ ရင်ညွန့်ဆီသို့ အရှိန်အဟုန်ပြင်းစွာ ပျံဝင်သွားသည်။ စင်စစ် ...

ရှင်ကျော့၏ နောက်ပြန်ဓားပေါက် ပစ်ချက်မှာ သူ၏အစွမ်းအားလုံးကို စုပြီး ပစ်လိုက်သော ပစ်ချက်ဖြစ်၏။ အနီးကပ်ပစ်လိုက်ခြင်းကြောင့် ဝမ်းအေမှာ မိန်းမချောကလေးအတွက် အတော်ပင် ထိတ်လန့်စိုးရိမ်သွားမိလေ၏။

သို့သော် ...

ကြေးပြားမှာ မိန်းမချောကလေး၏ ရင်ညွန့်ဆီသို့ ပျံဝင်လာသည်ကို မတိမ်းရှောင်သေးဘဲ ပြုံးပြုံးကလေး လုပ်ပြီး သုံးလက်မ အကွာသို့ ရောက်တော့မှ ကိုယ်ကလေးကို စောင်းပေးလိုက်သည်။

'ဖလပ် ....'

အသံကလေးထွက်ပေါ်လာပြီး ကြေးပြားမှာ အနီးရှိ သစ်ပင်တစ်ပင်၏ ပင်စည်အခေါက်ထဲသို့ နက်ရှိုင်းစွာ စိုက်ဝင်သွား၏။

အနီး၌ ကြည့်နေသော ဝမ်းအေမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူမ၏ စိတ်ထဲ၌ တွေးလိုက်မိသည်။

'ဒီမမဟာ .... နတ်သမီးကလေးလို ချောလှတယ်၊ နတ်တို့ရဲ့ တန်ခိုးအတတ်နဲ့ လုပ်လိုက်တာ မဟုတ်ရင် ဒီကြေးပြားဟာ အကြောင်းမဲ့ လမ်းလွဲသွားမှာ မဟုတ်ဘူး'

ရိုးကြေကြေးပြားမှာ အကြောင်းမဲ့ လမ်းလွဲသွားခြင်း မဟုတ်ပေ။ ဝမ်းအေ မကြည့်တတ်၍သာ ဖြစ်၏။ ရှင်ကျေနှင့် ကွမ်ရင်တို့ကဲ့သို့ ပညာရှင်တို့က တွေ့မြင်လိုက်ရာတွင် အသည်းနှလုံး တုန်လှုပ်ပြီး ထိတ်လန့်သွားကြသည်။

မိန်းမချောကလေးသည် ရိုးကြေကြေးပြားကို အတွင်းအားသုံးပြီး လေနှင့် မှုတ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ... ရိုးကြေကြေးပြားမှာ ဦးတည်ချက် ပြောင်းသွားသည်။ ယင်းအချက်ကို ထောက်ပြီး ... အတွင်းစွမ်းအား မည်မျှလောက် ထက်မြက်သည်ကို မမှန်းဆနိုင်အောင် ဖြစ်သည်။



ရှင်ကျေမှာ မျက်နှာပျက်သွားသည်။ ထိုစဉ် ကွမ်ရင်က ....

'ဟယ် ... ဟယ် ... ညီမလေး မှုတ်လိုက်တဲ့ လေက စကားဝါပန်းရနံ့လေးကို မွှေးလိုက်တာ၊ မမလည်း ဒီအနံ့ကလေးကို ခံကြည့်ချင်တယ်၊ ကိုင်း လာ ... လာ ... လာ ...'

ပြောပြောဆိုဆိုဖြင့် လက်ကိုဝှေ့ယမ်းလိုက်ရာ ...

'ရွှီး ... ရွှီး ... ရွှီး ...'

အသံများနှင့်အတူ သည်းပေါက်ဒေဝါ အပ်အားလုံးတို့သည် ပျံထွက်လာကြသည်။ ငွေအပ်ကလေးတို့မှာ သေးငယ်သော်လည်း မိုးဖွဲများပမာ ပျံ့လွင့်လာကြသည်။ အပ်အားလုံးမှာ မိန်းမချောလေးထံသို့ ဦးတည်သွားသည်။ ကွမ်ရင်မှာ သည်းပေါက်ဒေဝါ အပ်တို့ကို ပစ်လွှတ်လိုက်ပြီး ပြောလိုက်သေးသည်။

'ညီမလေး ... သတိထားနော်၊ ညီမလေးရဲ့လေဟာ မမရဲ့ မျက်နှာကိုတော့ ထိအောင် မှုတ်နိုင်မှာ မဟုတ်ဘူး'

ကွမ်ရင်သည် မိန်းကလေးကို ခနဲ့လိုက်၏။ သူမ၏ လျှောင်ပြောင်ရယ်သံမှာ ... မလှမ်းမကမ်းရှိ ဝမ်းအေ၏ နားအတွင်းသို့ပင် စူးဝင်သွားသည်။

အမှန်မှာမူ ...

မိန်းမချောကလေးကို အာရုံပျံ့လွင့်သွားစေရန် ရယ်သံဖြင့် ပြုလုပ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ...

စဉ်းလဲသော ကွမ်ရင်၏တိုက်စစ်မှာ မအောင်မြင်ပေ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကွမ်ရင်၏ မျက်စိထဲတွင် ရိပ်ခနဲ အနီရောင်တစ်ခုကို မြင်လိုက်ရသည်။ မိန်းမချောကလေး၏ လက်ထဲသို့ အနီရောင်ပိုးပဝါစတစ်ခု ရောက်ရှိနေသည်။

ထိုပိုးပဝါကလေးမှာ သူမ၏ ခန္ဓာကိုယ်ကို ဝိုင်းပတ်ဝှေ့ရမ်းကာကွယ်နေသဖြင့် ကွမ်ရင်ပစ်လွှတ်လိုက်သော သည်းပေါက်ဒေဝါအပ်အားလုံးတို့မှာ ပိုးပဝါစတွင် တွယ်ကပ်သွားကြတော့သည်။

ထိုအခါ ... ကွမ်ရင်မှာ ထိတ်လန့်တုန်လှုပ်သွား၏။

ရှင်ကျေကို အော်ဟစ်ပြီး သတိပေးလိုက်သည်။

'အစ်ကိုကြီးရေ .... သတိထားနေပေတော့'

မရေးမနှောင်းမှာပင် ...

ဖြစ်ရပ်သည် လျင်မြန်လှသည်။ ပိုးပဝါစတွင် တွယ်ကပ်နေသော သည်းပေါက်ဒေဝါ အပ်အားလုံးတို့မှာ လွင့်ပျံထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ...

ကွမ်ရင်မှာ ပေသုံးဆယ် အမြင့်လောက်အထိ ခုန်လိုက်သည်။ သည်းပေါက်ဒေဝါ အပ်တို့မှာ သူမ၏ ခြေဖဝါးအောက်မှ တဝှီဝှီဖြင့် ကျော်ဖြတ်သွားကြသည်။ ရှင်ကျေက ဓားကို ဝှေ့ရမ်းပြီး သည်းပေါက်ဒေဝါအပ်တို့ကို ကာကွယ်လိုက်ရသည်။

'ရွှမ်း ... ရွှမ်း' 'ဖပ် ... ဖပ် ... '

ရှင်ကျေ၏ ဓားမှာ လျှပ်ပြက်သလို လှုပ်ရှားသွားပြီး သူ့ထံသို့ ဝဲပျံလာသော သည်းပေါက်ဒေဝါအပ်အတော်များများကို ရိုက်ထုတ်



ဖယ်ရှားနိုင်ခဲ့သည်။ သို့သော် ... သည်းပေါက်ဒေဝါအပ်အချို့မှာ သူ၏ပခုံးကိုလာ၍ ထိမှန်စိုက်ဝင်သဖြင့် ... ရှင်ကျေမှာ ထိတ်လန့်သွားသည်။ ထိုအချိန်တွင် ...

ကွမ်ရင်သည် ဓားကိုဝှေ့ရမ်းပြီး လေထုထဲမှ ပြန်ကျလာသည်။ ပိုးပဝါစမှာ လိမ်ကာတွန့်ကာ ဝဲနေသည်။

ကွမ်ရင်သည် လေတစ်ချက် ချွန်လိုက်သည်။ သူမ၏ ဓားရိပ် ဓားရောင်များသည် သံကြိုးကွင်းဆက်ကဲ့သို့ပင် ဆက်တိုက်လှုပ်ရှားသွားသည်။ ဓားရိပ်များမှာ မိန်းမချောကလေး၏ ဦးခေါင်းအနီးတစ်ဝိုက်ကို လွှမ်းခြုံထားသကဲ့သို့ ရှိနေသည်။

ဝမ်းအေမှာ အသည်းတဖိုဖို ဖြစ်နေသည်။ မိန်းမချောကလေးအတွက် စိုးရိမ်ပူပန်နေမိသည်။ သို့သော် ...

ထိုမိန်းမချောကလေး၏ ဝေါက်သံတစ်ချက် ကြားလိုက်ရပြီး ကွမ်ရင်မှာ ပိုးပဝါအရိပ်ကြားမှ ဆယ်ပေကျော်ခန့် လွင့်စဉ် ထွက်သွားသည်ကို ဝမ်းအေ တွေ့လိုက်ရသည်။ အမှန်မှာ ...

လျှပ်တစ်ပြက်အချိန်အတွင်း ကွမ်ရင်နှင့် မိန်းမချောကလေးတို့မှာ သိုင်းကွက်လေးငါးကွက်ခန့် တိုက်ခိုက်ပြီး ဖြစ်နေကြသည်။

မိန်းမချောကလေးက အထက်စီးရနေပြီ ဖြစ်သည်။

ထိုအခါ ... ကွမ်ရင်မှာ ကိုယ်ကို အမြန်ရှောင်ထွက်လိုက်လေ၏။ ရှင်ကျေမှာ သူ့အခြေအနေ မဟန်တော့သည်ကို သူသိသည်။ သူသည် အာရုံကြောပြောင်းသော အတတ်ကို အသုံးပြုပြီး ပခုံးတွင်

ထိမှန်ထားသော သည်းပေါက်ဒေဝါအပ်တို့ကို အကြောပြောင်းယူပြီး အဆိပ်ကို အနည်းငယ် ဟန့်တားလိုက်သည်။

ဒေဝါအပ်မှာ အဆိပ်အတောက်များ ရှိသော်လည်း နှစ်နာရီခန့် အဆိပ်ကို တားထားနိုင်သည်။

ရှင်ကျော်၏စိတ်တွင် ကွမ်ရင်နှင့် လက်တွဲပြီး ထိုမိန်းမချော ကလေးကို သုတ်သင်ပြီးမှ ဖြေဆေးထည့်လျှင် အချိန်မီဦးမည်ဟု တွက်ဆထားသည်။ ရှင်ကျော်သည် တစ်ချက်အော်ဟစ်ပြီး ... ဓားကို ဝှေ့ရမ်းကာ ရှေ့သို့ တက်လာလေသည်။ ထိုစဉ် ....

မိန်းမချောကလေးမှာ ပိုးပဝါစကို တစ်ချက်ဝှေ့ရမ်းလိုက်ရင်း ကွမ်ရင်၏ ဓားချက်ကို ဖယ်လိုက်သည်။

ရှင်ကျော်သည် ဟာကွက်ကို မြင်လိုက်သည်နှင့် အလျှင်အမြန် ရှေ့တက်သွားပြီး ဓားဖြင့် ပိုင်းချလိုက်သည်။ ထိုအခိုက် ...

ဝင်းခနဲ လက်ခနဲ အရိပ်များ ထွက်ပေါ်လာသဖြင့် ရှင်ကျော်မှာ ထိတ်လန့်ပြီး လက်ကို အမြန်ရုပ်လိုက်ရသည်။

'ဒေါင် ... ဒင် ...'

အသံများ ပေါ်ထွက်လာသည်။

ထိုမိန်းမချောကလေး လက်ထဲတွင် သုံးပေခန့်အရှည်ရှိသော ဓားတစ်လက် ကိုင်ထားသည်ကို တွေ့ရသည်။ ၎င်းနောက် ...

မိန်းမချောကလေးသည် သူမလက်ထဲမှ ဓားဖြင့် ရှင်ကျော်၏ ဓားကို သွက်လက်စွာ ခုတ်ပယ်ပစ်လိုက်၏။



သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားပြီး သရဲကြီးများဘွဲ့ကို ခံယူထားကြသော ကွမ်ရင်နှင့် ရှင်ကျော်တို့မှာ မျက်စိများ ပြာဝေပြီး ခေါင်းမူးလာကြ၏။

တဖြည်းဖြည်းနှင့် သရဲနှစ်ကောင်မှာ ခံစစ်ကိုပင် အနိုင်နိုင်ဆင်နွှဲနေရသည်။

အရှုံးအနိုင် ပေါ်တော့မည့်အချိန်တွင် သူမသည် ပိုးပဝါစကို အထက်အောက် ရိုက်လိုက်သည်နှင့် ပဝါအရိပ်တို့မှာ လေထုထဲတွင် ပြည့်သွားသည်။

ရှင်ကျော်မှာ ... အလွန်မောဟိုက်နေသည်။

သည်းပေါက်ဒေဝါအပ် ထိမှန်ထားသော ဒဏ်ချက်မှာလည်း တဖြည်းဖြည်း အဆိပ်တက်လာသဖြင့် သူ၏ ဓားချက်တို့မှာ ကျလာလေသည်။

မိန်းမချောကလေးသည် ပိုးပဝါစကို .... တစ်ချက်ရစ်ပတ်လိုက်သည်နှင့် ရှင်ကျော်၏ လက်ထဲမှ ဓားသည် လွင့်ထွက်သွား၏။

ကွမ်ရင်က ဓားချက် သုံးလေးချက်ကို သွင်းလိုက်ပြန်သဖြင့် မိန်းမချောကလေးသည် ကိုယ်ကိုလှည့်ကာ ရှောင်တိမ်းပေးလိုက်ရင်းမှ တစ်ဆက်တည်း ... ရှင်ကျော်၏ကျောကုန်းကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ရာ ရှင်ကျော်မှာ ပေသုံးလေးဆယ်ခန့် လွင့်ထွက်သွား၏။

ထို့နောက် ... အတင်းထ၍ ပြေးတော့သည်။

ဝမ်းအေမှာ စဉ်းစားမရ ဖြစ်နေသည်။

ကွမ်းရင်မှာ ကိုယ်ကိုလှည့်ပြီး ထွက်ပြေးရင်း သည်းပေါက်ခေါ် အပ်တစ်ဆုပ်ခန့်ကို ပစ်လိုက်သည်။

မိန်းကလေးသည် ပိုးပဝါစနှင့် ကွမ်းရင်ပစ်လွှတ်လိုက်သော အပ်အားလုံးကို .... တစ်ချက်တည်းနှင့် ရစ်ပတ်ယူလိုက်လေ၏။

ထို့နောက် ...

မိန်းမချောကလေးသည် ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွင်းရင်း ပြုံး၍ ရယ်မောလိုက်လေတော့၏။

ဝမ်းအေမှာ အတော်ဝမ်းသာသွားပြီး ပုန်းနေသော သစ်ပင်အောက်မှ ခုန်ထွက်လိုက်သည်။

ထို့နောက် ...

အသက်အန္တရာယ်ကို ကာကွယ်ပေးသည့်အတွက် အလွန်ကျေးဇူးတင်ကြောင်း ပြောဆိုလိုက်သည်။

ထိုအခါ ....

အဆိုပါ မိန်းမချောကလေးက ဝမ်းအေ၏ ဆံပင်ကို ပွတ်သပ်လိုက်ရင်း ...

'ညီမလေး .... လန့်သွားသလား'

'မမ .... မမရဲ့ သိုင်းပညာဟာ ... တကယ့်ကို ထက်မြက်ဆန်းကြယ်တယ်၊ ဘာဖြစ်လို့ ဟိုသရဲနှစ်ကောင်ရဲ့ ခေါင်းကို ဖြတ်မပစ်လိုက်တာလဲ'



မိန်းမချောကလေးက ရယ်လိုက်ပြီး ....

'ရှင်ကျော်နဲ့ ကွမ်းရင်တို့ပေးတဲ့ ဒုက္ခဟာ အပေါ်ယံကလေးပါ၊ ဘာဖြစ်နိုင်မှာမို့လဲ၊ သူတို့ကို လိုက်သတ်ဖို့ မမမှာ အချိန်မရဘူး ...'

ဝမ်းအေမှာ တစ်စုံတစ်ရာကို ခံစားလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ ဦးခေါင်းကို မော့လိုက်ပြီး ...

'ဟုတ်တယ် မမရဲ့ ... အခု သူတို့ထက်ပိုပြီး ထက်မြက်တဲ့သူရှိသေးတယ်၊ တိုင်းသူပြည်သားတွေအပေါ် ဒုက္ခပေးနေတဲ့သူကို အမြန်သတ်ပစ်သင့်တယ်'

ထိုအခါ ... မိန်းမချောကလေး၏ မျက်နှာထားမှာ အနည်းငယ် ပြောင်းလဲသွားပြီး ....

'ဒီစကားကို နောက်ကျမှ ပြောကြတာပေါ့၊ ကဲ ... ယွမ်တုန်၊ ဒီကို လာပါဦး၊ ရှင်သိခဲ့တဲ့ သတင်းတွေ ပြောပြပါဦး ...'

မာယွမ်တုန်သည် သူမထံသို့လာပြီး စကားကို စပြောလိုက်၏။

'မနေ့ညက မင်းသား လီရှင် .... လုပ်ကြံခံရလို့တဲ့'

မိန်းမချောကလေးမှာ တစ်ချက် အံ့သြတုန်လှုပ်သွားသည်။

'အဲဒီကိစ္စဖြစ်သွားတယ်လား၊ အကြောင်းစုံကို ... သေသေချာချာ ပြောပြစမ်းပါဦး'

❖❖❖❖❖

မိန်းမချောကလေးသည် ယွမ်တုန်နှင့် ယှဉ်၍ လမ်းလျှောက်သွားပြီး .... ယွမ်တုန်ပြောပြသော စကားများကို အာရုံစိုက်ကာ နားထောင်နေသည်။

တစ်ခါတစ်ရံ သူမသည် အရေးကြီးသော ကိစ္စအချို့ကို မရှင်းလင်းပါက မာယွမ်တုန်အား အသေးစိတ် မေးမြန်းသည်။

ဝမ်းအေလည်း ... စကားဝင်ပြောရန် စိတ်ကူးမိသေးသည်၊ သို့ရာတွင် ... သူတို့မှာ အရေးကြီးသောကိစ္စများကို အပြန်အလှန် ပြောဆိုနေကြသဖြင့် သူမ ဝင်ပြောရန် အခွင့်အလမ်း မရခဲ့ချေ။

ယွမ်တုန်က မင်းသားလေး လီရှင် လုပ်ကြံခံရပြီး ဝမ်းအေနှင့် တွေ့ဆုံခေါ်ဆောင်လာသည်အထိ ပြောပြသည်။

မိန်းမချောကလေးက စိတ်ဝင်စားစွာ နားထောင်နေသည်။

သူတို့သည် လမ်းလျှောက်ရင်းမှ တောအပြင်သို့ ရောက်လာကြသည်။



တောအပြင်ဘက်၌ အိမ်တစ်အိမ်ကို တွေ့မြင်ရ၏။ ထိုအိမ်မှာ အုတ်ကျွတ်အမိုးနှင့် ခြံဝင်းနံရံမှာ အနီရောင်ဖြစ်ပြီး ဘေးပတ်ဝန်းကျင်တွင် ပန်းမာန်သစ်ပင်များကို စိုက်ပျိုးထားသည်။

အတန်ငယ်လျှောက်မိကြသောအခါ ... မိန်းမချောကလေးက ဝမ်းအေအား လှည့်ကြည့်ရင်း ....

'ညီမလေး ... ဒီကို ရောက်ပြီးမှတော့ အိမ်ထဲဝင်ပြီး ခဏထိုင်ပါဦးလား ...'

ဝမ်းအေက စဉ်းစားတွေဝေနေသည်။

သို့သော် ...

မိန်းမချောကလေးသည် ဝမ်းအေ၏ စကားပြန်ကို မစောင့်ချေ။ အိမ်တံခါးကို ခေါက်လိုက်၏။

ထိုအခါ ... မိန်းကလေးတစ်ယောက် ထွက်လာပြီး တံခါးဖွင့်ပေးရင်း ...

'မမ ... ဒီနေ့ ပန်းတွေ ခူးမလာဘူးလား'

မိန်းမချောကလေးက ဝမ်းအေတို့ဘက်သို့ ညွှန်ပြရင်း ...

'ဒီညီသည်နှစ်ယောက်ကို ရှင်ကျေနဲ့ ကွမ်ရင် ဆိုတဲ့ လူဆိုးနှစ်ယောက်က အနှောက်အယှက်ပေးတာကို ကြားဝင် ကာကွယ်ပေးလိုက်ရလို့ ပန်းတွေ ပျက်စီးကုန်တယ်၊ အင်း ... ဒါနဲ့ လူအိ ပြန်မလာသေးဘူးလား'

'ပြန်လာတော့မှာပါ'

'အဲဒီအသေးအဖွဲ ကိစ္စကလေးကို တစ်ညရှိသွားတာတောင် ဆောင်ရွက်လို့ မပြီးသေးဘူးလား'

စကားပြောရင်း ... ပန်းခြံကလေးကို ကျော်ဖြတ်လာကြ၏။ ၎င်းနောက် ဧည့်ခံအတွင်းသို့ ဝင်လိုက်သည်။ ဝမ်းအေက အိမ်အတွင်းသို့ မျက်လုံးကစား ကြည့်လိုက်၏။

အိမ်ထဲတွင် စားပွဲသုံးလေးလုံး ခင်းထားပြီး ဧည့်ခန်း၏ ထောင့်လေးထောင့်တွင် သစ္စာပန်းအိုးတို့ကို တင်ထားသည်။

ထို့နောက် ... နံရံပေါ်တွင် ပန်းချီကားချပ်တစ်ချပ်ကို ချိတ်ဆွဲထားပြန်သည်။

ပန်းချီကားချပ်မှာ 'မိုးပျံ' ဟု အမည်ပေးထားသည်။ ပန်းချီကားချပ်အတွင်းမှ နတ်မိမယ်ရုပ်ကလေးမှာ ပိုးပဝါအနီစကို ဖွေ့ရမ်းနေသည်။ ကြွကြွရွရွ ရှိလှ၏။ ဝမ်းအေ၏ စိတ်ထဲတွင် ကြိတ်ပြီး ချီးမွမ်းလိုက်သည်။

'ဒီအိမ်ရဲ့ အိမ်ရှင်ဟာ အတော့်ကို ခေတ်မီပါပေရဲ့'

ဧည့်ခန်းတွင် နေရာယူပြီး ထိုင်လိုက်ကြသည်။

မိန်းမချောကလေးသည် ယွမ်တုန်ဘက်လှည့်ပြီး ပြုံးကာ ...

'ရှင် ဒီညီမလေးကို ခေါ်လာတာ သူ .... ဘယ်လိုဖြစ်တယ်ဆိုတာ သိရဲ့လား'

ယွမ်တုန်နှင့် ဝမ်းအေတို့သည် မျက်နှာချင်းဆိုင်ပြီး ကြည့်လိုက်ကြသည်။



မိန်းမချောကလေးက ထပ်မံ၍ ပြုံးလိုက်ပြန်၏။

'သူ့အဖေနဲ့ ဆရာသမားဟာ နာမည်ကြီး လျှမ်းလျှမ်းတောက်ထဲကရှင့် ... သူ့အဘိုးက ထန်ခေတ်အစက နာမည်ကျော်ကြားခဲ့တဲ့ ကဗျာဆရာ ... ရှန်ကွမ်အီဟု လို့ခေါ်တယ်ရှင့်၊ သူ့ရဲ့ ဆရာသမားက ဘကြီးတော်ဘုရားလက်ထက်က တံခါးမှူးကြီး 'ချန်စွန်' ရှင့် ....'

ဝမ်းအေသည် ထိတ်လန့်တုန်လှုပ်သွား၏။ စိတ်ထဲတွင် ...

'ငါနဲ့ သူနဲ့က တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသေးဘဲနဲ့ ဘာဖြစ်လို့ ငါ့နောက်ကြောင်းသမိုင်းကို အားလုံး သိနေရတာလဲ'

ထိုစဉ် ယွမ်တုန်က ....

'ဟုတ် ... ဟုတ်ကဲ့ .... ကျွန်တော် ... ကျွန်တော် မသိလို့ပါ'

ယွမ်တုန်၏ အသံမှာ တုန်တုန်ယင်ယင် ဖြစ်နေသည်။

မိန်းမချောကလေးသည် ဝမ်းအေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ....

'ဟောဒီ ညီမလေးဟာ .... အခု နာမည်မကျော်သေးပေမယ့် နောင်တစ်ချိန်ကျရင် သူကလေးဟာ နန်းတွင်းမှာ ပထမဆုံး အမျိုးသမီး စာပေပညာရှင်တစ်ယောက် ဖြစ်လာလိမ့်မယ်၊ ရှင် ဒီတစ်ခါ ဆောင်ရွက်ခဲ့တဲ့ ကိစ္စထက် ကောင်းတာ မရှိတော့ဘူး'

ဝမ်းအေမှာ သူမ၏ စာပေပညာကို ချီးမွမ်းခံရသောကြောင့် ပီတိ ဖြစ်သွားသည်။ ထိုမိန်းမချောကလေးကိုလည်း လေးစားသွားသည်။ ယွမ်တုန်မှာလည်း စိတ်အေးသွားသည်။

မိန်းမချောကလေးက ဆက်၍ ပြောလိုက်ပြန်သည်။

'ဝမ်းအေ ... ညီမလေးဟာ စာပေကျမ်းဂန် တတ်မြောက်တယ်၊ အလွန်ဉာဏ်ကောင်းတယ်၊ အတီးအဆို၊ ပန်းချီဆွဲ အားလုံးရတယ်နော်'

'အပေါ်ယံလောက်သာ နားလည်တာပါ၊ နည်းနည်းပါးပါးတော့ တတ်ပါတယ်ရှင်'

'ကောင်းပြီ ... ဒါဖြင့် မမကို ညီမလေး ပန်းချီကားတစ်ချပ်လောက် ဆွဲပေးပါလား'

'မမက ဘယ်လိုပန်းချီကားမျိုး လိုချင်လို့လဲ'

'မနေ့ညက မင်းသားကလေးကို .... လုပ်ကြံသတ်ဖြတ်ကြတဲ့ စစ်ဗိုလ်နှစ်ယောက်ရဲ့ ပုံကို ရေးဆွဲပေးပါ'

ဝမ်းအေ၏ စိတ်ထဲတွင် တောတောင်ရှုခင်းတို့ကို ရေးဆွဲခိုင်းလိမ့်မည်ဟု ထင်မှတ်သည်။ ယခုမူ ပန်းချီကားချပ် အလှအပအစား လူနှစ်ယောက်၏ ပုံကို ရေးဆွဲခိုင်းသောကြောင့် မကြည်မသာ ဖြစ်သွားသည်။

ထိုအချိန် ... ဧည့်ခန်းအပြင်ဘက်မှ ခြေသံများကို ကြားလိုက်ရသည်။ အစေခံမိန်းကလေးက လှမ်းကြည့်လိုက်ပြီး ....

'မမ ... မလူအီ ပြန်လာပြီ၊ သူက လူခြောက်ယောက် ခေါ်လာတယ်'

'လူအီ တစ်ယောက်တည်း ... အရင် ဝင်ခွင့်ပေးလိုက်ပါ'



ခဏကြာသောအခါ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ မိန်းကလေးတစ်ယောက် ဝင်လာသည်။ သူမသည် ကျောပိုးအိတ်တစ်အိတ်ကို ပိုးထားသည်။ ထို့အပြင် .... ဓားတစ်လက်ကိုလည်း လွယ်ထား၏။ ထိုမိန်းကလေး၏ အင်္ကျီလက်တွင် သွေးအနည်းငယ် စွန်းနေသည်ကိုလည်း တွေ့လိုက်ရသည်။

ထိုအခါ မိန်းမချောကလေးက ...

'ညည်း ... သူသတ်ခဲ့သလား'

'မသတ်ခဲ့ပါဘူး၊ လူဆိုးစခန်းသုံးခုကို .... ဝင်ပြီးတိုက်ခိုက်ခဲ့တယ်၊ လူ လေးဆယ့်ရှစ်ယောက်ကို တိုက်ခိုက်ခဲ့ရတယ်၊ ဒါပေမယ့် အသက်အန္တရာယ် မရှိပါဘူး၊ လူဆိုးစခန်းသုံးခုမှာ ရှိတဲ့ စခန်းမှူး အပါအဝင် လူခြောက်ယောက်ကို အာရုံကြောပိတ်ပြီး ဖမ်းဆီးခေါ်ဆောင်လာပါတယ်'

မိန်းမချောကလေးက လေသံအေးအေးနှင့် ....

'ဒီကိစ္စလေးတစ်ခုကို ဆောင်ရွက်ခဲ့တာ ... ဒီလောက်တောင် အချိန် ကြာရသလား'

လူအီက ပြန်ဖြေလိုက်သည်။

'ကျွန်မ မြို့ထဲလည်း ရောက်ခဲ့တယ်၊ မမ အလိုရှိတဲ့လူတွေကို မတွေ့ရတော့ဘူး၊ အမျိုးသားကတော့ ... သူ့ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မထားခဲ့ဘူး၊ မိန်းကလေးရဲ့ အထုပ်အပိုးကိုတော့ ကျွန်မ ယူလာခဲ့တယ် .... ဒါတွေပါပဲရှင်'

ဝမ်းအေမှာ အတော်ကလေး တုန်လှုပ်သွားသည်။

လူအိ ကျောပေါ်တွင် ပိုးလာသော အထုပ်မှာ သူမ၏ ပစ္စည်းဖြစ်နေသည်ကို တွေ့ရသည်။ မိန်းမချောကလေးသည် အထုပ်အပိုးတို့ကို ဝမ်းအေအား လှမ်းပေးလိုက်ရင်း ....

'ညီမလေး ပစ္စည်းထဲက ဘာပျောက်သေးသလဲ၊ စစ်ကြည့်လိုက်ပါဦး၊ အင်း .... ညီမလေး အဝတ်အစား လဲလိုက်ဦးလေ'

ဟု ယဉ်ကျေးစွာ ပြောလိုက်သည်။

သို့သော် ... ဝမ်းအေသည် အလွန်ပါးနပ်သူ ဖြစ်သည်။ လူဆိုးခြောက်ယောက်တို့ ဝင်လာတော့မည်ကို သိလိုက်သည်။

စိတ်ထဲတွင် ...

'ငါ ဒီညှိခန်းမှာ ရှိနေတာကို မလိုလားဘူး ထင်တယ်၊ စကားပြောရ ဆိုရ ခက်လို့နဲ့ တူတယ်၊ သိုင်းလောကမှာ .... မလိုလားတဲ့ အကြောင်းတွေကို ဘဘကြီး ချန်စွန် ပြောခဲ့သားပဲ'

မိန်းမချောကလေးသည် ဘေးမှ တံခါးကို တွန်းဖွင့်ပေးလိုက်သည်။

'ညီမလေး ... မမရဲ့ အခန်းထဲဝင်ပြီး အကျႌသွားလဲချေ၊ အထဲမှာ ဘီး၊ မှန်၊ နံ့သာ အပြည့်အစုံ ရှိတယ်'

ဝမ်းအေသည် ညက မိုးမိထားသည့်အတွက် အဝတ်အစားတို့မှာ ညစ်ပတ်နေသည်ဖြစ်ရာ အားနာမနေတော့ဘဲ အထုပ်အပိုးတို့ကို လှမ်းယူလိုက်သည်။



'ကျေးဇူးတင်ပါတယ် မမ'

အခန်းထဲကို ဝင်လိုက်ပြီး အခန်းတံခါးကို မင်းတုန်းထိုးလိုက်သည်။

သည့်နောက် ဝမ်းအေသည် အထုပ်ကို ဖြေလိုက်၏။ ခရမ်းရောင် ပိုးအကျႌတစ်စုံကို ယူလိုက်ပြီး အဝတ်လဲမည်အပြုတွင် အခန်းအပြင်ဘက်မှ စကားပြောသံကို ကြားလိုက်ရ၏။

'ကျွန်တော်က ဘယ်လိုအပြစ်မျိုးကို ကျူးလွန်ခဲ့လို့ပါလဲ'

ထိုအသံကို ကြားဖူးသလိုလို ရှိသည်။ ဝမ်းအေသည် တံခါးကြားမှ ချောင်းကြည့်လိုက်ရာ .... အတော် ထိတ်လန့်သွားသည်။ ကျောက်ပြားပေါ်တွင် ဒူးထောက်နေသော လူခြောက်ယောက်တို့ကို တွေ့ရသည်။ ထိုသူ ခြောက်ယောက်တို့မှာ လမ်းတွင် သူမ တွေ့ခဲ့သော လူဆိုးဓားပြအဖွဲ့ သုံးဖွဲ့မှ လူဆိုးကြီးများ ဖြစ်ကြသည်။

မိန်းမချောကလေးက ပြုံး၍ ....

'ကျွန်မ မေးစရာရှိလို့ပါ၊ ရှင်တို့ဟာ ဘာအလံကို ထူထားကြသလဲ'

ထိုလူခြောက်ယောက်ထဲမှ တစ်ယောက်က .....

'ဒါက တောလမ်းသမားတို့ရဲ့ အသုံးအနှုန်းပါ'

ထိုသူသည် သူမအား ကျာပွတ်ဖြင့် ရိုက်သွားသော လျူစီဆိုသူ ဖြစ်ကြောင်း သိလိုက်သည်။

မိန်းမချောကလေးက ... အော်ငေါက်လိုက်ပြန်သည်။

'ဘယ်လိုအသုံးအနှုန်းလဲ ... ပြောစမ်းပါဦး'

လျှူစီသည် ထိတ်လန့်ပြီး မျက်နှာပျက်သွားသည်။ ကြောက်ကြောက်လန့်လန့်နှင့် ....

'အမှန်ဘက်က ဆောင်ရွက်တာပါ'

မိန်းမချောကလေးသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ထို့နောက် .... ညင်သာစွာ ပြောလေ၏။

'ကြွယ်ဝချမ်းသာတဲ့ လူတွေဆီက ပစ္စည်းကို လုယက်ယူပြီး၊ မရှိဆင်းရဲသားတွေကို ပေးကမ်းမှ ရှင်တို့ ပြောတဲ့စကားနဲ့ ညီမယ်၊ ရှင်တို့က ကုန်သည်တွေရဲ့ ပစ္စည်းတွေကို လုယက်ကြတယ်၊ တိုင်းသူပြည်သားတွေကိုဒုက္ခပေးတယ်၊ မျက်နှာကြီးတွေကိုတော့ မြှောက်ပင့်စားကြတယ်၊ ကောင်းရာကောင်းကြောင်း ရောင်းဝယ်လုပ်ကိုင်စားသောက်နေတဲ့ လူတွေကို ဖိနှိပ်တယ်၊ ဒါကို အမှန်တရားဘက်က ရပ်တည်တယ်လို့ ဆိုမလား'

ထိုလူဆိုးဓားပြ ခြောက်ယောက်တို့သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး တစ်ကိုယ်လုံး တုန်ယင်နေကြသည်။ မိန်းမချောကလေးက ခေတ္တနားပြီး သူမ၏တပည့်မကို ပြောလိုက်၏။

'ဟေ့ ... လူအိ .... ငါ့ကိုယ်စား ဒီကောင်တွေကို ရှင်းပစ်လိုက်ပေတော့'

လူဆိုးခြောက်ယောက်တို့အထဲမှ လျှူစီက ...

'သခင်မ ... အပြစ်တင်တာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်



မှာလည်း အကြပ်အတည်း ရှိပါတယ်'

'ဘယ်လို အကြပ်အတည်းလဲ'

'ကျွန်တော် မလိမ်ဘဲ အမှန်အတိုင်း ပြောပါ့မယ်၊ ကျွန်တော်တို့ဟာ ရှေးမင်းလက်ထက်ထဲက သစ္စာရှိတဲ့ လူတွေပါ၊ လူကတော့ တောလမ်းမှာ ရောက်နေရပေမယ့် .... စိတ်ကတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ချင်ပါတယ်၊ ထန်မင်းရဲ့ ထီးရိုပ်နန်းလျာကို ပြန်လည်ထူထောင်ချင်တာနဲ့ စစ်စရိတ်အဖြစ် လုယက်ကြတာပါ၊ မျက်နှာကြီးနဲ့ ဆက်သွယ်ရတာကတော့ ထန်မင်းရဲ့ ဆွေတော်မျိုးတော်တွေအပေါ် သစ္စာစောင့်တာပါ ...'

'ရှင်တို့က ထန်မင်းရဲ့ သစ္စာတော်ခံတယ်ဆိုတာ ဘာအထောက်အထားများ ရှိလို့လဲ ....'

'အထောက်အထားကတော့ ... မရှိပါဘူး၊ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးလေးရက်လောက်က .... ဘုရင်ရဲ့ မြေးတော်တစ်ယောက် လာပါတယ်၊ ကျွန်တော်တို့က သူ့ကို သွားကြိုဆိုပါတယ်၊ သူ စစ်ချီတိုက်ခိုက်တဲ့နေ့မှာ ကျွန်တော်တို့ကို စစ်ကဲ စစ်ဗိုလ် ခန့်အပ်မယ်လို့ ကတိပေးခဲ့ပါတယ်၊ ဒီကိစ္စကို သခင်မ မယုံလို့ရှိရင် လာမယ့် လပြည့်နေ့ညမှာ ရှုဝေတောင် (ရွှေတောင်)ထိပ်မှာ သွားကြည့်ပါ ...'

'ဘာကို သွားကြည့်ရမှာလဲ'

'ဘုရင့်မြေးတော်ကိုယ်တိုင် အာဇာနည် ဦးသျှောင်အဖြစ် ခံယူတာကို သွားကြည့်ပါ၊ ကျွန်တော် ... မလိမ်မညာဘူးဆိုတာ သိပါ

လိမ့်မယ် ...'

'ဘုရင့်မြေးတော် ဆိုတာ ... မင်းသား လီအိ မဟုတ်လား'

'ဟုတ်ပါတယ် ... လက်စသတ်တော့ ဒီကိစ္စကို သခင်မလည်း အသိသား။ ... သူဟာ ဘကြီးတော်ဘုရား၏ မြေး ဖြစ်ပါတယ်'

ထိုအခါ မိန်းမချောကလေးက စိတ်ဆိုးဟန်ဖြင့် ...

'မင်းတို့လို ဘာတစ်ခုမှ အသုံးမကျတဲ့ အကောင်တွေက ဘုရင်မကြီးကို တော်လှန်ဖို့ စကားများ ပြောဆိုဝံ့ကြသေးသလား ...'

လူဆိုးခေါင်းဆောင်ဦးတို့မှာ ခေါင်းငုံ့လျက် မည်သို့မျှ ပြန်လည်ချေပနိုင်ခြင်း မရှိကြချေ။

တစ်ဖန် ... မိန်းမချောကလေးက လှောင်ရယ် ရယ်လိုက် ပြန်သည်။

'သူတို့ကသာ တိုင်းသူပြည်သားတွေကို ဘုရင်မကြီးက ဒုက္ခပေးနေတယ်လို့ ပြောနေကြတယ်၊ ပြည်သူလူထုတွေက ပြောတဲ့ဆိုတဲ့အသံတွေကို ဘာဖြစ်လို့ .... သွားနားထောင်မကြည့်တာလဲ၊ ပြည်သူထုထုတွေ မျက်စိထဲမှာ သူတို့ကို ဒုက္ခပေးနေတဲ့လူကို မြင်ကြပါတယ်၊ ဒါပေမယ့် ... အဲဒီလူက လက်ရှိ ဘုရင်မကြီး မဟုတ်ဘူး'

ထိုအခါ ...

လူဆိုးဓားပြခေါင်းဆောင် ခြောက်ဦးတို့မှာ တစ်ပြိုင်တည်း ဝပ်တွားတောင်းပန်လျက် ....

'ကျွန်တော်မျိုးတို့ မတော်လှန်ဝံ့ကြပါဘူး ....'



မိန်းမချောကလေးက မဲ့ပြုံးပြုံးလျက် ...

'ရှင်တို့မှာ တိုင်းပြည်ကို ဒုက္ခပေးနိုင်လောက်တဲ့ အရည်အချင်း မရှိသေးပါဘူး၊ ဒါပေမယ့် ...'

မိန်းမချောကလေးက မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်သည်။ ဒေါသမရှိသော်လည်း မာန်ပါသည်။ လူဆိုးဓားပြများမှာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားကြသည်။

အသံတုန်တုန်ယင်ယင်ဖြင့် .....

'ကျွန်တော်တို့ကို အပြစ်ဒဏ်က ခွင့်လွှတ်တော်မူပါ'

ဟု တောင်းပန်ကြ၏။

မိန်းမချောကလေးက တည်ငြိမ်အေးဆေးစွာဖြင့် ...

'အေး ... အသက်ဒဏ်ကတော့ ချမ်းသာပေးမယ်၊ ဒါပေမယ့် နောက်နောင်ဆိုးသွမ်းတာကိုတော့ ခွင့်မပြုနိုင်ဘူး၊ လူအိရေ ... သူတို့ရဲ့ ကာယစွမ်းအားတွေကို အကုန်ဖျက်ဆီးပစ်လိုက်စမ်း'

'ဟုတ်ကဲ့ ... မမ'

လူအိ၏ ပြန်ဖြေသံကို ကြားလိုက်ရသည်။ ထို့နောက် ...

အော်သံ၊ ဟစ်သံများ ဆူညံစွာ ပေါ်ထွက်လာသည်။ သူတို့၏ ကာယစွမ်းအားကို လူအိက ဖျက်ဆီးပစ်နေခြင်းပင်။

တစ်ခဏကြာလျှင် အခန်းအပြင်ဘက်မှ မိန်းမချောကလေး၏ အော်ငေါက်သံကို ကြားလိုက်ရသည်။

'ကဲ ... မြန်မြန်ထွက်သွားကြစမ်း'

ဝမ်းအေသည် တံခါးအကြားမှ အပြင်ဘက်သို့ ချောင်းကြည့်နေရာ လူဆိုးဓားပြ ခြောက်ယောက်တို့မှာ ထွက်ပြေးကုန်ကြသည်ကို တွေ့ရ၏။ ပြတ်တောင်း ပြတ်တောင်း ညည်းညူသံများမှာ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေသည်။

မိန်းမချောကလေးအမည်မှာ ဂူရှန်စွမ်းပင် ဖြစ်၏။

သူမကား ... ဘုရင်မကြီး ဂူကျောထန်၏ တူမရင်းတစ်ယောက်ပင်တည်း။ ရှန်စွမ်းက နှစ်ခြိုက်စွာ ရယ်မောလိုက်၏။

'ဟား ... ဟား ... ဟား .. လူအိရေ ... ညည်း ငါနဲ့ သုံးလေးနှစ်လောက်နေလာတာ .... ဒီကနေ့ ညည်းဆောင်ရွက်လိုက်တဲ့ ကိစ္စဟာ အကောင်းဆုံးပဲ'

လူအိကမူ ... သူမကို ချီးကျူးစကားပြောကြားသည့်အတွက် မြူး၍ ခေါင်းကလေးငုံ့ထားသည်။ ထိုအချိန်တွင် ...

ညှော်သည်တစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာသည်ကို တွေ့ရသည်။ ထိုဧည့်သည်မှာ စစ်ဗိုလ်တစ်ယောက် ဖြစ်သည်။

ထိုသူသည် ရှန်စွမ်းကိုမြင်သည်နှင့် ဒူးထောက်ပြီး အရိုအသေပေးလိုက်သည်။

'သခင်မလေးဆီကို ဘုရင်မကြီး စေခိုင်းချက်အရ လာခဲ့တာပါ'

'ရှင်က ချူရှင်ရွှန် ဗိုလ်ချုပ်ရဲ့ လက်အောက်က အရာရှိ မဟုတ်လား'

'မှန်ပါတယ် ခင်ဗျား'



'ရှင်တို့ဗိုလ်ချုပ်ချူရဲ့ စစ်ဘက်အရာရှိက ဘာဖြစ်လို့ အဆောင်အယောင် အပယ်ခံထားရတဲ့ အိမ်ရှေ့စံ မင်းသား လီရှင်ကို လုပ်ကြံသတ်ဖြတ်ရတာလဲ'

'ဟုတ်လား ... ကျွန်တော်မျိုး မသိရပါဘူး'

'မြို့ထဲမှာ ဘယ်လိုဖြစ်နေကြသေးသလဲ'

'ဗိုလ်ချုပ်ချူက ဒီနေ့မနက်မှာ မြို့တွင်းကို ဝင်ပြီးတော့ ... ချက်ချင်းပဲ မြို့တံခါးကို ပိတ်လိုက်တယ်၊ မြို့တွင်းမှာ ဘယ်လို ဖြစ်ပျက်တယ်ဆိုတာ ကျွန်တော်မျိုး လုံးဝ မသိရပါဘူး'

'မြို့တံခါးကို ပိတ်ပြီး ... သူဘာလုပ်သေးသလဲ'

'လူစစ်ပါတယ်၊ ကျွန်တော့်ကိုတော့ ဘုရင်မကြီးအမိန့်အရ သခင်မလေးဆီ လာရတာကြောင့် အထူးခွင့်ပြုထားပါတယ်'

'တခြားစစ်ဘက်အရာရှိ တချို့ ပျောက်နေတယ် မဟုတ်လား'

'ရှေ့ပြေးတပ်ဗိုလ်ကြီး ချင်မူကျနဲ့ ကွမ်ဟန်ယုန်တို့ကို မမြင်ရပါဘူး ... ဪ ... ဒီမှာ သခင်မကလေးကို ဘုရင်မကြီး ပေးလိုက်တဲ့ စာပါခင်ဗျာ ....'

ရှန်စွမ်းသည် စာကို လှမ်းယူပြီး .... ဖောက်မဖတ်သေးဘဲ ထားလိုက်သည်။

'ရှင်နဲ့ကျွန်မ ... အဖော်နှစ်ယောက်ခေါ်ပြီး မြို့ထဲမှာ ဗိုလ်ချုပ်ကြီး ချူနဲ့ သွားတွေ့မယ်'

'ဗိုလ်ချုပ်ကြီး ချူကလည်း သခင်မလေးကို တွေ့ချင်လို့တဲ့'

'တရားခံနှစ်ယောက်ကို ဖမ်းဆီးပြီးမှ သွားတွေ့မယ်'

'ဒါဖြင့် ... ကျွန်တော် ဒီနေ့ နေပြည်တော်ပြန်ပြီး သတင်းပို့ရလိမ့်မယ်၊ ဘုရင်မကြီးကို စာရေးမပေးတော့ဘူးလား၊ ဘုရင်မကြီးက သခင်မကလေးကို သတိရတယ်လို့ ပြောတယ်'

'ကျွန်မမှာ အချိန်မရသေးဘူး၊ ဘုရင်မကြီးကို နှုတ်နဲ့ပဲ ပြန်အစီရင်ခံလိုက်ပါ၊ ချန်အန်ကို လာဖို့ မစဉ်းစားသေးဘူးလို့ တစ်ခွန်းတည်း အစီရင်ခံလိုက် ... ကြားလား၊ ရှင်တို့ မြန်မြန်သွားတော့'

ထိုစစ်ဗိုလ်နှင့် မိန်းကလေးနှစ်ယောက်တို့သည် ရှေ့မှ ထွက်သွားကြသည်။ ရှန်စွမ်းသည် သုံးလေးလှမ်း လှမ်းပြီးမှ ရပ်လိုက်သည်။ အခန်းတံခါးကို ..... ဖြည်းဖြည်း လာခေါက်ရာ ဝမ်းအေမှာ ကြောက်လန့်သဖြင့် ဓားရိုးကို လက်ဖြင့် ကိုင်ထားလိုက်သည်။

တံခါးနောက်ကွယ်တွင် ပုန်းနေပြီး တံခါးကို တွန်းဖွင့်လာသည်နှင့် ရင်ဝကို ထိုးစိုက်ရန် ချိန်ထားသည်။ ထိုစဉ် ... ရှန်စွမ်း၏ ရယ်ရယ်မောမောဖြင့် ပြောသံကို ကြားလိုက်ရသည်။

'ညီမလေး ... အကျိုလဲလို့ မပြီးသေးဘူးလား၊ ကိစ္စရှိလို့ အပြင်ကို ခဏသွားလိုက်ဦးမယ်၊ ညီမ အနားယူချင် ယူနေ ... မမ ပြန်လာအောင် စောင့်နော် ...'

ဝမ်းအေမှာ ထိတ်လန့်ခြင်းကြောင့် မေးများ တုန်နေသည်။

'ဟုတ်ကဲ့ ....'

ဟု တစ်ခွန်းသာ ပြောနိုင်တော့သည်။



အခန်းအပြင်ဘက်မှ ရှန်စွမ်း ပြောသော စကားကို ကြားရပြန်သည်။

'ယွမ်တုန် ... ရှင် ... ကျွန်မနဲ့ လိုက်ခဲ့ရမယ်၊ ကြားလား'

ဝမ်းအေသည် သူတို့ထွက်သွားသည်ကို မြင်တော့မှ ဓားကို ဓားအိမ်ထဲ သွင်းလိုက်ပြီး သက်ပြင်းချလိုက်တော့သည်။

ဝမ်းအေသည် နံရံပေါ်မှ ပန်းချီကားကို ကြည့်ပြီး အိပ်မက်မက်သလို ဖြစ်နေသည်။ ရင်မှာလည်း ပြင်းစွာ ခုန်နေသည်။

ဝမ်းအေ စဉ်းစားမရသော ကိစ္စတစ်ရပ် ရှိသည်။ ဤအိမ်၏ သခင်မလေးဆိုသူ မိန်းမချောကလေးသည် ဘုရင်မကြီး ဝူကျေထန်အား လုပ်ကြံသတ်ဖြတ်မည့်သူ မဟုတ်သည့်အပြင် ဘုရင်မကြီး၏ လူဖြစ်ကြောင်း သေသေချာချာ သိလိုက်သည်။

ဝမ်းအေ၏ စိတ်ထဲတွင် ...

'ငါ ... ဘယ်ကို သွားရမလဲ .... ဘုရင်မကြီး ဝူကျေထန်ကို သွားပြီး လုပ်ကြံသတ်ဖြတ်ရမလား .... ဒါမှမဟုတ် စိတ်အပင်ပန်းသက်သာရအောင် လူမှုရေးအလုပ်တွေကို စွန့်လွှတ်ပြီး ချန်ကိုကို ပြန်ပြီး အနားယူရမလား'

သူမသည် လေတိုက်၍ ကြွေကျလာသော ပန်းကလေးကဲ့သို့ပင် ဘယ်ဆီသွား၍ ဘယ်ဆီလာရမည်ကို ဝေခွဲစဉ်းစား၍ မရနိုင်အောင် ရှိနေတော့သည်။

❖❖❖❖❖

## သိုင်းစွမ်းရည်ပြိုင်ပွဲကြီး

အချိန်သည် တရွေ့ရွေ့ ကုန်လွန်သွား၏။

တစ်လခန့် ကြာမြင့်သွားခဲ့သည်။

လပြည့်နေ့ ညတစ်ည ... နေရာက ဂူဝေတောင်ပေါ် ...

တောင်ကြို တောင်ကြားၡ် ... လှည့်လည်သွားလာနေသော မိန်းကလေးတစ်ဦး ရှိသည်။ သူမကား ဝမ်းအေပင် ဖြစ်၏။

သူမသည် ဂူဝေတောင်ပေါ်သို့ ရောက်လာခဲ့သည့်အကြောင်းမှာ မင်းသား လီအီကို တွေ့ချင်သောကြောင့် ဖြစ်သည်။

ဤတောင်ပေါ်၌ သိုင်းသမားများ၏ သိုင်းလောက ကေရာဇ်ရွေးပွဲ ရှိကြောင်းကို လူဆိုးဗိုလ် လျူစီက မင်းသမီး ရှန်စွမ်းအား ထုတ်ဖော်ပြောဆိုခဲ့ခြင်းကြောင့် သိရခြင်း ဖြစ်သည်။

ဂူဝေတောင်မှာ လရောင်အောက်၌ အလွန်သာယာ ကြည်နူးဖွယ်ကောင်းသည်။ ဆိတ်ငြိမ်အေးချမ်းလျက်ပင် ....



မင်းသား၊ လီအီ၏ လုပ်ပုံလုပ်နည်းမှာ စစ်ချီပြီး ဂူကျောထန်ဘုရင်မကြီးအား တော်လှန်မည်။ ထီးနန်းရိုက်ရာကို ပြန်တိုက်ယူရန်ဖြစ်သည်။ လူအမြောက်အမြား သွေးထွက်သံယိုဖြစ်ပြီး သေကြေပျက်စီးနိုင်သည်။ ထိုကဲ့သို့ လုပ်ခြင်းမှာ မှန်မမှန်ကို သူမ ဝေခွဲမရဖြစ်နေသည်။

သူမသည် ဂူဝေတောင်သို့ ယမန်နေ့က ရောက်လာသည်။ တောင်ရိုးအနှံ့ သူမ ရောက်ခဲ့ပြီးပြီ။ ယခု သူမသည် ဂူဝေတောင်မှ ကျင့်တင်တောင်ထိပ်သို့ ရှေးရှုသွားနေသည်။

လ ... သာနေသည်။ တောင်ရိုးတောင်စွယ်တစ်လျှောက် ဆိတ်ငြိမ်လျက် ရှိနေလေ၏။ ဝမ်းအေ စိတ်ထဲတွင် တွေးလိုက်မိ၏။

'ဘယ်သူမှလည်း မလာကြသေးပါလား၊ လျူစီပြောတဲ့စကား မှန်ပါ့မလား'

ထို့အပြင် မင်းသားလီအီနှင့် တွေ့မှတွေ့ပါမည်လားဟုလည်း သူမ၏ စိတ်ထဲတွင် သံသယ ဖြစ်နေသည်။ သိုင်းလောက ကေရာဇ်ရွေးပွဲ မဖြစ်ပါစေနှင့်ဟုလည်း သူမ ဆုတောင်းမိလေ၏။

အတန်ငယ်သွားမိလျှင် ကျင့်တင်တောင်ထိပ်ကို လှမ်းမြင်ရပေသည်။ ထိုအခိုက် လူရိပ်နှစ်ရိပ်သည် တောင်စွယ်ဘေးမှ ထွက်ပေါ်လာလေ၏။

ဝမ်းအေမှာ သက်ပြင်းချလိုက်မိတော့သည်။

'သိုင်းလောက ကေရာဇ်ရွေးပွဲအတွက် လူတွေ စ,ရောက်လာ

ပြီလို့ ထင်တယ်၊ ဒါပေမယ့် ... ဒီလူနှစ်ယောက်ရဲ့ သွားဟန်လာဟန်က တစ်ယောက်မှ မင်းသားလီအိရဲ့ဟန် မဟုတ်ဘူး၊ သူတို့ လှုပ်ရှားမှုတွေက မင်းသားလီအိလောက် မမြန်ဆန်ဘူး'

ဝမ်းအေသည် သူတို့ထက်အရင် ကျင့်တင်တောင်ထိပ်သို့ ရောက်အောင် သွားခဲ့သည်။ ၎င်းနောက် ကျောက်တုံးများအကြားတွင် ဝင်ပုန်းပြီး အခြေအနေကို စောင့်ကြည့်နေလေ၏။

ထိုလူနှစ်ယောက်သည် ... မြက်ခင်းပေါ်သို့ ထိုင်ချလိုက်ပြီးနောက် လက်ခုပ်သုံးချက် တီးပြီး အချက်ပေးလိုက်သည်။

အတန်ငယ်ကြာသောအခါ အရပ်လေးမျက်နှာမှ အလားတူ အချက်ပေးသံများကို ကြားလိုက်ရသည်။ ထိုလူနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

'ဟဲ ... ဟဲ .. ချွမ်စန်နှင့် ရှန်ပိုင် နှစ်ဖွဲ့ကတော့ ငါတို့လိုပဲ စောစောရောက်လာကြတာပဲကိုး'

မကြာမီ ... လူလေးငါးခြောက်ယောက်တို့ ရောက်လာကြပြီး ... မြက်ခင်းပြင်ပေါ်တွင် ထိုင်လိုက်ကြသည်။

ထို့နောက် ... မုတ်ဆိတ်ဖားဖားနှင့် လူကြီးတစ်ယောက်က လက်ဦးရောက်နှင့်နေသော လူနှစ်ယောက်ကို လှမ်းပြီး နှုတ်ဆက်လိုက်သည်။

'နောင်ကြီး စေစန်ကို ... ဒီနှစ်သိုင်းလောက ကေရာဇ်လုပွဲ ကျင်းပဖို့ကို ညသန်းခေါင်ယံမှာ သတ်မှတ်ထားတယ် မဟုတ်လား



နောင်ကြီးက နာရီဝက်ခန့် ကြိုလာပါလို့ မှာတာ ဘာများ ပြောစရာရှိလို့လဲ'

'ဒီနှစ် လူငယ်တစ်ယောက်က ကေရာဇ်ပြိုင်ပွဲ ဝင်မယ်ဆိုတာ သိကြပြီးပြီလား'

အသံပြာပြာနဲ့ လူတစ်ယောက်က ....

'ထုံးစံအရ ဆယ်နှစ်တစ်ကြိမ် ကေရာဇ်လုပွဲ ကျင်းပခဲ့တာပဲ၊ အရင်ကေရာဇ် ရှင်အုံးဟာ ဒီနှစ်သက်တမ်းပြည့်ပြီ၊ ကေရာဇ်သစ် တင်ရတော့မယ်၊ ဒီအကြောင်းကို နောင်တော်'ဝေစန်ကို'က ဆွေးနွေးချင်လို့လား၊ ဟဲ ... ဟဲ ... ဒီအကြောင်းကို မဆွေးနွေးတာ ကောင်းပါလိမ့်မယ်'

'ဘာဖြစ်လို့လဲ ... ပြောစမ်းပါဦး'

'သိုင်းလောကမှာ ရှင်အုံးထက် စွမ်းရည်ထက်တဲ့လူ၊ ဩဇာထက်တဲ့လူ မရှိတော့ သူ့ကိုပဲ ပြန်တင်ရမှာပဲ'

ဝေစန်ကိုက ပြုံးလိုက်သည်။

'ရှင်အုံးကို ဆက်ပြီး တင်မြှောက်တာကို .... ဘယ်သူကမှ မကျေနပ်ဘူးလို့ ပြောဝံ့ကြမှာ မဟုတ်ဘူး၊ ဒါပေမယ့် .... ဒီနှစ်နှစ်အတွင်းမှာ ကေရာဇ်လုပွဲ ဝင်နွှဲမယ့် လူငယ်တစ်ယောက် ပေါ်လာတယ်၊ ခင်ဗျားတို့လည်း ကြားပြီးကြရောပေါ့'

'ဘယ်သူလဲ ...'

'လီအိတဲ့'

သွေးနွေးကြသော အသံများ ထွက်ပေါ်လာကြသည်။

'လီအီဆိုတဲ့လူကို ရှင်အုံးကိုယ်တိုင်က သဘောကျပြီး ကေရာစ်တင်မြှောက်ချင်နေတာဗျ'

ဝမ်းအေ၏ စိတ်ထဲ၌ တွေးလိုက်မိသည်။

'တကယ်လို့ .... မင်းသားလီအီသာ သူ့ကို ရှင်ဘုရင့်မြေးတော် ဖြစ်လို့ အားလုံးက ထောက်ခံမှုန်းသိခဲ့ရင် ... သူက ကျေးဇူးတင်မှာ မဟုတ်ဘူး'

ခဏကြာသောအခါ ... အခြားလူတစ်စု ရောက်လာကြပြန်၏။ ခေါင်းဆောင်လာသူမှာ လူရွယ်စာပေပညာရှိ ဖြစ်ဟန်တူပြီး အင်္ကျီလက်ရှည်ကို ဝတ်ထားသည်။ ထိုသူသည် လက်ထဲတွင် ခေါက်ယပ်တောင်တစ်ချောင်းကို ကိုင်ကာ စိတ်အေးလက်အေးဖြင့် လျှောက်လာနေလေသည်။

ထို့နောက် ... အဖွဲ့တစ်ဖွဲ့ ရောက်လာပြန်သည်။ ဦးဆောင်လာသူကို အခြားလူများက မြင်သည်နှင့် ထပြီး ကြိုဆိုကြသည်။

'ဆရာလုစန် .... ဆရာလုစန်'

'ကျိုစန်နဲ့ လီချစ်တို့ ဘာဖြစ်လို့ မရောက်ကြသေးတာလဲ ...'

ဝေစန်ကိုက မြူးလိုက်သည်။

'သူတို့ကို ကျွန်တော် အစောကြီးကတည်းက အကြောင်းကြားထားပါတယ်၊ လမ်းမှာ တစ်စုံတစ်ရာ အကြောင်းရှိလို့ နေပါလိမ့်မယ်၊ ဒါပေမယ့် .... ကျွန်တော်တို့ဘက်က လူဦးရေ များပါတယ်၊ သူတို့



သုံးယောက် လျော့နေလည်း အရေးမကြီးပါဘူး'

လူအများ ဆက်လက်ပြီး ရောက်လာကြသည်။ နောက်မှ ရောက်လာကြသော သူတို့မှာ ကနဦးရောက်နေကြသော အဖွဲ့နှစ်ဖွဲ့နှင့် အဖွဲ့ချင်း မတူကြချေ။

နောက်တစ်ခဏ ကြာသောအခါ လမင်းကြီးလည်း ကောင်းကင်ထက်တွင် ထိန်လင်းလာသည်။ ထိုအချိန်တွင် လေချွန်ပြီး အချက်ပေးသံကို ကြားလိုက်ရသည်။ ၎င်းနောက် ... ရောက်ရှိနေကြသော လူအားလုံးတို့မှာ မတ်တပ်ရပ်လိုက်ကြသည်။

မြက်ခင်းပြင်ပေါ်၌ လူနှစ်ယောက် ပေါ်လာသည်။

တစ်ယောက်မှာ အဘိုးအိုဖြစ်ပြီး ကျန်တစ်ယောက်မှာ လူငယ်တစ်ဦး ဖြစ်သည်။ အဘိုးအိုမှာ ရှင်အုံးဖြစ်ပြီး လူငယ်မှာမူ မင်းသားလီအီပင် ဖြစ်သည်။

'ကေရာစ်ကြီး ... သက်တော်ရာကျော် ရှည်ပါစေ'

ဝိုင်းအော်၍ လမ်းဖယ်ပေးကြသည်။ သူတို့သည် လူပုံအလယ်သို့ ရောက်လာကြသည်။

ရှင်အုံးသည် မင်းသားလီအီ လက်ကို ဆွဲပြီး ပရိသတ်အားလုံးကို မျက်စိကစားကြည့်လိုက်၏။ ထို့နောက် လက်ခုပ်သံများ ရပ်သွားအောင် စောင့်ပြီးမှ လေအေးအေးဖြင့် ပြောသည်။

'ကျုပ်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က .... အများဝိုင်းဝန်းချီးမြှင့်မှုကြောင့် သိုင်းလောက ကေရာစ် ဖြစ်လာရတယ်၊ ဒီဆယ်နှစ်

အတွင်းမှာ ဘာတစ်ခုမှ မယ်မယ်ရရ မစွမ်းဆောင်နိုင်တာကြောင့် ကိုယ့်လိပ်ပြာ ကိုယ်ရှက်မိတယ်၊ အခု တာဝန်ထမ်းဆောင်ဖို့ သတ်မှတ်ထားတဲ့ အချိန် ပြည့်ပါပြီ၊ အသက်အရွယ်ကလည်း ရင့် ဖြစ်လာတဲ့အတွက် သိုင်းလောက ဧကရာဇ်ရာထူးကို သင့်တော်တဲ့သူကို ပေးဖို့ ထိုက်ပါတယ်၊ အခု ... တိုင်းပြည်အတွင်းမှာ ဆူဆူပူပူ ဖြစ်နေတာကြောင့် ဧကရာဇ်ရဲ့ တာဝန်ကို ယှဉ်ရွယ်သူကို အပ်မှ သင့်တော်လိမ့်မယ်လို့ ထင်မြင်မိပါတယ်၊ ဒါကြောင့် ... ဟောဒီတူတော်မောင် လိအိဟာ သေနင်္ဂဗျူဟာကျမ်းကို ကျွမ်းကျင်တဲ့လူ ဖြစ်တယ်၊ ရည်ရွယ်ချက်လည်း ကြီးမားတယ်၊ သိုင်းလောကက ပုဂ္ဂိုလ်တွေ ဦးဆောင်ပြီး ဟိုးလေးတကျော်ဖြစ်မယ့် လုပ်ငန်းကြီးကို လုပ်ဖို့ ကြံနေတာနဲ့ ကြုံကြိုက်နေပါတယ်၊ လိအိဟာ ကာယရော ဉာဏပါ အားကောင်းပါတယ်၊ ဧကရာဇ်အဖြစ် သူ့ကို တင်မြှောက်စေချင်ပါတယ်'

ရှင်အုံး မိန့်ခွန်းပြောအပြီးတွင် ဆူဆူညံညံ ဖြစ်သွားကြသည်။ ဆရာလုစန်တို့လူစုက ဝမ်းသာအားရနှင့် အော်ဟစ်ကြ၏။ အသံကုန်အော်ပြီး ထောက်ခံကြသည်။ လူအချို့ကမူ တီးတိုးဝေဖန်ကြသည်။

'လူတိုင်းမှာရှိတဲ့ ဆန္ဒကို ထုတ်ဖော်ပြောဆိုနိုင်ပါတယ်'

ရှင်အုံးက ကြေညာလိုက်ရာတွင် ဟိုနန်ပြည်နယ်၊ ဝေးမြို့မှ ချူယွမ်က မတ်တတ်ရပ်လိုက်သည်။

'ဧကရာဇ်အဖြစ် ရွေးကောက်တင်မြှောက်တယ်ဆိုတာ ပေါ့သေးသေး ကိစ္စ မဟုတ်ပါဘူး ... ဖြည်းဖြည်းမှ ဆွေးနွေးလည်း ဖြစ်



ပါတယ်၊ ဒီ ... နောင်တော် လိအိဟာ ဧကရာဇ် ရွေးပွဲကို တက်ရောက်နေပါတယ်၊ လူအတော်များများက သူ့အကြောင်းကို မသိကြသေးပါဘူး ... ဒီအထဲမှာ ကျုပ်လည်း ပါတယ်၊ ကျုပ်တို့ အမြင်ရှင်းသွားအောင် သူ့ရဲ့စွမ်းရည်ကို ထုတ်ဖော်ပြပါလို့ တောင်းဆိုချင်ပါတယ်'

အစဉ်အလာအရ ဧကရာဇ် ရွေးပွဲသို့ ဝင်ရောက်အရွေးခံသူမှာ သိုင်းလောကတွင် နာမည်ရရှိပြီး လူတကာ လေးစားသော ပုဂ္ဂိုလ်ဖြစ်ရမည်။ သို့မဟုတ်ပါက အဖွဲ့သားများ၏အစစ်အဆေးကို ခံယူရပြီး အရည်အချင်းပြည့်ဝမှသာ ဧကရာဇ်အဖြစ် တင်မြှောက်ရပါသည်။

'ကိုင်း .... တူမောင်၊ မင်းရဲ့ လက်စွမ်းကလေးကို ပြလိုက်စမ်းပါဦးကွယ် ....'

ထိုအခါ မင်းသားလိအိသည် ခါးကုန်းလိုက်ပြီး လက်ချောင်းနှစ်ချောင်းဖြင့် မြက်အပြားတို့ကို ကပ်ကြေးနှင့် ကိုက်လိုက်သလို တိခနဲ ဖြတ်ပြလိုက်သည်။ ထိုစဉ် ...

'ဟာ .... မီးစုန်း တောက်စားတယ်ဟေ့ ...'

ထက်ကောင်းကင်၌ မီးဖွားကလေးများသည် ဟိုမှ သည်မှ လှုပ်ရှားသွားလာနေကြသည်။ အချို့ ကြွေကျလာသည်။

မင်းသားလိအိသည် ကောင်းကင်သို့ မော့၍ ကြည့်နေလေသည်။ ထိုအခါ တစ်ယောက်သောသူက ....

'ဒီနောင်ကြီးဟာ .... မီးစုန်းတောက်စားတာကို မတွေ့ဖူးဘူးထင်တယ်'

'လက်စွမ်းဟာ ဒါကလေးပဲလား၊ မီးစုန်းတောက်စားတာကို ကြည့်ပြီးမှ ထပ်ပြမှာလား'

မီးစုန်း တောက်စားသော ရှခင်းသည် ဝုဝေတောင်၏ အုံ့ဩစရာ ရှခင်းတစ်ရပ် ဖြစ်သည်။ ညအခါတွင် ပေါ်လာ၍ ... ကြယ်ကြွေသလို တောင်ပေါ်သို့ ကြွေကျတတ်သည်။

ငှင်းအချိန်၌ မီးစုန်းတို့မှာ အလုံးတစ်ရာကျော်ခန့် တောက်စားနေသည်။ မီးစုန်းတို့တွင် အဆိပ်ရှိသည်။ အန္တရာယ်မကြီးမားလှသော်လည်း အထိမခံလိုသောကြောင့် ကြွေကျလာသော မီးစုန်းတို့ကို ရှောင်ကြသည်။

သို့သော် ... ယခုအချိန်တွင် အစည်းအဝေး ကျင်းပနေခြင်းကြောင့် ရှောင်ရှားရန် ဖြစ်သော်လည်း မြက်ခင်းကျယ်ကျယ် မရနိုင်ခြင်းကြောင့်တစ်ကြောင်း၊ သတ္တိကြောင်ရာကျမှာက ထစ်ကြောင်းတို့ကြောင့် ပေကပ်နေကြခြင်း ဖြစ်သည်။

လီအီသည် ကောင်းကင်ပေါ်သို့ မော်ကြည့်ပြီး ပြုံးလျက် ...

'ဒီလို ထူးဆန်းတဲ့ ရှုခင်းမျိုးကို မြင်ရဖို့ ခဲယဉ်းတယ်၊ ဒါပေမယ့် ဒီရှုခင်းကို နှင်ထုတ်လိုက်မယ်'

မင်းသားလီအီသည် သူ့လက်ထဲမှ မြက်ပင်ကလေးများကို မြားကလေးများသဖွယ် ပစ်လွှတ်လိုက်သည်။ ခဏအတွင်းမှာပင် မီးစုန်းကောင်ရေ တစ်ရာကျော်တို့မှာ မီးဖွားကလေးများ ဖြစ်သွားကြပြီး ပျောက်ကွယ်သွားကြလေတော့သည်။



'ဖျောင်း ... ဖျောင်း ... ဖျောင်း ...'

သြဘာပေးသံများ ဆူညံသွားသည်။ ဆရာလုစန်တို့သာမက မင်းသားလီအီကို အထင်သေးခဲ့သော လူစုအချို့ပင် လေးစားလာကြသည်။ မီးစုန်းတို့ လှုပ်ရှားသွားလာနေသည်ကို ထိအောင်ပစ်ဖို့ဆိုသည်မှာ ခက်ခဲလှသည်။

တစ်ချိန်တည်းမှာ မီးစုန်းအများအပြားကို ထိမှန်အောင် ပစ်ရန်ဆိုသည်မှာ စဉ်းစား၍ပင် မရနိုင်ပေ။

ပထမဦးဆုံးပင် ချူယွမ်က ထောက်ခံစကားပြောလိုက်၏။

'ဖျောင်း ... ဖျောင်း ... ဖျောင်း ...'

လက်ခုပ်တီးသံများ ဆူညံသွားသည်။ ထိုအချိန်တွင် ဆရာလုစန်တို့ လူစုသာမက လူကိုးဆယ်ရာနှုန်းခန့်က မင်းသားလီအီကို သိုင်းလောကဧကရာဇ်အဖြစ် ရွေးကောက်တင်မြှောက်ရန် ထောက်ခံလာကြသည်။ ထိုသို့ မမျှော်လင့်သော အချိန်တွင် ... လူတစ်ယောက် ထလာပြီး အသံကျယ်ကျယ်ဖြင့် ....

'နောင်တော် လီအီရဲ့ လျှို့ဝှက်လက်နက်ပစ်တဲ့ စွမ်းရည်ဟာ လူတွေကို တုန်လှုပ်ချောက်ချားသွားစေနိုင်တဲ့ စွမ်းရည် ဖြစ်ပါတယ်၊ ဒါပေမယ့် ... နောင်တော်ရဲ့ ကာယစွမ်းရည် သိုင်းပညာကိုလည်း ကြည့်ရှုချင်ပါတယ် ...'

စကားထပြောသူမှာ ရှန်တုန်ပြည်နယ်၊ ယင်မာချွမ်ဒေသမှ ကျွီတင့် ဖြစ်သည်။ တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက် ဖြစ်သည်။

မြက်ခင်းပေါ်တွင် မားမားရပ်နေသည်။

အသံအက်အက်ဖြင့် တစ်ယောက်သောသူက ...

'ဟား ... ဟား ... ဟား ... ဧကရာဇ်လုပ်မယ့်လူဟာ မင်းသားလို နေလို့မရဘူးဗျ ...'

'ဒီမိတ်ဆွေ ပြောတာမှန်ပါတယ်၊ သိုင်းလောက ဧကရာဇ်ရွေးပွဲမှာ စွမ်းရည်ချင်းဖလှယ်သင့်တယ်၊ တူတော် လီအိ ...'

ရှင်အုံးသည် ကျိုတင့်၏ ပညာစွမ်းကို မထင်မသေးဝံ့သောကြောင့် မင်းသားလီအိကို မသိမသာ သတိပေးလိုက်၏။

ချောင်းမြောင်းကြည့်ရှုနေသော ဝမ်းအေမှာ တအံ့တသြ ဖြစ်သွားသည်။

'ဒီလူကြီးဟာ မြေစွမ်းလက်စွမ်း ယှဉ်ပြိုင်ဖို့ ပြောပြီး ဘာဖြစ်လို့ မြက်ခင်းပေါ်မှာ မယှဉ်ပြိုင်ဘဲနဲ့ ကျောက်တုံးကြီးပေါ် တက်သွားရတာလဲ'

ဝမ်းအေ စဉ်းစားနေခိုက်မှာပင် .... ကျိုတင့်က ကျယ်လောင်သော အသံဖြင့် ....

'ခင်ဗျားလည်း ဒီကျောက်တုံးကြီးပေါ်ကို တက်လာခဲ့ပါ'

'ကောင်းပါပြီ ...'

မင်းသားလီအိသည် ကိုယ်ကို မလှုပ်ရှားဘဲ ခြေဖျားကလေးကို တစ်ချက်ထောက်လိုက်သည်နှင့် ကျောက်တုံးပေးသို့ ရောက်သွားသည်။ မင်းသားလီအိသည် သူ၏ အဆင့်မြင့် ကိုယ်ဖော့ပညာကို



အသုံးပြုလိုက်သည်။

'ဖျောင်း .... ဖျောင်း .... ဖျောင်း ....'

ဝိုင်းပြီး လက်ခုပ်တီး၍ ဩဘာပေးလိုက်ကြပြန်သည်။

ကျိုတင့်သည် ဂရုမစိုက်ဘဲ နေသည်။ မင်းသားလီအိ၏ အရပ်အမောင်းမှာ ကျိုတင့်ထက် ခေါင်းတစ်လုံးခန့် ပုနေသဖြင့် ကျိုတင့်က ငုံ့လိုက်ပြီး ....

'ကျုပ်တို့ ကျောက်တုံးပေါ်မှာ လက်သိုင်းပြိုင်မယ်၊ ကျောက်တုံးအောက် ကျသွားတဲ့လူက အရှုံး .... ဘယ့်နှယ်လဲ'

ကျောက်တုံးကြီး၏ အကျယ်အဝန်းမှာ သုံးလေးပေ ပတ်လည်ခန့်သာ ရှိ၏။

ကျိုတင့်၏ အတွေးမှာ ကိုယ်ဖော့ပညာ မည်မျှအစွမ်းထက်ထက်၊ ကျောက်တုံးပေါ်တွင်မူ ကိုယ်ဖော့ပညာထက် ... အင်အားကောင်းသူကသာ အသာစီးရမည်ဟု ထင်မှတ်သည်။

ကျိုတင့်သည် မင်းသားလီအိ စကားမပြောဘဲ ဆိတ်ဆိတ်နေသည်ကို ....

'ဟား ... ဟား ... ဟား ... ဘယ်လိုလဲ၊ မကြောက်ပါနဲ့ဗျာ၊ ကျွန်တော့်ဆီမှာ အရိုးကျိုးသွားရင် ကုသဖို့ ဆေးကောင်းဝါးကောင်း အသင့်ဆောင်ထားပါတယ်'

သူ၏ စကားအဓိပ္ပါယ်မှာ ... မင်းသားလီအိကို အထင်သေးသော စကားဖြစ်၏။ သူ၏ ရိုက်ချက်တစ်ချက် အမိခံလိုက်ရပါက

အရိုးကြေ အကြောပြတ်သွားမည်မှာ သေချာသည်ဟု ဆိုလိုခြင်းဖြစ်သည်။

လီအိက ဦးခေါင်းကို ခါရမ်းပြီး ပြုံးလိုက်သည်။

'ဒီလို အရမ်းတိုက်ခိုက်တာ မကောင်းပါဘူး၊ ကျုပ်တို့က ပညာဖလှယ်ရုံပဲ မဟုတ်လား'

'ဒါက တကယ့်သိုင်းစွမ်းအား ပြိုင်ကြတာပါ၊ အရမ်းတိုက်ခိုက်တယ်လို့ ပြောဆိုသုံးနှုန်းလို့ မရပါဘူး'

'ဒါဖြင့် ဘယ်လိုပြိုင်ကြမလဲ ဆိုတာ အမိန့်ရှိပါဦး'

'ခင်ဗျားက ကျုပ်ကို လက်သီးနဲ့ သုံးချက်ထိုး၊ ကျုပ်က ခင်ဗျားကို ပြန်မထိုးဘူး၊ တကယ်လို့ .... ခင်ဗျားက ကျုပ်ကို ကျောက်တုံးအောက်ကျအောင် ထိုးနိုင်ရင် ကျုပ်က အရှုံးပေးမယ်၊ ဒီလိုဆိုရင် ပိုပြီး မကောင်းဘူးလား'

ကျိတင့်က ပြောလိုက်ခြင်း ဖြစ်သည်။ သူက လီအိကို သေချာပေါက် နိုင်မည်ဟု တွက်ထားပုံရသည်။

လီအိက အလျှော့မပေးဘဲ ပြောသည်။

'ကျုပ်က .... အခုမှ ရောက်လာတဲ့ ဧည့်သည်ဖြစ်ပါတယ်၊ ဧည့်သည်က အိမ်ရှင်ကို ဦးစားပေးရမှာပါ၊ ဒါကြောင့် ခင်ဗျားက စထိုးပါ ... ကျုပ်က ခင်ဗျားကို ပြန်ထိုးဖို့ မလိုပါဘူး'

'ဟား ... ဟား ... ဟား ... တကယ်လို့ ကျုပ်က သုံးချက်ထဲနဲ့ ကျောက်တုံးအောက်ကို ခင်ဗျား ကျသွားအောင် မထိုးနိုင်ရင်



ခင်ဗျားကို ဒူးထောက်ပြီး သုံးကြိမ်ဦးချသွားမယ်'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကျိတင့်သည် လက်သီးဖြင့် ဘုန်းခနဲ မြည်အောင် ထိုးတည့်လိုက်သည်။

မင်းသားလီအိက ပခုံးဖြင့် ခံလိုက်သည်။ ထိုအခါ မင်းသားလီအိ၏ ပခုံးမှာ ဆီလူးထားသည့်ပမာ လက်သီးချက် ချော်ထွက်သွား၏။

'ကောင်းလိုက်တဲ့ ရှောင်ကွက်ကလေးပါလား'

ပြောသာပြောလိုက်သော်လည်း .... ကျိတင့်မှာ မကျေမနပ်ဖြစ်နေသည်။ မင်းသားလီအိက ပြုံးလျက် ....

'ခင်ဗျား ... ထပ်ပြီး ထိုးပါဦးလေ၊ ဒီတစ်ခါ ထိထိမိမိ ထိုးစေချင်ပါတယ်'

မင်းသားလီအိ၏ စကား ဆုံးသွားသည်နှင့် ကျိတင့်သည် လျှပ်တစ်ပြက် လက်သီးကို ထိုးသွင်းလိုက်ပြန်သည်။

'ဘုန်း .....'

မင်းသားလီအိ၏ ရင်ဘတ်ကို တည့်တည့်မတ်မတ် ထိသွားသည်။ အော်သံကိုလည်း တစ်ချက် ကြားလိုက်သည်။ ပရိသတ်မှာ လီအိတွင် ကြီးမားသော ဒဏ်ရာ ရသွားသည်ဟု အထိတ်တလန့် ဖြစ်သွားကြသည်။ သေသေချာချာ ကြည့်လိုက်ကြသောအခါ ကျိတင့်မှာ လက်သီးကို ပင့်မြှောက်ထားပြီး ကြက်သေသေနေသည်ကို တွေ့ရသည်။

မင်းသားလိအိသည် ... တမင်သက်သက် သူ၏လက်သီးကို တစ်ချက်အထိခံလိုက်ပြီး ခံနိုင်ရည်ရှိ မရှိကို စမ်းလိုက်ခြင်း ဖြစ်သည်။ ဒုတိယအချီ ထိုးသွင်းလိုက်မည့် လက်သီးကို စောင့်ပြီး အတွင်းအားကို ရင်ဘတ်၌ စုထားလိုက်သည်။ အား အားချင်း ပြန်ခံလိုက်ခြင်း ဖြစ်သည်။ ကျော်တင့် ထိုးလိုက်သော လက်သီးမှာ သံမဏိပြားကြီးကို ထိုးလိုက်ရသကဲ့သို့ ဖြစ်သွားခြင်းကြောင့် အသံထွက်အော်ရသည် အထိ နာကျင်သွားသည်။

အကယ်စင်စစ် .... အော်သူမှာ လိအိ မဟုတ်ပေ။ ကျော်တင့်သာ ဖြစ်နေချေသည်တကား။

မင်းသားလိအိမှာလည်း လက်သီးဒဏ်ကြောင့် ရင်ဘတ်တွင် အနည်းငယ် အောင့်သွားသည်။

လိအိသည် ချက်ချင်းပင် လေကို ရှူရှိုက်ပြီး အကြောအချင်တို့ကို လျှော့လိုက်သည်။ ထို့နောက် .... ပြုံးလိုက်လေ၏။

ကျော်တင့်မှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ပြီး အရှိန်ပြင်းစွာဖြင့် လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြန်သည်။

'ဘုတ် ...'

မင်းသားလိအိ၏ ဝမ်းဗိုက်ကို ထိသွားသည်။ သို့သော် ... လက်သီးထိသည့်နေရာမှာ ဝါဂွမ်းကဲ့သို့ ပျော့အိနေသည်။

ကျော်တင့်သည် အတော်ကလေး ထိတ်လန့်သွားပြီး လက်ကို ပြန်နုတ်လိုက်သည်။ မင်းသား လိအိက ပြုံးပြီး ...



'နောင်တော် ... ကျွန်တော့်ကို ခွင့်လွှတ်ပါနော် ....'

ပြောပြောဆိုဆိုဖြင့် မင်းသားလိအိက ကျော်တင့်၏ ဝမ်းဗိုက်ကို ကန်ထုတ်လိုက်၏။ ကျော်တင့်မှာလည်း ကျောက်တုံးအောက်သို့ ထိုးကျသွားလေတော့သည်။

'ဖျောင်း .... ဖျောင်း ... ဖျောင်း ....'

စွမ်းအားပြိုင်ပွဲ ကြည့်နေသော ပရိသတ်တို့သည် လက်ခုပ်တီးပြီး သြဘာပေးလိုက်သည်။ ကျော်တင့်သည် လူးလဲထလိုက်သည်။ မင်းသားလိအိကို ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်၏။

'ကျွန်တော် ရှုံးကျော်တင့် .... လေးစားပါပြီ ခင်ဗျာ ...'

မင်းသားလိအိသည် ကျောက်တုံးအောက်သို့ ခုန်ဆင်းလိုက်ပြီး ကျော်တင့်ကို ထူလိုက်သည်။

'နောင်တော်က ခြေချော်လက်ချော် ဖြစ်သွားတာ ... ယှဉ်ပြိုင်လို့ ရှုံးတာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ကန်တော့နေရတာလဲ၊ ညီတော် မခံယူဝံ့ပါဘူး'

ကျော်တင့်က ပြုံးရွှင်စွာဖြင့် ...

'ကျုပ်က ကနဦးထဲက .... စကားခံထားတယ် မဟုတ်လား၊ သုံးချက်နဲ့ ခင်ဗျားကို အလဲမထိုးနိုင်ရင် ဦးသုံးကြိမ်ချပါ့မယ်လို့၊ အခု ခင်ဗျားကို ကျုပ်က အလဲမထိုးနိုင်ရုံတွင် မကဘူး ... ကျုပ်ကို ခင်ဗျားက အလဲထိုးလိုက်တော့ နှစ်ခါပြန် ကန်တော့ဖို့တောင် ကောင်းတယ်'

'ဟား ... ဟား ... ဟား ....'

မွဲကြည့်ပရိသတ်မှာ ကျွဲတင့်၏ စကားနှင့် သူ့စိတ်ဓါတ်ကို အလွန်သဘောကျသွားသည်။ မင်းသားလိအိက ပြုံးလိုက်သည်။

'တကယ်တော့ ... ခင်ဗျားသာ အရိုးအရျည်ရှိတဲ့နေရာကို ထပ်ထိုးလာရင် ... ကျုပ်ခံဝံ့မှာ မဟုတ်ဘူး'

ရယ်မောသံများ အနည်းငယ်စဲသွားချိန်တွင် ....

'ကျုပ်ကလည်း ဧကရာဇ်သစ်ကို အားပေးတဲ့အနေနဲ့ စည်စည်ကားကား ဖြစ်အောင် တစ်ပွဲတစ်လမ်းလောက် ဝင်နွှဲလိုက်ဦးမှပဲ ...'

စကားသံနှင့်အတူ ... ပရိသတ်ထဲမှ လူရွယ် စာပေသမားယောင်ယောင် လူတစ်ယောက် ထွက်လာလေရာ ပရိသတ်မှာ အံ့ဩထိတ်လန့်သွားကြသည်။

✣✣✣✣✣

စာစဉ်(၁) ပြီး၏။

စာစဉ်(၂) ဆက်လက်ဖတ်ရှုပါရန်။

*တက္ကသိုလ် နေလင်းအောင်*